# မမသဒ္ဒါမောင်

## ရင်နှင့်အောင်မျှ

အချစ်
လုံးချင်းဝတ္ထုသစ်



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ပြန်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မမသဒ္ဒါမောင်

---

# ရင်နှင့်အောင်မျှ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀၇၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၀၅၀၉၁၁
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၁၊ ဒီဇင်ဘာ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျီတော်လမ်း မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ဈေး - ၁၆၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

မမသဒ္ဒါမောင် ၈၉၅.
ရင်နှင့်အောင်မျှ /မမသဒ္ဒါမောင် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၁ ။
၂၉၀ စာ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) ရင်နှင့်အောင်မျှ




**When hope dines, apportunity seldom attends to funeral.**

**(Charles' willium)**

မျှော်လင့်ခြင်းကင်းမဲ့ပါက အခွင့်ကောင်းသည်လည်း ပျောက်ဆုံးသွားမည်သာ...

(ချားလ်စ် ဝီလျံ)



## အခန်း (၁)

အခန်းထဲတိုးဝင်လာသည့် အလင်းရောင်ကြောင့် မျက်လုံးအစုံ ဖျတ်ခနဲဖွင့်လိုက်မိ၏။ မနက်တောင် မိုးစင်စင်လင်းနေချေပြီပဲ။ ရာထဲမှ လှူးလဲထကာ အနောက်ဘက်ပြတင်းတံခါးကို အသာဖွင့် က်မိပါ၏။ သူမတို့တိုက်ကို ကျောပေးဆောက်ထားသည့်တိုက်ကြီးက င်းပေါက်တစ်ပေါက်မှမဖွင့်သေး။

ဟိုအကလောင် အိပ်ပုပ်သိုးနေတုန်းပဲ ထင်ပါရဲ့။ သူကတော့ စဥ်ကတည်းက အခုချိန်ထိ သူမ လှမ်းနိုးရတဲ့တာဝန်အတိုင်း အပျင်း တတ်တုန်းပါလေ။ နှုတ်ခမ်းများက ပြုံးသွားရင်း နာရီကိုလှမ်းကြည့် မျက်စိကျယ်သွားရပါ၏။

အလိုလေး! မနက်ခြောက်နာရီတောင် ထိုးနေပါရောလား။

"ဒေါက်! ဒေါက်! "

"ယုရေ. . ."

"ရှင်. . ."

"နိုးပြီလား။ ဒီနေ့ Interview ဖြေရမှာလေ။ စောစောပြင်ဆင်မှပေါ့"

"ဟုတ်, ကိုကို"

မျက်နှာမသစ်၊ ရေမချိုးရသေးခင် သူ့ကိုနှိုးတဲ့အလုပ်ကို အရင်ဆုံးလုပ်ရမှာမဟုတ်လား။ အပြင်မှ ကိုကို့ခြေသံထွက်သွားတော့မှ အခန်းတံခါးကိုဖွင့်၍ ထွက်လိုက်ရပါ၏။ ဝရံတာတံခါးကို အသံမမြည်အောင် ဂရုတစိုက်ဖွင့်ကာ ပုံးလေးထဲထည့်ထားသည့် ကျောက်စရစ်ခဲသေးသေးလေးကို နှိုက်ယူလိုက်သည်။

တစ်ဖက်ခြံဝရံတာရှိ သံအမိုက်ပုံးကိုထိအောင် ပစ်လိုက်စဉ် 'တောင်'ခနဲမြည်သံက မနက်ခင်းမှာ ဆူညံစွာထွက်ပေါ်လာပါ၏။

အိုး!. . . ခုထိ တုပ်တုပ်မျှမလှုပ်ပါလားနော်။

"သမီး. . . ယု"

"ရှင်"





ကဲ, ယောင်ရမ်းထွက်သွားသည့်အသံက အိမ်ပြင်မှမဟုတ်လား။ ...တို့များ တစ်ခါခိုးလုပ်, တစ်ခါမိတော့တာလေ။

"ဘာလုပ်နေပြန်ပြီလဲ"

"လာပြီမေမေ၊ အဲဒီကောင်က ဒီလောက်နှိုးနေတာတောင် မထဘူး။ ဘယ်နှခုနှစ်က ကာလနဂါးသေပြီး ဝင်စားမှန်းမသိ"

ပွစိပွစိတီးတိုးရေရွတ်လျက် အိမ်ထဲပြန်ဝင်ခဲ့ရပါ၏။ ယုအကျင့်က ဘာပဲလုပ်လုပ် ပျက်ကယ်ပျက်ကယ်နှင့် တလွဲလုပ်တတ်လွန်းလို့မေမေနဲ့ကိုကို အမြဲသတိပေးနေတတ်တာလေ။

"ဟဲ့, ခုထိ ရေမချိုးရသေးဘူးလား။ ဒီမှာ သမီးစားချင်တယ်ဆိုလို့ ပဲပြုတ်နဲ့ထမင်းကြော်ပြီးလို့ ခေါ်နေတာလေ။ ထမင်းဆိုရင်လည်း ...မှစားချင်တယ်၊ အလုပ်လုပ်ရင်ဖြင့် လိပ်လိုနှေးကွေးပေါ့"

"ချိုးပြီ မေမေ. . . ချိုးပြီ"

ရေချိုးခန်းထဲဝင်ကာ ရေကိုတဗွမ်းဗွမ်းမြည်အောင် ခပ်မြန်မြန်ချိုးလိုက်ပါ၏။ ဘာလုပ်လုပ် ကြာလွန်းလို့ဆိုပြီး နောက်က မီးလိုက်ထိုးနေကြပေမယ့် ယုထက် သူက သာတောင်ဆိုးနေသေးတာလေ။

'သူ'ဆိုတာ ယုတို့နောက်ခြံမှာနေတဲ့ ယုရဲ့ကောင်လေးပါပဲ။ သူ့နာမည်က 'ညီညီဇော်'ပါ။ ညီအစ်ကိုသုံးယောက်ရှိတဲ့အနက်မှာ သူက

အမြဲလစ်လပ်နေတတ်တဲ့ အလတ်ပါပဲ။ ကိုကြီး 'ကိုကိုကျော်'က အင်ဂျင်နီယာဖြစ်ပြီး ငယ်လေး 'ငယ်ငယ်မော်'က ခုမှ ဆယ်တန်းဖြေမယ့် ကျောင်းသားလေးပါလေ။ (ငယ်လေးက သူ့နာမည်ကို မိန်းမနာမည်ကြီးဆိုပြီး မကြာမကြာညည်းညူလေ့ရှိပါ၏။)

ယုနဲ့သူက ဘွဲ့ရပြီး သင်တန်းတွေဆင်းပြီးလို့ အခုမှ အလုပ်လိုက်လျှောက်ကြသူတွေပါ။ နှစ်ဖက်စလုံးရဲ့ဖခင်တွေက ကုမ္ပဏီတစ်ခုတည်းရဲ့ Member တွေဖြစ်ကြပြီး သူငယ်ချင်းတွေလည်း ဖြစ်နေကြတာမို့ နှစ်အိမ်ထောင် ရင်းနှီးသမှုရှိကြပါ၏။

ယုရဲ့ကိုကို 'စစ်နိုင်'က ကိုကြီးထက် တစ်နှစ်ငယ်ကာ ကုမ္ပဏီမန်နေဂျာတစ်ဦးဖြစ်လေသည်။ အခုလည်း ဘယ်ကုမ္ပဏီကပဲ Form ခေါ်ခေါ် ယုတို့နှစ်ယောက်အတွက် မရရအောင် ယူလာပေးတာပါ။

အလုပ်လျှောက်လို့ ရမရကတော့ဖြင့် ယုတို့ကံပါတဲ့။

"ဟိုကောင်မလေး, မပြီးသေးဘူးလား။ ဒီမှာ နင်စားမယ့်ထမင်းကြော်ဒယ်အိုးကို 'မတူး'မွှေနေတာ ဒယ်အိုးပေါက်တော့မယ်"

"လာပါပြီ မေမေရေ့"

လေ့ကားထိပ်မှအောက်ထပ်ကို လှမ်းအော်ပြောလိုက်ပြီး ဝရံတာဘက်ထွက်ကာ ခဲဖြင့် နောက်ဘက်တိုက်ကို ထပ်ပေါက်လိုက်ပါ၏။ ဒီ





တစ်ခါ ကျောက်စရစ်ခဲက နည်းနည်းကြီးသွားတာမို့ အမိုက်ပုံးအသံက 'ဒေါင်'ခနဲ ခပ်ကျယ်ကျယ်မြည်သွားလေသည်။

နောက်ဖေးဝရံတာတံခါး ကျွီခနဲပွင့်လာတာမို့ လှမ်းကြည့်မိစဉ် သက်ပြင်းကိုဆောင့်ချလိုက်မိတော့၏။ ဒင်းမဟုတ်ပါလားနော်။

"မမ, ကိုလတ်ကို နှိုးနေတာလား။ နိုးပါလိမ့်မယ် အားကြီးကြီးဆင်အော်တောင် မနိုးတဲ့အိပ်ပုပ်သိုးကို"

"ဒါဆိုလည်း နှိုးပေးပါ ငယ်လေးရယ်၊ Interview သွားဖြေဖို့ အချိန်နီးနေပြီလို့"

"ခက်လိုက်တာ၊ သူ့သွားနှိုးရင် သားကိုအော်လွှတ်ဦးမှာ။ မမရဲ့ အီကြာတစ်ခြမ်းကလေ"

အငယ်လေးစကားကြောင့် ယု ပြုံးစိစိဖြစ်သွားရပါ၏။ ကိုကြီးနဲ့ကိုကိုက အကြီးတွေမို့ ယုတို့နှစ်ယောက်ကို သိပ်မပြောကြပေမယ့် ငယ်လေးကတော့ ယုတို့ကို နှစ်ခြမ်းပူးမှတစ်ချောင်းဖြစ်တဲ့ အီကြာကွေးလို့ပဲပြောတတ်တာလေ။

ငယ်လေးပြောလည်း ပြောချင်စရာဖြစ်နေတာကိုး။ ယု ဘယ်ပဲသွားသွား ညီက အမြဲလိုလိုပါနေတာလေ။

အလုပ်လျှောက်လို့ သူတစ်ယောက်တည်းရရင်လည်း မလုပ်ဘူး

ဆိုပြီး ထထွက်လာတတ်သလို ယုတစ်ယောက်တည်း ခန့်မယ့်အလုပ် ဆိုလည်း မလုပ်ရဘူးဆိုပြီး လက်ကနေ ဆွဲခေါ်လာတတ်တဲ့ အဲဒီလို လူ့ကန့်လန့်လေးပါ။ ဒါကြောင့်လည်း ကိုကိုက သူတို့ကုမ္ပဏီမှာ လုပ်နိုင်းရင် အမြဲနှစ်ယောက်တွဲမြင်ရမှာ မျက်စိနောက်လို့ဆိုပြီး မခေါ်တာပါလေ။

'နင်တို့နှစ်ယောက်ဟာ ဘယ်ဘဝက အမြွှာဖြစ်ခဲ့မှန်းမသိ။ တူကိုတူလွန်းတယ်' ဆိုပြီးလည်း ဝေဖန်ကြလေရဲ့။ ပြောသလိုလည်း ယုနဲ့ညီက အကြိုက်ရော စရိုက်ပါ တူပေတာကိုး။ ယုတ်စအဆုံး လူကြီးတွေက 'မင်းတို့နှစ်ယောက်က ဘာလဲ'လို့မေးတိုင်း Yes or No တိတိပပမဖြေတတ်တဲ့ မြူစိစိချာတိတ်နှစ်ယောက် ဖြစ်နေတာအမှန်ပါ။

"ဘာလဲဟာ"

တွေ့ပါပြီ။ ဆံပင်ဘုတ်သိုက်နဲ့ မျက်လုံးပွတ်ရင်း ထွက်လာသည့် သူ၏ဂျစ်ကန်ကန် မှုံ့ကုပ်ကုပ်ဖြင့် မေးသည့်လေသံက ရန်လိုသံပေါက်နေတာလေ။

"ခုမှထရလားဟဲ့၊ ငါနိုးနေတာဖြင့် ကြာလှပြီ။ အိပ်ပုပ်သိုး"

"ခုမှ ခုနစ်နာရီကျော်လေးပဲ ရှိသေးတာ၊ ဘယ်လိုဖြစ်ပြီး လောနေတာလဲ"





"မလောလို့ ရမလား။ ပြီးရင် နင်က အီလေးဆွဲပြီး လုပ်နေဦးမှာ။ Interview က ကိုးနာရီတစ်ခု၊ ဆယ်နာရီတစ်ခုနဲ့ ဆယ့်တစ်နာရီတစ်ခု၊ သုံးခုတောင် ဖြေရမယ့်ဟာ။ ကြိုပြင်ထားမှပေါ့"

"အဲဒါ ရှစ်နာရီမှထလည်း ဖြစ်တဲ့ဟာပဲ။ ငါက နင့်လို အချိန်အကြာကြီးယူရတဲ့လူမှမဟုတ်တာ"

"ဟဲ့ နင်ရေချိုးမယ့်အချိန်လည်း ယူဦးမှပေါ့။ ဒီက စေတနာနဲ့ ပြောနေတာတောင် မကြိုက်လည်း နေဟယ်၊ Breakfast စားပြီးရင် ငါ့ဟာငါပဲ သွားတော့မယ်။ ဒါပဲ"

ဆူဆူဆောင့်ဆောင့်ပြောပြီး အိပ်ထဲဝင်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ပါ၏။ ထမင်းစားခန်းထဲမှာ လူက စုံနေချေပြီ။ ဖေဖေရော မေမေနဲ့ကိုကိုက မနက်မှာ မုန့်နဲ့အရည်တစ်ခုခု (ဥပမာ-ကော်ဖီ) သောက်ပြီး တင်းတိမ်တတ်ကြပေမယ့် ယုကတော့ ဗိုက်ပြည့်သည့်ထမင်းပဲ စားတတ်တဲ့သူပါ။

ဟင်းချိုပန်းကန်လုံးလောက်လေးပဲ စားရစားရ ပူပူလေး စားလိုက်မှ တစ်နေကုန်ဘာလုပ်လုပ် အင်အားပြည့်သွားသည့်နှယ် နှစ်သက်မှုရှိပါ၏။ 'မိန်းကလေးဖြစ်ပြီး ဗိုက်ကားအောင် စားတတ်တဲ့, အံ့ဖွယ်သီမ'ဟု ကိုကို ထောပနာပြုသလိုပဲ ငယ်စဉ်ကတည်းက ရှိခဲ့တဲ့အကျင့်

တစ်ခုပါလေ။

"ဖေ့သမီး၊ ဒီ Sunday ပိတ်ရက်မှာ ဘာအသုပ် လုပ်ကျွေး မှာလဲ"

"ထမင်းနဲ့စားရအောင် ကန်စွန်းရွက်သုပ်ပေးမယ် ဖေဖေ။ နှမ်း ရယ် ဆီချက်မွှေးမွှေးလေးနဲ့ပေါ့. . . ကြိုက်လား"

"အေး၊ ကောင်းပါ့"

"လုပ်ပြန်ပြီ လိပ်သေလို့ဝင်စားသလို ဒီကန်စွန်းရွက်ပြုတ် ဖု ချွဲချွဲ နင်မို့ကြိုက်တယ်"

"အမယ်၊ မချွဲအောင် ခပ်စိမ်းစိမ်းလေးပြုတ်မှာပေါ့ ကိုကိုရဲ့ ကန်စွန်းရွက်စားရင် အဆိပ်အတောက်တော ပြေတဲ့ဟာ။ ယု သုတ် ပြီးမှ လာမပြည်းနဲ့"

"မစားပါဘူး။ နင်သုတ်လည်း နောက်ပေးက ဟိုကောင်က လာ လုစားဦးမှာ။ ဘယ်နှခါများ လောက်ဖူးလို့လဲ"

"ကိုကိုနော်၊ အလတ်ကို ဟိုကောင်လို့မပြောပါနဲ့။ ကိုယ့်ထက် အငယ်ကို"

"ဘာဖြစ်လဲ"

"ကြည့်! "





"ကဲပါ၊ ဘာမဟုတ်တာလေးနဲ့ မောင်နှမနှစ်ယောက် စကား များဦးမယ်။ ထမင်းပူတုန်း စားလေ၊ သမီးရဲ့။ ကိုကိုနဲ့ ကားကြုံလိုက်စီး မှာလား"

"မစီးပါဘူး မေမေကလည်း။ မေမေ့သား ဦးကပ်စေးက သူ့ ကားကို ပျက်မှာစိုးပြီး တွန့်တိုတတ်ပါဘိသနဲ့။ လိုင်းကားပဲစီးမှာ"

"လိုင်းကားတော့ မစီးပါနဲ့သမီးရာ။ Interview ဖြေမယ့်ရက် လေးတော့ Taxi စီးပါကွယ်။ မုန့်ဖိုးကုန်နေပြီမို့လို့လား"

မုန့်ဖိုးကုန်ပြီလား ဖေဖေမေးတော့ ကိုကိုက ယုကို မျက်စောင်း ခဲလေ၏။ ဘယ်ကြည့်ပါ့မလဲလေ၊ အိမ်မှာအလုပ်မရှိတဲ့သူဆိုလို့ မေမေ နဲ့ယုပဲ ရှိတာကိုး။ မေမေ့ကို ဈေးဖိုးသီးသန့်ပေးထားပြီး ယုအတွက် ဖေဖေရော ကိုကိုပါ မုန့်ဖိုးပေးရပါသည်။ ဖေဖေက သောင်းဂဏန်း လောက်ကို မမှုပေမယ့် မန်နေဂျာပေါက်စလေး ကိုကိုကဖြင့် လစဉ်မုန့် ဖိုးပေးတိုင်း လက်တုန်နေတာလေ။

"နှစ်ခုလောက်တော့ ကျန်ပါသေးတယ်"

"အဲဒါနဲ့ တစ်လလုံး ဘယ်သုံးလို့လောက်မှာလဲ။ ကြည့်ရတာ စစ်နိုင်၊ ဖေ့သမီးကို ဒီလမုန့်ဖိုးမပေးသေးဘူးထင်တယ်။ ဟုတ်လား"

"အံမေ့ခံထားတဲ့သူဆီက ယု အတင်းကြီးလိုက်မတောင်းပါဘူး

သေသေချာ ဒီလောက်တော့ အလိုက်သိတတ်ပါတယ်"

ကိုကို့မျက်နှာ ရှုံ့တွသွားတာကိုကြည့်ရင်း ကျိတ်ပြုံးလိုက်မိပါ၏။ အဲဒီလောက် ကပ်စေးနဲပုံနဲ့ ဒီဘဝ မိန်းမဖြင့် ရမည်မထင်ပါချေ။

"ငါမမေ့ပါဘူးကွ"

"အဲဒါဆိုလည်း ပေးပေါ့ကိုကိုရဲ့ အခုပဲ (၄)ရက်ရောက်နေပြီ။ ကိုကို့အိတ်ကပ်ထဲက Money တွေက Super Glue နဲ့တွေပြီး အပြင်ကိုခုန်မထွက်ချင်လို့ပဲ ဖြစ်လိမ့်မယ်"

"နင်နော်"

"ပေးလိုက်လေ သားရာ၊ ပြေးကြည့်မှ ဒီညီမလေးတစ်ယောက်တည်းပဲ ရှိတာကို။ မင်းမှမပေးရင် ငါ့သမီးကို ဘယ်သူ မုန့်ဖိုးလာပေးမှာလဲ"

"ဖေဖေ့သမီးက သူရသမျှမုန့်ဖိုး တစ်ခါမှစုတယ်ရယ်လို့ မရှိဘူး။ အားအားရှိ ဟိုကောင် လာတောင်းတိုင်း အနုမျောမရှိ ဖလွတ်ဆိုပြီး ထုတ်ပေးလိုက်ရော၊ လက်ထဲပိုက်ဆံပြတ်မှ ကိုကို့နည်းနည်းပေးဦး ဆိုပြီး ကျွန်တော့်ကိုပဲ အပူပြန်လာကပ်တာ။ နည်းနည်းမှ စေတနာမရှိချင်ဘူး"

ပိုက်ဆံမထွက်ချင်၍ ညစ်ကျယ်ကျယ်လုပ်နေသည့်သားဖြစ်သူ

အကျင့်ကိုသိနေပြီးသားမို့ မိဘနှစ်ပါးက ပြုံးမိကြလေ၏။ ယုတို့မောင်နှမက သူများမောင်နှမတွေလို တယုတယချစ်ခင်မှုမျိုး မရှိကြပေမယ့် ချစ်တာတော့ ချစ်တာပါပဲ။ ယုကို ညီ့နိုင်စားသမျှ ယုက ကိုကို့အပေါ် ပြန်ဗိုလ်ကျတတ်တာလေ။

ဥပမာ– ယုဆီကနေ ညီတစ်ယောက် ဘောပင်တို့ ဘာတို့ ယူသည်နှင့် ယုက ကိုကို့ဆီက ပြန်ယူတတ်သည်လေ။ သူ့အခန်းထဲကို ၁င်တာမကြိုက်သည့်ကိုကို့ဆီမှာ တစ်ခါခိုးဝင်လိုက်တိုင်း ထူးထူးဆန်းဆန်းတစ်မျိုး မြင်တွေ့ရတတ်ပါ၏။ ကိုကို့ထံမှာ အိမ်က ဘယ်သူမှမသိအောင် (သိုဝှက်ပြီး) စုဆောင်းထားတဲ့အရာတွေ အများကြီးရှိနေလေသည်။

"အမယ်! အလတ်က ယူသုံးပြီးရင် ယုကိုပြန်ပေးပါတယ်နော်။ အဲဒီလိုမပြောပါနဲ့"

"အောင်မာ, ဆယ်ကွေ့တစ်ကွေ့မှ ပြန်ပေးတာကိုများ စာရင်းသွဲထည့်နေသေးတယ်။ နင်ဟာလေ, နင့်အကောင်ထိရင် နည်းနည်းလေးမှကို မခံဘူး။ နင်တို့နှစ်ကောင်ကမှ အမြွှာပူးဖြစ်သင့်တာ"

"ကဲပါ သားရယ်၊ သူတို့နှစ်ယောက်က တစ်ရက်တည်း တစ်ချိန်တည်းမွေးခဲ့တာ၊ အမြွှာပူးလို့ပဲ လူတိုင်းထင်နေကြတာကို။ လိုက်ပြီး

ကပ်သပ်မပြောချင်ပါနဲ့။ ဒါနဲ့ သမီးတို့ Interview...က ဘယ်နှခု တုန်း''

''သုံးခု''

''ဟော! တစ်ရက်တည်းလား''

''ဟုတ်တယ်၊ တစ်နာရီခြားဖြစ်နေလို့ တော်သေးတယ်ဖေဖေရဲ့။ နှိပ်စက်မလွယ်ဘူး''

''အဲဒီသုံးခုလည်း သွားဖြေလို့ရမယ်မထင်ပေါင်။ တစ်ယောက် ရရင် တစ်ယောက်မရလို့ဆိုပြီး ဟိုကောင် ကမျက်ယမျက်လုပ်ပြီး ထ ပြန်လာကြဦးမှာ။ နင်တို့နှစ်ယောက်ကတော့ အလုပ်ကို ကလေးကစား သလို လုပ်နေကြပုံနဲ့ တစ်သက်လုံး အလုပ်ရမယ်မထင်ဘူး''

''ဟင်, ယုကိုများ မို့ချိုးမျှစ်ချိုးပြောနေတယ်။ ယု အလုပ်မရ လည်း ဘာဖြစ်လဲ၊ ကိုကိုအိမ်တစ်လုံးညည့်, ဖေဖေတို့အိမ်တစ်လုံးညည့်, ကို ကြီးအိမ်တစ်လုံးညည့်, ဦးဦးတို့အိမ်တစ်လုံးညည့် လိုက်ပတ်စားရုံပဲ''

''ငါက ဘယ်မှာ အိမ်ခွဲနေလို့တုန်း''

''အဲဒါ ကိုကို မိန်းမယူရင် ခွဲနေမှာပေါ့။ မသိဘူးမှတ်နေလား။ ကိုကိုဆီမှာ စုထားဆောင်းထားတဲ့ Steel အိုးခွက်ပန်းကန်တွေ အများ ကြီးရှိနေပြီဆိုတာ ယု သိသားပဲ''





''ဘာ! နင်. . . နင်''

''ဟဲ့! ''

ကဲ, မှတ်ကရောပေါ့။ ယုတို့မောင်နှမကို ကိုယ့်အခန်း ကိုယ်ရှင်း ကိုယ့်အဝတ် ကိုယ်လျှော်ဖွတ် မီးပူတိုက်တတ်အောင် မေမေလေ့ကျင့် ပေးခဲ့တာမို့ ယုတို့အခန်းကို မေမေဝင်လေ့မရှိပါချေ။

အရင်ကတော့ အဝတ်ပဲလျှော်လျှော်၊ မီးပူပဲ ထိုးထိုး၊ ယုကိုလာ ခိုင်းတတ်တဲ့ကိုကိုဆီက လုပ်အားခ သပ်သပ်တောင်းတတ်ပါ၏။ ရှင်း ရှင်းပြောရရင် ယုက အတော်အတ္တကြီးတဲ့ကောင်မလေးလို့ အပြစ်ပြော ခံရတဲ့သူပါပဲ။

ကိုယ့်အလုပ် ကိုယ်လုပ်တတ်ပါလျက် ဒီညီမကို ဗိုလ်လာကျတဲ့ အစ်ကိုကို ယုကလည်း ပြန်ပြီး Lesson ပေးတတ်တာလေ။ အခု ယု ပဲ အလုပ်လုပ်တော့မယ်ဆိုမှ မေမေကူဖော်လောင်ဖက်ရှိအောင် အမျိုး ညီက (၁၄ နှစ်အရွယ်) 'မိတူး'ကို ခေါ်ထားတာပါပဲ။

''သားက ဘာအတွက်နဲ့ အဲဒါတွေ ဝယ်စုရတာလဲ''

''မဟုတ်ပါဘူးမေမေရာ''

''ဟုတ်တယ်မေမေ၊ ကိုကို မိန်းမယူရင် ဘာမှဝယ်ဖို့မလိုအောင် ကို အတော်ပြည့်စုံနေပြီ, သိလား။ ကုတင်အောက်ထဲမှာ ထည့်ထားတာ

မှ အများကြီးပဲ''

''မိယု၊ နင်နော်''

''သားရေ. . . ဖေဖေ့သား အိမ်ထောင်ပြုရင် မင်းအတွက် လိုလေသေးမရှိအောင် ဖေဖေတို့က အကုန်ပြင်ဆင်ပေးမှာပေါ့။ ဘယ်လိုဖြစ်ပြီး အဲဒါတွေစုထားရတာလဲ''

''ဟင်းဟင်း. . . ကိုကို ကပ်စေးနဲပုံနဲ့ ဘယ်လိုမိန်းမမျိုးမှကြိုက်ရဲမယ်မထင်။ အဲဒီပစ္စည်းတွေ ယု ယောကျ်ားယူမှ အကုန်လက်ဖွဲ့လိုက်သိလား။ အလကားမဖြစ်စေချင်လို့ပါ''

''နင်တော့နော်''

ကိုကို့ကို လျှာထုတ်ပြလိုက်ကာ နောက်ဆုံးထမင်းကြော်တစ်ဇွန်းကို စားလိုက်ပြီး ထလိုက်ပါ၏။ မီးဖိုခန်းဘေဇင်မှာ ပန်းကန်နှင့်ဇွန်းကို ဆေးပြီး စင်ပေါ်မှောက်၊ ဇွန်းကို ဇွန်းခွက်ထဲထည့်ပြီးမှ ရေချိုးခန်းထဲမှာ သွားတိုက် ပလုပ်ကျင်း လုပ်လိုက်ပါသည်။

ဝတ်ထားပြီးသား Shirt ပုံစံ blouse နှင့် စကပ်ရှည်လေး ရေမစိုအောင် သတိထားပြီး ဆေးကြောကာ ပါးစပ်သုတ်ပြီးချိန်ထိ ဟိုကောင်ရဲ့အရိပ်အရောင်ကို မမြင်ရသေးပါချေ။ ဒင်းတော့ ရေစိမ်ကျွဲလုပ်နေပြီထင်ပါရဲ့။





''ငါမှတ်ထားတယ်''

ရေချိုးခန်းထဲ လိုက်ဝင်လာသည့်ကိုကိုက ယုကိုအံကျိတ်ကာ တီးတိုးပြောလိုက်လေ၏။ ဟီဟိ. . . သူများလျှို့ဝှက်ချက်ကိုဖော်ရတာ ဘယ်လောက်များ အရသာရှိပါလိမ့်နော်။

''ဘာကိုလဲ၊ မုန့်ဖိုးသုံးသောင်းပေးဖို့လား''

''မဟုတ်ပါဘူး။ နင် ငါ့အခန်းထဲ ဘယ်အချိန်လာမွှေသလဲ မသိတာကိုပြောတာ။ အေး၊ နင်နဲ့ငဖော့အကြောင်း ငါသိတဲ့တစ်နေ့ နင်တို့နာပြီမှတ်''

''ဟာဟ! အဲဒီတော့လည်း မင်္ဂလာဆောင်လုပ်ပေးရုံပေါ့ ကိုကိုရ''

''နင်နော်၊ မိန်းကလေးဖြစ်ပြီး ဣန္ဒြေကိုမရှိဘူး''

''ဟဲ့၊ ဟိုမောင်နှမနှစ်ယောက် ရေချိုးခန်းထဲမှာ ရန်ဖြစ်နေကြပြန်ပြီလား''

''ရန်ဖြစ်တာမဟုတ်ပါဘူး မေမေရဲ့။ စကားပြောနေတာပါ။ သွားတော့မယ်ကိုကို။ ဒီသုံးခုမှမရရင် ကိုကို့ကုမ္ပဏီမှာပဲ လာလျှောက်တော့မယ်.သိလား။ ကိုကြီးရဲ့ကောင်မလေးက ကိုကို့ Boss ရဲ့ Secretary လေ။ ယုတို့အတွက် သူ Form ယူလာပေးမှာတဲ့။ တာ့တာ''

ကိုကို့ကို စကားနှင့်အနိုင်ပိုင်းပြီး ထွက်လာခဲ့ပါ၏။ ယုတို့အိမ်မှာ ယုက အဆိုးဆုံးဖြစ်ပြီး ညီတို့အိမ်မှာလည်း ညီက အဆိုးဆုံးဖြစ်ပါသည်။ အကြီးကလည်း အကြီးမို့ အလတ်ကို ဦးစားပေးပေမယ့် ညီက ငယ်လေးကိုတော့ အလျှော့မပေးဘဲ ဗိုလ်ကျတဲ့သူပါပဲ။

သူတို့အိမ်မှာ စိခနဲ ပွည့်ပွည့်ဖြစ်နေရင် အဲဒါ ညီညီဇော်ဆိုတဲ့ မီးခဲလေးကြောင့်ဖြစ်သလို ယုတို့အိမ်မှာ ပွစိပွစိဖြစ်ကြရင် အဲဒါ ယုကြောင့်ပါလေ။ အဲဒီလို ညီနဲ့ယုက ကံကြမ္မာပါ တူညီနေကြတဲ့သူတွေပါပဲ။

"ဟဲ့, တစ်ယောက်တည်း သွားမလို့လား။ အလတ်ကိုစောင့်ဦးလေ သမီးရဲ့"

"သူ့ကိုနိုးတာ နှစ်ခါရှိပြီမေမေရဲ့။ ယုပဲ အမြဲတမ်းစောင့်နေရတာ စိတ်မရှည်တော့ဘူး။ သွားနှင့်တော့မယ်"

"အမယ်လေး. . . မယ်မင်းကြီးမရယ်၊ ညည်းတစ်ယောက်တည်း ထွက်သွားတာကို ဟိုမောင်မင်းကြီးသား သိရင် မေမေချစ်က သူ့တစ်ယောက်တည်း လွှတ်လိုက်ရသလားဆိုပြီး ပြဿနာရှာပါဦးမယ်။ တစ်ကုမ္ပဏီတည်း အတူလျှောက်တာကို စောင့်မှပေါ့"

မေမေက အိမ်ရှေ့ထိလိုက်လာပြီး ပြောနေပြီမို့ နှုတ်ခမ်းကို စု





သားလိုက်မိပါ၏။ တွေ့လား. . . ဒီသမီးကိုစိတ်ပူတာမဟုတ်တဲ့ ညီ စိတ်ဆိုးမှာကိုကြောက်လို့တဲ့လေ။ အဲဒီလို ဗိုင်းပြီးချစ်ကြတဲ့ ညီညီဇော်ပါပဲ။

ပြောမယ့်သာပြောတာ၊ ညီက သူတို့ညီအစ်ကိုသုံးယောက်ထဲမှာ အချောဆုံးနဲ့ အထွားဆုံး၊ အခန့်ဆုံးဆိုတာ အမှန်ပါပဲ။ ကိုကြီးလည်း ခန့်တာမှန်ပေမယ့် ညီက ပိုပြီးခန့်ချောသည်ဟု ယုမျက်စိနဲ့မြင်တတ်တာပါလေ။



## အခန်း (၂)

"အံမာ, ဒါက Interview သွားဖြေမယ့် Fashion style ပေါ့လေ။ အတော်လန်းနေပါလား"

"ဘယ်မှာလန်းလို့လဲ၊ ဝတ်နေကျ Style နဲ့ ဘာမှမကွာဘူး။ ဘောင်းဘီကနေ စကပ်ပဲ ပြောင်းသွားတာ။ လူကိုမပျောက်ချင်နေနဲ့"

"ကိုယ့်ဟာကိုယ် ပဲများရင် များတယ်ဝန်မခံချင်ဘူး။ Cover က ကြို့ယူထားသေးတယ်. . . အလယ်မ"

"ငါက ဘာမှ အလယ်မဟုတ်ဘူး။ အငယ်. . . အငယ်. . . နှင်ကမှ အလတ်ကောင်"

"လာပြန်ပြီလား အလတ်၊ အဲဒီအလတ်ဆိုတာ ငါ့ကိုအိမ်မှာ

ခေါ်တဲ့အမည်ပါဆိုနေမှ။ နင်မခေါ်နဲ့. . . ငါမကြိုက်ဘူး''

ဂျစ်ကန်ကန်ပြောလိုက်သည့်သူ့အပြောကို သဘောကျပြီး ယု ပြုံးလိုက်မိပါ၏။ ညီကတော့ ယုဆို သိပ်အနိုင်ကျင့် ဗိုလ်ကျလေ့ရှိသူ ကို။ လမ်းထဲမှထွက်လာတုန်းက ပြဿနာမရှိ လမ်းမကြီးရောက်တော့ လမ်းသွားလမ်းလာလူတွေကို ပြဿနာလုပ်တော့တာပါပဲ။

''ဘာကြည့်တာလဲ''

''ဟဲ့, ဘယ်လိုဖြစ်ပြီး လမ်းသွားလမ်းလာတွေကို ပြဿနာရှာ နေတာလဲ။ နင်ကတော့လေ''

''အဲဒါ နင့်ကြောင့်လေ၊ ဘာလို့ လူကြည့်အောင် ပြင်ဆင်လာ ရတာလဲ''

''ဟောကြည့်! Interview...သွားဖြေတာ ဒီလောက်တော့ သပ်သပ်ရပ်ရပ်ရှိဦးမှပေါ့ ညီရဲ့။ စုတ်တီးစုတ်ဖတ်နဲ့သွားရင် ဘယ်သူ က အလုပ်ခန့်ချင်မှာလဲ။ Use your brain.''

ယုနှုတ်မှ 'ညီ'ဆိုတဲ့အသုံးအနှုန်း လွှတ်ခနဲထွက်သွားတာမို့ သူ ကျေနပ်သွားပုံပင်။ မှုံတေတေပုံစံက မပျက်သေးပေမယ့် နှုတ်ခမ်းလေး ကွေးတက်သွားတာကို မြင်လိုက်ရတာကိုး။

ကားမှတ်တိုင်နှင့် ခပ်လှမ်းလှမ်းမှာ ရပ်လိုက်တာနှင့် သူက ယု





လက်ဖျားလေးကို အသာဆုပ်ကိုင်လိုက်ပါ၏။ အံမယ်! ဒါက ယုကို သူ ပိုင်တယ်ဆိုတဲ့သဘောပေါ့လေ။

''ညီနော်, လမ်းမကြီးပေါ်မှာ''

''လမ်းမကြီးပေါ်မှာမို့လို့ ဒီလိုကိုင်ထားတာပေါ့။ အိမ်မှာ လုပ် လို့မှမရတာ''

''ကြည့်ပါလား၊ စကားကိုဘယ်လိုပြောလိုက်တာလဲ''

''ဒီလိုပြောတတ်တဲ့ကောင်မှန်း နင်သိတယ်မဟုတ်လား။ လာ ပြီ, အဲဒီကားပဲ တားပြီးစီးကြစို့''

City Taxi အဖြူလေးကို သူလက်လှမ်းပြလျက် တားလိုက်ပါ ၏။ သွားမယ့်နေရာကိုပြောပြီး ဈေးညှိတာကအစ သူတစ်ယောက်တည်း လုပ်သွားလေသည်။ ယုတစ်ယောက်တည်း အပြင်ထွက်ရင် လိုင်းကား စီးလည်း စိတ်မချ၊ Taxi လည်း မစီးစေချင်နှင့် အဲဒီလိုမျှာမျှားတတ် တဲ့ညီပါ။ သူစိတ်အချဆုံးကတော့ ယုကို သူ့စက်ဘီးနောက်မှာ ထိုင်ပြီး လိုက်စေတာပဲတဲ့လေ။

''ရပြီ, လာလေ''

Platform ပေါ်မှာ ရပ်စောင့်နေသည့်ယုကို လှမ်းခေါ်လိုက်သလို လက်ကောက်ဝတ်ကိုပါ ဆုပ်ကိုင်ဆွဲပြီး ကားတံခါးဖွင့်လျက် တက်နိုင်း

လိုက်ပါ၏။ ညီ့ကို သူ့အိမ်မှာ 'သားဆိုး' လို့သတ်မှတ်ထားကြပေမယ့် ယုကတော့ ထိုသို့မမြင်ပါလေ။ လူတစ်ယောက်ဆီမှာ သူ့ကိုယ်ပိုင်ဗီဇနဲ့ ဉာဉ်ဆိုတာ ပါတတ်ကြတာ မှန်ပေမယ့် ရှင်သန်နေရတဲ့ဘဝအခြေအနေနဲ့ အချိန်အခါက အဲဒီလူရဲ့စိတ်ကို အရောင်ပြောင်းလဲစေတာပဲ မဟုတ်ပါလား။

ကိုကြီးရဲ့အောက်က အငယ်မို့ သူ့ကို အဝတ်အစားအကျပေးတိုင်း မဝတ်ဘူးဆိုပြီး ဂျစ်တိုက်ခဲ့တဲ့ကောင်လေးပါလေ။ သူ့အောက်မှာ ငယ်လေးကိုမွေးလာတော့ အန်တီမေတို့ သည်းသည်းလှုပ်ချစ်ကြတာကို မြင်တာနဲ့ ပိုဆိုးလာတော့တာပါပဲ။ အဲဒါနဲ့ အကြီးကိုလည်း ဗိုလ်ကျ၊ အငယ်ကိုလည်း အနိုင်ကျင့်တတ်တဲ့ ဂျစ်တူးလေးဖြစ်လာတော့တာလေ။

ယုနဲ့သူ, ချစ်သူဖြစ်တာကတော့ Fast Year တက်တုန်းကပါ။ State ကျောင်းမှာတုန်းကတော့ သူနဲ့ယုကို တစ်ကျောင်းလုံးသိထားကြတာမို့ ပြဿနာမရှိပါချေ။ တက္ကသိုလ်က Major ပေါင်းစုံ လာတက်ကြသည့်ကျောင်းသားတချို့ရဲ့ မထိတထိစနောက်ကြတာ၊ စာမြားတွေပစ်ကြတာ၊ သီချင်းစောင်းဆိုကြတာ၊ ပန်းလာထားတာ၊ White board ပေါ်မှာ စာရေးပြကြတာတို့က အစပျိုးပြီး သူ ဝုန်းဒိုင်းကြဲခဲ့တာပါလေ။





ယုဟာ သူများ Major က Queen ဘွဲ့ရထားသူတွေလို အလှဆုံးစာရင်းမဝင်ခဲ့ပေမယ့် ယုမျက်နှာကိုကြည့်လိုက်တာနဲ့ 'ချစ်စရာလေး' လို့ပြောချင်လာအောင် ဆွဲဆောင်မှုရှိတယ်လို့ (သူငယ်ချင်း) မိုမိုက ပြောဖူးပါ၏။ ယုကို တကယ်စိတ်ဝင်စားတာမျိုးလည်း ဖြစ်ချင်မှဖြစ်မှာကို သိသိကြီးနဲ့ သူပေါက်ကွဲတာကို ကြားထဲက အရှမ်းခံရသူက မိုမိုပါလေ။

မိုမိုက ယုကိုချစ်လို့ဆိုတာတောင် မချစ်ရဘူးဆိုပြီး ပိတ်ပင်တားဆီးခဲ့တဲ့ အဲဒီလိုကောင်လေးပါ။ ယုနဲ့သူ့ကို ဒီဘဝမှာ လက်တွဲဖော်ဖြစ်စေဖို့ လောကကြီးက ဖန်ဆင်းပေးလိုက်တာမို့ ယုကို သူပဲ ပိုင်သတဲ့။ သူ့ကိုကလွဲပြီး ဘယ်သူစိမ်းကိုမှ (ယောကျ်ားဖြစ်စေ, မိန်းမဖြစ်စေ) ချစ်ရဘူးဆိုပြီး အမိန့်ပေးခဲ့တဲ့ အတ္တကြီးကြီးလူငယ်လေးပါပဲ။

"ဘာပြုံးတာလဲ"

"ဟင်, ဘာလဲ"

"နင်တွေးပြီး ပြုံးနေလို့ သတိပေးနေတာလေ။ ဟိုဒရိုင်ဘာက နောက်ကြည့်မှန်ထဲက မြင်နေရတာကို သတိမထားဘူး"

နားနားကိုကပ်ပြောပြီး ကြိမ်းလေသည်မို့ မျက်နှာချင်း ထိလုတတ်ဖြစ်သွားပါ၏။ ယုက မျက်နှာလေး ရဲသွားရပြီး ခေါင်းကိုစောင်းထိုက်စဉ့် သူက ဘာမပြောညာမပြော ပါးကို ရွှတ်ခနဲမွှေးလိုက်လေ၏။

"ဟယ်! နင်နော်"

"ငြိမ်ငြိမ်နေရင် ငါဒီလိုဘယ်လုပ်ပါ့မလဲ။ ပခုံးချင်းထိထားတာကို ဖယ်ချင်နေတာကိုး"

ကဲ, ယုကပဲ အပြစ်ဖြစ်ရပြန်တယ်လို့။ ဒင်း ဗိုလ်ကျပုံကဖြင့် ဩချလောက်ပါရဲ့။ ကားဆရာက ရှေ့ကားနောက်ကားတွေ သတိထား မောင်းနေတာမို့ ယုကို ဘယ်ကြည့်နေပါ့မလဲ။ အဲဒီလိုရှာကြံပြီး အုက တိုတာတ်ပါလေရဲ့။

"နင်ကတော့ ကြာလေကြာလေ ဂျစ် Three ဖြစ်လာပြီ"

"ဘာလဲ ဂျစ်သရီး"

"နင့်အိမ်က နင့်ကို ဂျစ်တူးလို့ခေါ်ကြတာမဟုတ်လား။ အ ရာထူးတိုးတော့ ဂျစ်သရီးဖြစ်တော့မှာပေါ့"

"အဲဒီဂျစ်လေးကိုပဲ နင်ချစ်တာမဟုတ်လား"

"အံမာ! ချစ်ချင်စရာတော်တော်ကောင်းတာကိုး။ ဘယ်တေ မဆို ငါ့ကိုနိုင်စားတဲ့သူကများ ပြောရတယ်ရှိသေး"

"အဲဒါလေးတွေကိုပဲ"

"နင်နော်. Interview ဖြေရခါနီး ငါ့ကိုဒေါသထွက်အော လိုက်မစချင်နဲ့။ တကတည်းမှ လူကို သူမွေးထားတဲ့သမီး ထင်နေလ





မသိ။ လိုက်ချုပ်ချယ်နေတာ။ သူ့ကျ ရှိစီတွန်းတို့လမ်းကို လိမ့်ရတာနဲ့ သက်ထားခင်တို့ဆိုင်ရှေ့ကို ရောက်သွားရတာနဲ့ မေမိမောင်တို့အိမ်ရှေ့ အုတ်ခုံမှာ ဂစ်တာသွားတီးရတာနဲ့ အချိန်ကိုမရနိုင်ဘူး။ ငါ သိပ်ပြော ချင်တာမဟုတ်ဘူးနော်"

"အဲဒါ State ကျောင်းတုန်းက ဘော်ဒါတွေလေ ယုရာ။ ဘာ လဲ, ၂ ဝင်တာလား"

"ဝေးသေး"

သူက ယုကို စချင်တိုင်းစရ၍ ကျိတ်ရယ်နေပါ၏။ အလကား ကောင်. . . သူ့ကျ ကြည့်ချင်တဲ့ကောင်မလေး,ကြည့်၊ ဒေးချင်တဲ့ကောင် မလေး ဒေးလေ့ရှိပြီး ယုကိုကျ ဟိုဟိုဒီဒီလိုက်ကန့်သတ်နေတာ ဘယ် လောက်မုန်းစရာကောင်းလိုက်ပါသလဲ။

မိဘတွေကိုက သူ့အကြောင်းကို သိပြီးသားမို့ တော်ရုံ မျက်စိ မှိတ်၊ ပါးစပ်ပိတ်ထားတာကြောင့် ဒင်း ဤမျှအထိ ခေါင်းပေါ်တက်နေ တာပါလေ။ ယုကိုယ်တိုင်ကလည်း ငယ်သူငယ်ချင်းမို့ သည်းညည်းခံ နိုင်တာကလည်း တစ်ပြစ်ထင်ပါရဲ့။

"အဲဒါ ဝဏ္ဏတို့ ကောင်မလေးတွေ သွားကြူတာကို အဖော် လိုက်ပေးတာပါကွ"

"ရှင်းပြမနေနဲ့၊ စိတ်မဝင်စားဘူး"

"စိတ်ကောက်ရင် ထိပ်ခေါက်ခံရမယ်နော်"

"ထိဝံ့ ထိကြည့်ပါလား။ ငါက အသားလွတ်ငြိမ်ခံနေမယ်မထင်နဲ့"

"ကြည့်ကြသေးတာပေါ့လေ"

သူက ဖျတ်ခနဲ ယုနဖူးကို ငုံ့မွှေးလိုက်တာမို့ အံ့အားသင့်ကာ စိတ်တိုသွားရပါ၏။ ဒင်း ဒီနေ့ အရမ်းကို အသားယူလွန်းနေပြီလေ။ အောက်နှုတ်ခမ်းကို အသာဖိကိုက်ထားလိုက်ပြီး သူ့ပေါင်ကိုဆွဲဆိတ်လိုက်ပါ၏။ သူဝတ်ထားသည့်ဂျင်းသားက အထူမို့ အသားကိုမမိတော့၊ ခပ်လျောလျောရယ်သံက ဒေါသကို ပိုဆွပေးသည့်နှယ်ပင်။

"ကဲ! "

သူ့လက်ဖမိုးကို ဆွဲဆိတ်လိုက်တော့ နှာခေါင်းတစ်ချက် ရှုံ့ပြလိုက်ပြီး ပြုံးပြလိုက်လေသည်။ တကယ်ပါ, ညီဟာ အမြဲလိုလို မှုံကုပ်ကုပ် ဂျစ်ကန်ကန်နေတတ်တာမှန်ပေမယ့် စိတ်ပါလက်ပါပြုံးလိုက်လျှင်ဖြင့် နှစ်လိုဖွယ် အပြစ်ကင်းစင်လွန်းတာလေ။ ထိုအပြုံးလေးကပင် ယုရဲ့ကောက်ချင်ချင်စိတ်ကို အမြဲပြေစေခဲ့သည်ကို။

ဘယ်လိုပဲ သူ အပြစ်လုပ်လုပ်၊ အဲဒါကို ယုစိတ်ဆိုးပြီး စကား





ပြောရင် 'ယုကလည်းကွာ. . . ကိုယ့်ရင်ဘတ်ထဲ မင်းပဲရှိတာ သိရဲ့သား နဲ့'ဆိုပြီး ခပ်ညုညု Style နဲ့ လူကိုပစ်ကျအောင် စွမ်းဆောင်နိုင်သည်ကို။ အဲဒီလို အပျော့ဆွဲလေးနဲ့ ဆွဲတိုင်း ပါပေါင်း, ခွင့်လွှတ်ပေါင်းလည်း အခါခါမနည်းခဲ့ပါချေ။

"နှင်နှုတ်ခမ်းစူတာလေးကို ငါအရမ်းချစ်တာယုရဲ့။ သိရဲ့လား"

"နှင်နော်"

"ရောက်ပြီ, ဆင်းကြစို့"

ရှေ့ခန်းသို့ ကားခ လှမ်းပေးလိုက်ပြီး သူဆင်းပြီမို့ ယုပါ လိုက်ဆင်းလိုက်ရပါ၏။ ကုမ္ပဏီက တစ်ဖက်ခြမ်းမှာမို့ လမ်းကူးတော့ သူက ယုလက်ကိုဆုပ်ကိုင်ပြီးမှ လမ်းကူးလေသည်။ အဲဒီလို ယုအပေါ် ဂရုဘစိုက်ရှိလှတဲ့ကောင်လေးပါပဲ။

"ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်"

'ကျစ်! ကားလမ်းကူးရင် ဟိုဘက်ဒီဘက် ဂရုစိုက်ပြီးကူးလို့ နှင့်ကို ငါဘယ်နှခါပြောရမလဲ။ အဲဒီလက်ကနာရီကို တစ်နေ့ ဘယ်နှကြိမ်ကြည့်နေမလဲဟင်။ ဒါကြောင့် ငါစိတ်မချတာ"

"မျဉ်းဖြူကျမှ ကြည့်တာပါဟ့်"

"မကြည့်နဲ့၊ နှင့်ဘကြီးကားတွေ ပွတ်သွားမှ ရင်ကျိုးမှာ"

"ဘယ်သူ ရင်ကျိုးမှာလဲ"

"ငါ. . . ငါ. . . နင့်အသည်းတုံးကြီးလေ"

"ဟာဟ! "

"လုပ်ပြန်ပြီ၊ အဲဒီလျောင်ရယ်ဟန်မျိုး။ နင်နော်, ငါမကြိုက်တာတွေချည်း စွတ်လုပ်ချင်နေတာပဲ"

"ရှေ့လျှောက်လုပ်ပြဦးမှာလေ၊ နင့်ကိုကြီးရဲ့လေဒီ, မမကေသီရဲ့ကုမ္ပဏီ GM က အရမ်းချောတာတဲ့။ ဒီသုံးခုမှာမရဘဲ မမပြောတဲ့ ကိုကိုတို့ဆီမှာသာ့ရရင် အဲဒီ GM ကို ရအောင်ချိန်မှာ"

"ရပါလိမ့်မယ် အားကြီး။ နံပါတ် (၁၅)လောက် Small စာရင်းပဲ ဝင်လိမ့်မယ်"

"အံမာ, ကိုကို့ Boss က ခုမှ အသက်(၃၀)ကျော်ကျော်ပဲ ရှိသေးတာတဲ့"

"ယုယနော်, ငါ့စိတ်ကို လိုက်မဆွနဲ့"

သူ့အလှည့်ကျ စတာလေးကိုတောင် မနှစ်သက်တဲ့ကောင်လေး ပါပဲလား။ ယု ကျိတ်ရယ်တော့ သူက ယုဇက်ပိုးကို အသာညှစ်လိုက်လေ၏။ နာဘာထက် ယားတာကို ပိုမခံနိုင်တာမို့ ရှန်းမရဖြစ်ပြီး အော်လိုက်မိတော့သည်။





"အား. . . အလတ်နော်"

"ဘာ, အလတ်လဲ"

"နာတယ်ဟဲ့"

"အလတ်လို့ မခေါ်နဲ့ဆိုတာကို နင် နည်းနည်းမှလက်မခံဘူးဟုတ်လား"

"သူများတွေ ကြည့်ကုန်ပြီဟဲ့။ နင်ဟာလေ, လူတကာကို ဘယ်လိုနိုင်စားရမလဲပဲ အမြဲတွေးတယ်"

"ဘာဖြစ်လဲ. . . ငါ ဆိုးမှန်းသိသိကြီးနဲ့ ငါ့ကိုပိုင်းချစ်ကြတာပဲဟုတ်လား။ နင်က ပိုတောင်ပိုသေးတယ်, ဟုတ်"

မကျေနပ်ပေမယ့် ပြင်မပြောဖြစ်တော့ဘဲ မျက်စောင်းသာ လှည့်ခဲလိုက်မိ၏။ သူပြောတာလည်း ဟုတ်နေတာပင်။ မိဘတိုင်း သားသမီးတွေကိုချစ်ကြပေမယ့် ဆိုးတဲ့သားသမီးကို ဘာကြောင့်ပိုချစ်ကြပါသလဲ။ ယ်လေး ကျူရှင်ပြန်ချိန်နောက်ကျသည်ဖြစ်စေ၊ ကိုကြီး Meeting ၌ အိမ်ကိုပြန်ချိန် မိုးချုပ်သည်ဖြစ်စေ၊ အဲဒီနှစ်ယောက်ကိုစိတ်မပူဘဲ (၁၀၉, ၁၁၀) အလတ်ကောင်ကို ဘာကြောင့် ပူပန်ကြပါသလဲ။

'သမီးကို သူဘယ်သွားမယ်ပြောသွားသလဲ' ဆိုပြီး နောက်ဖေးပါက်ကနေ ယုဆီလှမ်းမေးတော့တာ ယုအသိဆုံးပါပဲ၊ အကြီးနဲ့အငယ်

က ဘယ်သွားသွား ပြန်ချိန်ကို အနည်းဆုံးခန့်မှန်းပြီး ပြောခဲ့လေ့ရှိပေမယ့် သူကတော့ ဘာမပြောညာမပြောနဲ့ အိမ်က စွတ်ခနဲထွက် စွတ်ခနဲပြန်ဝင်ကျင့်ရှိတဲ့ ဝင်ကစွတ်ကောင်လေးနယ်လေ။

ပြောတော့ သင်တန်းတွေကို အကြောင်းပြုပြီး ခြေရှည်ကာ လမ်းပေါ် လပ်လျှားလပ်လျှားလျှောက်တာ၊ လက်ဖက်ရည်ဆိုင် ညဉ့်နက်တဲ့အထိ ထိုင်တတ်တာ၊ ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ လမ်းထိပ်ကအုတ်ခုံမှာ ဝိုင်းစုပြီး ဂစ်တာတီးတာတွေဟာ ဘယ်ကနေ ဘယ်လိုပါလာတဲ့အကျင့်တွေမှန်းမသိ။

ဆေးလိပ်တွေ၊ အရက်တွေ၊ ကွမ်းတွေ စားတာမျိုးမဟုတ်လို့ ဦးဦးကလည်း သူ့ကိုဘာမှသိပ်မဆူ၊ သိပ်မပြောဖြစ်တာမို့ ညီဟာ မဆိုးတဆိုးသမားလေးလို ဂျစ်ကန်ကန် ညစ်ကျယ်ကျယ်နဲ့ ကြီးပြင်းလာတာအမှန်ပါပဲ။

အစ်ကိုပေါ်လည်း မနာလိုဝန်တိုသလို အငယ်အပေါ်လည်း သည်းညည်းမခံ ဗိုလ်ကျတဲ့ဉာဉ်က ယုအပေါ်မှာလည်း ထိုနည်းလည်းကောင်းပါလေ။ သူကြောက်တာဆို၍ ယုဖေဖေနဲ့ကိုကိုသာ ရှိပြီး သူ့အမေကိုမချွဲတတ်တဲ့ကောင်လေးက ယုမေမေကိုတော့ ပတ်ချွဲ နှပ်ချွဲလုပ်တတ်လေ့ရှိလေ၏။





"မေမေချစ် ဘာမှာလိုက်သေးလဲ"

"ဘယ်သူပဲရရ, ချေးမများဘဲ ဝင်လိုက်တဲ့"

"ရမလား. . . ကိုယ့်သမီးကို နည်းနည်းမှစိတ်မပူဘူး။ ဘယ်လိုအမေမှန်းမသိ"

"အဲဒီလို နင် ကဖျက်ယဖျက်လိုက်လုပ်နေလို့ ငါအလုပ်မရတာဟဲ့"

"အံမာ, ဘာကိစ္စ ငါ့ကိုအပြစ်တင်နေရတာလဲ။ နင့်အတွက်အန္တရာယ်မဖြစ်ရအောင် ငါ့မှာ အချိန်ကုန် လုပင်ပန်းခံပြီး လိုက်စောင့်ရှောက်ပေးတာကို ကျေးဇူးမတင်ဘူးပေါ့လေ"

"မေမေ့ကို စိတ်မကောက်ချင်ပါနဲ့ ညီရဲ့။ မေမေပြောတာလည်းမှန်တာပဲကိုး။ အသက်ဖြင့် (၂၀)ကျော်နေပြီ၊ ခုထိ ငါ့ကိုတစ်ယောက်တည်းမရပ်တည်တတ်ဘူးလားလို့ နေ့တိုင်းနီးပါး ဆူနေတာဟဲ့။ နင့်မိဘတွေက နင့်ကိုမပြောကြပေမယ့် ငါ့မိဘတွေက ကိုကို့ကိုသာ ဘာမှမပြောတာ၊ ငါ့ကိုတော့ အမြဲတမ်းလိုမှာရေးခြားရှိအောင် ဆုံးမသွန်သင်နေတာဟဲ့။ သိရဲ့လား"

သူက ယုပြောတာကို မကြားချင်ယောင်ဆောင်လျက် ကုမ္ပဏီဘုတ်ပြားတွေကို မော့ကြည့်ပြီး လျှောက်နေတာမို့ စိတ်တိုသွားရပါ၏။

အဲဒါတွေကြောင့် ယုနဲ့သူ မကြာခဏရန်ဖြစ်နေရတာလေ။

''ညီ, ငါပြောနေတာ ကြားရဲ့လား''

''ဘာလဲ, ဒီမှာ ကုမ္ပဏီနာမည် ရှာမတွေ့လို့ပါဆိုနေမှ၊ လက်ချိတ်ချင်တာ အစောကြီးကတည်းက ချိတ်ထားပါလား။ ဘယ်သူက တရားစွဲမှာမို့လို့လဲ''

''နင်နော်, ဒီနေ့ တော်တော့ကို အသားယူနေတယ်။ ကြည့်မရတော့ဘူးနော်''

''ပြေုးကပဲ ပြပြရတယ်ရှိသေး။ နင့်လက်ကို ငါကိုင်ထားတာလား. . . ငါ့လက်ကို နင်လာကိုင်တာလားဆိုတာလည်း သေချာကြည့်လိုက်ဦး''

သူက ခေါင်းငုံ့ကြည့်ကာ မေးငေါ့ပြနေသည်မို့ သူ့လက်မောင်းကို လှမ်းကိုင်မိလျက်သားဖြစ်နေသည့်လက်ကို ပြန်ရုပ်လိုက်မိ၏။ ယုစကားကို အာရုံမစိုက်တာမို့ သူ့လက်ကိုလှမ်းဆွဲလိုက်မိတာကိုများ တင်တင်စီးစီးပြောရတယ်လို့။

''သူကပဲ ပြောရတယ်ရှိသေး ကြီးကျယ်လိုက်တာ။ မကြိုက်ရင်လည်း မကိုင်ဘူးဟယ်''

''ကိုင်ပါ. . . ရပါတယ်၊ ကိုယ် ဒီလောက်မတွန့်တိုပါဘူး သည်း





ယ်''

''ဘာပြောတယ်''

သူ့လက်မောင်းကိုဆွဲဆိတ်လိုက်စဉ် အသံအကျယ်ကြီးထွက်မှာ [illegible]ပြီး အံကျိတ်ကာ ငြိမ်ခံနေလေ၏။ မှတ်ထား. . . နင် ငါ့ကို စကားနဲ့ နိုင်ကျင့်ရင် နင့်ကို လက်တွေ့ဖျင်းပြမယ် ညီရေ့။

''တွေ့ပြီ. . . တွေ့ပြီ၊ သုံးလွှာမှာကိုး''

''ဟုတ်လား, ဒီတစ်ခါ Interview ပြီးရင်တော့ ငါ့ကိုမလုပ်နဲ့ [illegible] မပြောနဲ့ဦးနော်''

''ပြောတော့ ဘာဖြစ်လဲ၊ ခုကတည်းက ငါ့စကားကို နင်နား [illegible]ထောင်ရင် လက်ထပ်ပြီးတဲ့အခါ ဘယ်လိုစခန်းသွားမလဲ။ ပြော''

''လက်ထပ်ပြီးရင်, ဟုတ်လား. . . ဟာဟ! နင်ကတော့ တကယ့် [illegible]ဘာသပဲ။ နင့်ကို ဘယ်သူကများ လက်ထပ်မယ်ပြောနေလို့လဲ''

''နင်နော်, ငါနဲ့ဒီလောက်အကြာကြီးတွဲပြီး လက်မထပ်ဘဲ ကျော [illegible]မကြံနဲ့။ နင် ငါ့ကိုလက်မထပ်ရင် နင့်ကိုအရှင်ထားလိမ့်မယ်မထင် [illegible] ယုရေ့။ သေရွာအထိ အပါခေါ်သွားမယ်မှတ်''

''မကြောက်ပေါင်''

သူ အံကျိတ်ကြိမ်းတာကို မမှုသလို ပခုံးတွန့်ပြလိုက်စဉ် ညီက

ယုခေါင်းကို လက်သီးဆုပ်နှင့် ပိတ်ထုလိုက်လေသည်။ Lift ရှိရာသို့ ရောက်လာရင်း ပြုမူလိုက်တာမို့ ဘေးဘီကိုသတိမထားမိလိုက်ပါချေ။

"Please wait."

တံခါးပိတ်ခါနီး အသံခပ်အုပ်အုပ်ဖြင့်ပြောပြီး ဝင်လာသည့်လူ တစ်ယောက်ကြောင့် အလယ်ခေါင်မှာ ရပ်နေရာမှ နောက်သို့အနည်း ငယ်ဆုတ်လိုက်မိပါ၏။

ကိုးနာရီထိုးနေပြီမို့ ရုံးချိန်ကြီးမှာ ဒီလူ ကုမ္ပဏီကို နောက်ကျ ပြီးမှ ရောက်လာတာပဲထင်ပါရဲ့။

ယုတို့မျက်စောင်းထိုးမှာ လာရပ်လိုက်သည့်လူက သုံးလွှာနံပါတ် ကိုပင် နှိပ်လိုက်သဖြင့် ထိုအထပ်က ဝန်ထမ်းပင်ဖြစ်မည်ဟု တွက်ဆ လိုက်မိပါ၏။ သေသပ်ကျနစွာဝတ်ထားသည့် Suit နှင့် Tie ကြောင့် ရာထူးကြီးကြီးမှန်း ယူဆမိလေသည်။

မြင့်မားသည့်အရပ်အမောင်း။ ဘေးတိုက်မြင်နေရသည့်မျက်နှာ ကျပုံ၊ ယောကျ်ားပီသပြီး ခန့်ထည်သည့်ပုံစံက အများထဲမှာ ထင်းပြီး ပေါ်လွင်နေတာအမှန်ပင်။

ဘေးဘီကိုတစ်ချက်လေးမှမကြည့်ဘဲ တံခါးဆီကိုသာ အာရုံစိုက် နေပုံက တည်ငြိမ်လေးနက်သည့်သူ့ Style ကို သိသာစေသည်လေ





ယု သတိထားပြီး ကြည့်မိတာကို သိသွားသည့်ညီက ယုကို မျက်လုံးပြူးပြီး အံကျိတ်ပြပြီး သူ့လက်မောင်းကြားထဲသို့ ယုလက်ကို ညှပ်ကာ ဝန်တိုကြောင်း ပြလိုက်တာကြောင့် ကျိတ်ပြုံးလိုက်မိလေ၏။



# အခန်း (၃)

"အဆင်ပြေရဲ့လား သမီး"

"မပြောချင်တော့ပါဘူး မေမေရယ်၊ ကိုးနာရီအင်တာဗျူးက မိပါတ်စဥ်နောက်ကျသွားတာနဲ့ ဆယ်နာရီခေါ်ထားတဲ့ကုမ္ပဏီကို လွတ်သွားတယ်"

"ဟောတော်, ဒါဖြင့် နှစ်ခုတည်းပဲ ဝင်ဖြေခွင့်ရခဲ့တယ်ဆိုပါဘော့"

"အင်းပေါ့၊ အဲဒီကောင်နဲ့အတူသွားနေရင်တော့ ဒီတစ်သက် ယုယ်တော့မှ အလုပ်ရမယ်မထင်ပါဘူး"

"ဘာဖြစ်လို့လဲ သမီးရယ်"

လက်ထဲကိုင်လာသည့် File ကို ညှော်ခန်းစားပွဲပေါ် ဘုတ်ခနဲပစ်ချလိုက်ပြီး ဆက်တီခုံမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်မိ၏။ သက်ပြင်းကိုဆောင့်အောင့်ချလိုက်မိပြီး မိတ္တူယူလာပေးသည့်သောက်ရေဖန်ခွက်ကို မနားတမ်းမော့သောက်လိုက်သည်။ ရင်ထဲမှာ အမောမပြေပါလားနော်။

"ကိုးနာရီမေးတဲ့ အင်တာဗျူးက လစာနည်းလို့တဲ့၊ ပြီးတော့ သူ့ကိုပဲခန့်တာ. . . ယု့မပါဘူး"

"ဘာဖြစ်လို့ သမီးက မရတာလဲ"

"သူတို့က ယောက်ျားလေးဝန်ထမ်းပဲ လိုတာတဲ့။ အဲဒါဆိုရင်လည်း သတင်းစာထဲကခေါ်ကတည်းက ယောက်ျားလေးများသာလို့ ခွဲပြီးခေါ်ရောပေါ့။ အဲဒီမှာ အချိန်ပုပ်သွားတာနဲ့ ဆယ်နာရီအခွင့်အရေးကို လွတ်သွားရတာလေ"

"ဒါဆို ဆယ့်တစ်နာရီကရော"

"ဟင်း. . . အဲဒီဆယ့်တစ်နာရီအင်တာဗျူးမှာ မေးတဲ့လူကြီးကယုကို သမီးလို့ခေါ်ပြီး သူ့ကိုနာမည်ပဲခေါ်လို့တဲ့။ ယုကို Phone ဆက်လိုက်မယ်လို့ပြောပြီး သူ့ကိုဘာမှမပြောတာနဲ့ မလုပ်ရဘူးဆိုပြီး ကန့်လန့်တိုက်တာနဲ့ တစ်လမ်းလုံးရန်ဖြစ်လာရတာပဲလေ။ အဲဒီကောင်ဟာ





ယ်လိုဉာဉ်မျိုးနဲ့ အန်တီမေ့ဗိုက်ထဲ ဝင်စားတယ် မသိပါဘူး မေမေ
ည်"

မေမေက ယု ညည်းတွားလိုက်တာကို ရယ်လေတော့၏။ တကယ် ညီ ခေါင်းဘယ်လောက်မာသလဲဆိုတာကို မွေးခဲ့ရတဲ့ အန်တီမေ ါ်မေမေသော်) အသိဆုံးမဟုတ်ပါလား။ ကိုယ်ဝန်ဆောင်တာလည်း ား ဗိုက်နာတာလည်း စောသည့် အန်တီမေဟာ ဆေးရုံကတင်ပေါ် မေမေ့ထက်အရင် ရောက်နှင့်ပြီး သုံးရက်လုံးလုံး ကလေးမမွေးဘဲ ာ်နာခဲ့ရသတဲ့။

မေမေက ဗိုက်ထဲ တစစ်စစ်ဖြစ်မှ ဆေးရုံကိုအမြန်ရောက်သွား း တစ်နာရီတောင်မကြာဘဲ ယုကိုမွေးတော့ ဒင်းက မေမေ့အရင် န်တီမေ့ဗိုက်ထဲက ခြေစုံကန်ပြီး ထွက်ခဲ့တာပါလေ။ စက္ကန့်ပိုင်းသာ းပြီး လူ့လောကထဲကို ရောက်ခဲ့သည့်ညီညီဖော်ဟာ ထူးထူးခြားခြား ကြွားသူဖြစ်ပြီး ခေါင်းမာချက်ကဖြင့် သူမတူအောင် အဆန်းတကြယ် င်သည့်ကောင်လေးတစ်ယောက်ပါပင်။

အဲဒီလိုခေါင်းမာတဲ့ကောင်လေးနဲ့ တစ်ရက် တစ်မနက်တည်း ဖြစ်ခွင့်ရခဲ့တဲ့ယုဟာ ကိုယ့်ကိုယ်ကို ကံကောင်းသလား ကံဆိုးသလား မသိဘဲ သူစိတ်တိုင်းကျခြယ်လှယ်သမျှ ဒဏ်ခံရသည့် ခပ်နုံနုံကောင်

မလေး ဖြစ်ခဲ့ရတာပါပဲ။

''သမီးရယ်, အလတ်က မေမေ့သမီးကို စိုးရိမ်ကြီးလွန်းလို့ အခု လိုလုပ်နေတာမျိုးပဲဖြစ်မှာပါ။ သမီးကိုယ်သမီးလည်း အသိဆုံးမဟုတ် လား။ လမ်းသွားရင် တခြားကောင်မလေးတွေက လှတပတမို့ ငေးကြည့် ကြတာ မုန်ပေမယ့် မေမေ့သမီးက ဖျတ်ခနဲ တစ်ချက်လေးကြည့်လိုက် မိတာနဲ့ ဘယ်သူမဆို ချစ်စနိုးဖြစ်သွားတဲ့ဆုနဲ့ ပြည့်နေတာလေ။ မေမေ တို့တောင် စိတ်မချတာ၊ အလတ်က သာပြီးပိုတာပေါ့ ယုရယ်''

''အာ. . . မေမေတို့စိတ်ပူတတ်တာ ယုလည်းသိပါတယ်မေမေ ရဲ့။ ဒင်းက ပိုကိုပိုလွန်းတာပါ။ လမ်းသွားရင် သူများကြည့်လို့ မကြိုက် တာ ထားပါတော့၊ ယု ခြံထဲဆင်းလည်း မကြိုက်, ဝရံတာထွက်ရပ်နေ လည်း မကြိုက်နဲ့၊ ဘယ်လိုကောင်မှန်းကိုမသိ။ သူ့အိမ်ကိုမြင်ရတဲ့ နောက်ဖေးဝရံတာကျ ထွက်တဲ့လေ''

မေမေက ယုကိုကြည့်ရင်း ပြုံးနေလေ၏။ ဖေဖေတို့သူငယ်ချင်း နှစ်ယောက် ဘယ်လိုခင်မင်ခဲ့ကြသည်မသိပါချေ။ ယုနဲ့သူကတော့ ငယ် စဉ်ကတည်းက ရန်ဖြစ်ဖက်ပါပဲ။ သူက ငယ်ငယ်တုန်းက ငပိန်လေး ဖြစ်ပြီး ယုက ဝဝဖောင်းဖောင်းလေးပါလေ။ ကျောင်းလာပို့ကြသည့် လူကြီးတွေက ယုကို 'ချစ်စရာလေး'ဆိုပြီး ပါးကို လိမ်ဆွဲကြတာ





မေမေက ဘာမှမပြောရပါဘဲ သူက 'မကိုင်နဲ့'လို့ အော်ခဲ့သတဲ့။

ကျောင်းမှာ နှစ်ယောက်စီ ထိုင်ရတော့လည်း သူက ယုနဲ့အတူ မထိုင်ရရင် စာမသင်ဘူးဆိုပြီး အတန်းပိုင်ဆရာမရှေ့မှာ မှုံကုပ်ကုပ် ဖြင့် လက်ပိုက်ရပ်ပြီး ဆန္ဒပြတဲ့အဆုံး၊ ပြောမနိုင်တော့မှ ရှေ့ဆုံးတန်း အလယ်ခုံမှာ နှစ်ဦးအတူ ထိုင်ခဲ့ရခဲ့တာအမှန်ပါ။ ဒါကြောင့်မို့လို့လည်း သူငယ်တန်းကတည်းက 'ယုယမေ'ဟာ 'ညီညီဖော်' ရဲ့ကော်ရုပ်လေး ဖြစ်ခဲ့ရတာလေ။

အတန်းကြီးလာတော့မှ (မှတ်မှတ်ရရ ခြောက်တန်းနှစ်မှာ) သူ နဲ့တစ်ခုံတည်း အတူထိုင်ခွင့်မရတော့တာပါ။ ဒါတောင် သူနဲ့လက်တစ် ကမ်းအကွာ လမ်းခြားပြီး ထိုင်ရတာပါပဲ။ မို့မို့နဲ့တွဲထိုင်ရတော့ မို့မို့ကို နောလိုတိုရှည်နဲ့ ရန်လုပ်ခဲ့တာ နှစ်တိုင်းပါပင်။ မိန်းကလေးအချင်းချင်း ဘီးတိုးတိုင်ပင်တာကိုလည်း အမြင်ကပ်သတဲ့လေ။

'နင်. ငါ့ယုကို ညာတာပါတေးနဲ့ မနမ်းနဲ့' ဆိုပြီး ငေါက်တုန်း က ရှစ်တန်းနှစ်မှာပေါ့။ မို့မို့မှာ သူ့ကိုအမြင်လည်းကပ်၊ ရယ်လည်း ရယ်ချင်နဲ့ မုန်းရခက်ကြီးဖြစ်ခဲ့ရတာပါ။ ကျောင်းသွားရင် သူနဲ့အတူ သွားပြီး ပြန်ချိန်မှာ မို့မို့နဲ့ယု လက်တွဲပြီး လမ်းလျှောက်တာကို အမြင် ကပ်တယ်ဆိုပြီး ကြားထဲက လိုက်လိုက်ဖြတ်ကျင့်ရှိတဲ့ကောင်လေးပါပဲ။

ဆံပင်ရှည်ဆိုတာ ယောက်ျားလေးတွေရဲ့ရင်ကို လှုပ်ခတ် ခုန် လှိုက်စေတဲ့ ဆွဲဆောင်နည်းတစ်မျိုးလို့ အယူသည်းပြီး ယုကို အမြဲ အတိုပဲ ညှပ်ခိုင်းခဲ့တာ ယခုအချိန်ထိလေ။ အလှပြင်တာ သူများအကြည့် ခံချင်လို့ (ပဲများတာ) တဲ့။ လှတပတ ဝတ်စားတာကလည်း လူ သတိ ထားမိအောင် တစ်နည်းဖမ်းစားတာဆိုလို့ သူနဲ့တူတဲ့တီရှပ်တွေ၊ စပို့ ရှပ်တွေကိုသာ ခုချိန်ထိ ဝတ်ရတာပါလေ။

ငယ်စဉ်ကတည်းက 'ငါ ဒီနေ့ ဘာရောင်ဝတ်မှာနော်'လို့ လှမ်း ပြောလိုက်တာနဲ့ အဲဒီအရောင်အတိုင်း လိုက်ဝတ်ရတော့ ယုတို့ကို မြင် သူတိုင်းက အမြွှာမောင်နှမလို့ပင် ထင်လိုက်ကြတာပါ။ 'ညီလေး ဘယ် လဲ' လို့ နှုတ်ဆက်တာ မရိုးသားဘူးဆိုပဲ။ ယုကိုလိုချင်လို့ သူ့ကို ညီ လေး ခေါ်တာဆိုပြီး ထိုလူကို အော်ဟစ်ပြောဆိုတတ်တာ သူ့အကျင့် လေ။

ထိုသို့ တစ်စက်မှထောင့်မကျိုးတဲ့ ကောင်လေးနဲ့ သူငယ်ချင်း (မဟုတ်သေးဘူး) ချစ်သူဖြစ်ခဲ့ရတာ ယုကံကောင်းတာတဲ့လား။ ကိုကို က 'နင်တို့နှစ်ယောက် ကြိုက်နေကြပြီလား'လို့ မေမေတို့ရှေ့ တီးခေါက် လိုက်တိုင်း 'ဘယ်ကသာ. . . ပေါက်ပေါက်ရှာရှာ' ဆိုပြီး လှည့်ပတ်ဖြေ တဲ့ယုလိုပဲ သူလည်း သူ့အိမ်မှာ ဤသို့ပင်လေ။ အဲဒီလို တိတ်တိတ်





လေးချစ်ကြတဲ့ချစ်သူနှစ်ယောက်မျိုး ဒီကမ္ဘာပေါ်မှာ စုံတွဲဘယ်နှတွဲ ရှိ သလဲဆိုပြီး ဂုဏ်ယူလေ့ရှိတာ ယုနဲ့ညီပါပဲ။

"ကဲ, နားချင်ရင် နားတော့လေ။ အမောပြေရင် ထမင်းစားဖို့ ပြင်တော့"

"မေမေနဲ့ မိတူးက စားပြီးပြီလား"

"ပြီးပြီပေါ့၊ အခုပဲ ဘယ်နှနာရီ ရှိနေပြီလဲ။ မွန်းတည့် (၁၂) နာရီတောင် ရှိပြီဟာ"

"ဆာလည်း စားလို့မဖြစ်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ မေမေရဲ့၊ မေမေ့မွေးစားသားက ပဲပြားသုပ် ားချင်တယ်ပြောလို့ ပဲပြား့ကြော်ရဦးမှာလေ။ ဒင်းက သူမလုပ်ရတိုင်း အမြဲတမ်း လူကိုခိုင်းစားနေတော့တာပဲ"

"သမီးကလည်း လုပ်ပေးချင်တာပဲမဟုတ်လား"

အမှန်မို့ မေမေ့ကို ဘာမှမပြောနိုင်တော့ပေ။ မေမေတို့ အန်တီ တို့တွေ မသိကြတဲ့ သူနဲ့ယုကြားက ဆက်သွယ်မှုကိစ္စတွေကို ယုသာ သိဆုံးမဟုတ်လား။ ယုဆီက မကြာခဏ ပိုက်ဆံယူသုံးတတ်ပေမယ့် အပေါ်မှာ သူ စေတနာရှိတာအမှန်ပါပင်။

လက်ဖက်ရည်ဆိုင်ထွက်သွားတိုင်း ပြန်လာရင် ယုဖို့ မုန့်တစ်ခု ခုတော့ ဝယ်လာတတ်ပါ၏။ ပေါင်မုန့်တွေ Cake တွေ စားတာကို သူ ဘာမှမပြောပေမယ့် ဆီးထုပ်စားတာမျိုး၊ နေကြာစေ့, ကွာစေ့ စားတာ မျိုးကိုတော့ 'မျောက်နဲ့တူတယ်. . . မစားနဲ့' ဆိုပြီး ပိတ်ပင်ထားလေ သည်။ ယုရဲ့ကောင်လေးက ယုကို သူ့စိတ်တိုင်းကျ ချယ်လှယ်လို့ရတဲ့ အရုပ်လိုပဲ သဘောထားတာပင်မဟုတ်ပါလား။

"ဟော!. . ."

ညဦးခန်း Phone က ရုတ်တရက်ထမြည်တာမို့ မေမေက ထ ကိုင်လိုက်ပါ၏။ ယုဆီ Phone လာရင် မို့မို့တစ်ယောက်တည်းသာ ရှိ ပြီး သူနဲ့ယုကတော့ နောက်ဖေးဝရံတာမှာ လှမ်းပြောဖြစ်ကြတာလေ။

"အေး, သား၊ ရှိတယ် ဘာပြောပေးရမလဲ။ မတက်သေးဘူး ပြောရင်ပြောလေ"

"သမီးရေ, အလတ် Phone"

"ဟာ. . . အခုပဲ လမ်းမှာ စကားများလာကြတဲ့ဟာကို။ မပြော ဘူး"

"ဟယ်. . . သမီးကလည်း မေမေက အောက်ထပ်မှာ ရှိသေး တယ် ပြောပြီးပြီကို။ သွားကိုင်လိုက်ချေ"





မေမေက Phone ကို ဘေးမှာချလိုက်ပြီး အိမ်ရှေ့ခြံဝင်းထဲ ဆင်းသွားပြီမို့ ခြေကိုဆောင့်၍ မတ်တပ်ရပ်လိုက်ရပါ၏။ ဒီမှာ အမော ဖြင့် မပြေသေးဘူး၊ လူကို ဟိုဒီနိုင်းစားဦးမှာပဲ ထင်ပါရဲ့။

"ကျစ်! ငါနော်. . . ဟဲလို"

"ယု. . . ကိုယ်ပါ"

"ဘာကိုယ်လဲ, ကိုယ်က စကားမပြောတတ်ဘူး၊ ခေါင်းကပဲ စကားပြောတတ်တာ နင်သိတယ်မဟုတ်လား"

"မင်းချစ်ချစ် Phone ဆက်တာ စကားကိုပြေပြေလည်လည် ပြောမှပေါ့ ယုရဲ့။ နင့်ဟာလေး ပြောရင်တော့ ထန်းလျက်ရည်ထဲမြုပ် နေတဲ့ မုန့်ကြာစေ့လေးလို ချိုချိုသာသာလေး ပြောတတ်မယ်မဟုတ် လား။ ဆက်ဆံရေးကျိုးတို့ကျဲတဲလုပ်ရင် နင့်ဟာလေးကို ငါ ပြဿနာ သွားရှာမှာနော်။ မလုပ်ဘူးမထင်နဲ့"

"နင်နော်, မို့မို့က သူ့ Store ဆိုင်နဲ့သူ မအားရတဲ့ကြားထဲကို ခင် သွားနှောက်ယှက်မယ်မကြံပါနဲ့။ အခုဘာပြောမှာမို့လဲ. . . ပြော"

သူက ယု သိပ်အမြင်ကပ်လွန်းသည့် ရုပ်ရှင်ထဲမှ ဗီလိန်တွေလို ခယ်ပြလိုက်တာမို့ အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်မိပါ၏။ ဒင်း ဒါတော့ ကြာလေကြာလေ မေတ္တာတုံးလာသလိုပါပဲလားနော်။

"နှင်း ပဲပြားကြော်နေပြီလား"

"မကြော်ရသေးဘူး"

"ဟာ! ပြန်ရောက်တာဖြင့် တစ်နာရီနီးပါးရှိနေပြီ။ ခုထိ ဘာမှ မလုပ်ရသေးဘူးလား"

ငါနော်၊ ကိုယ့်အားချိန်ကိုတောင် ကိုယ်မပိုင်ရလောက်အောင် ဒင်း ဝင်စွက်နေတာ တော်တော်လွန်နေပြီပဲ။ စိတ်ရှိလက်ရှိအော်လိုက် လို့ကတော့ နားကွဲကုန်တော့မှာလေ။

"မောလို့ထိုင်နေတာဟဲ့. . . မောလို့"

"ဘာမောစရာရှိလဲ၊ အသွားအပြန် Taxi နဲ့ စီးသွားကြတာကို ဟိုရောက်တော့လည်း ခုံမှာ ထိုင်စောင့်ပြီး မေးသမျှဖြေရတာ ဘာမှ မပင်ပန်းဘူး။ အပိုတွေ ပြောမနေနဲ့"

"အပိုပြောတာက နှင်းဟဲ့၊ ညီညီဇော်ရဲ့။ ဒီမှာ မောတာမပြေ သေးဘူး။ ငါ့ကိုဖိဟောက်နေတာပဲ"

"နှင်းနော်၊ ငါ့ကို နာမည်အရှည်မခေါ်နဲ့လို့ ပြောထားတာ မေ့ ဘူးလား။ အဲဒါဆို မောင်လို့ပြောင်းခေါ်ခိုင်းမှာနော်"

"အံမာ. . . ငါက ဘာကိစ္စ အဲဒီလိုခေါ်ရမှာလဲ။ ဝေးသေးတယ် တောင်ကုန်းပက်လက်ဖြစ်သွားတာတောင် မျှော်လင့်မနေနဲ့၊ ဒါပဲ"





"နေဦးလေ၊ ငါ့ကို ပဲပြားသုပ်ကျွေးရင် ပဲပင်ပေါက်ဟင်ခါးချက် နဲ့ မေ့နေမှာစိုးလို့ လှမ်းသတိပေးတာပါဟ"

"ကြီးကျယ်ပဲ့၊ ပဲပင်ပေါက်မရှိလည်း မြင်းခွာရွက်ဖြစ်ဖြစ် ချက် ပေးမှာပေါ့ဟဲ့။ ဒါပဲမဟုတ်လား"

Phone ကို ခွပ်ခနဲပစ်ချလိုက်ပြီး အိမ်နောက်ဘက်ကို မျက် မှောင်းခဲလိုက်မိပါ၏။ သူ့အခန်းက လှမ်းကြည့်ရင် ယုရဲ့အခန်းထဲကို ရော၊ ယုတို့အိမ် မီးဖိုခန်းကိုပါ မြင်ရလေသည်။ ယုအခန်းကတော့ လိုက်ကာ အမြဲဆွဲထားတာမို့ သူသိပ်ကြည့်လို့မရပေမယ့် မီးဖိုခန်းက ချက်တဲ့ပြုတ်တဲ့နေရာကိုတော့ ထင်းထင်းကြီးမြင်နေရလေ၏။

နဂိုကတည်းက ယောကျ်ားလေးဆန်ဆန် ဝတ်စားနေတတ်ပေ မယ့် ချက်ပြုတ်တဲ့မိန်းကလေးအတတ်ပညာကို ဝါသနာပါတာမို့ ယုဟာ ယောကျ်ားလျာလို့ စွပ်စွဲဝေဖန်လို့မရတဲ့သူပါပဲ။ အခုလည်း သူ စားချင် ဘာကို လုပ်ပေးရမှာမို့ အိမ်ပေါ်တက် အဝတ်အစားလဲကာ မီးဖိုခန်း သဲ ဝင်ခဲ့လေ၏။

ပဲပြားလေးထောင့်တုံးလေးနှစ်တုံးကို ကန့်လန့်ဖြတ်သုံးမြှောင့်ပုံ ိင်းပြီးမှ ထပ်ပါးကာ တစ်တုံးကို ခြောက်ပိုင်း ပါးပါးလေးလှီးပြီး ဆား နည်းနည်းဖြူးလိုက်ပါ၏။ ဆီဒယ်အိုးကို ပူအောင်တည်ပြီးမှ နနွင်းမှုန့်

ထည့်ကာ ပဲပြားကြော်လိုက်ပါသည်။

ခေါက်ဆွဲထဲမှရေရွှေးဖြင့် မန်ကျည်းမှည့်ဖျစ်ဖျစ်လေး ဖျော်ကာ ကြက်သွန်နီ၊ ခွာ၊ ဂေါ်ဖီ၊ ခွာ၊ ငရုတ်သီးစိမ်း ပါးပါးလှီးတာတို့ကို ခပ်သွက်သွက်လုပ်လိုက်ပါ၏။ ပဲပြားကြော်ပြီးတော့မှ ကြက်သွန်နီ ဆီသပ်ကာ ဒယ်အိုးကို ဖိုပေါ်မှ ချလိုက်ပါသည်။

ရေခဲသေတ္တာထဲမှာ ပဲပင်ပေါက် အဆင်သင့်ရှိနေတာမို့ ရေနွေး တစ်ခွက်စာ ကျိုကာ ပွက်ပွက်ဆူစေပြီး ပဲပင်ပေါက်၊ ကြက်သွန်ဖြူ ဆား၊ ကြက်သားမှုန့်၊ ခပ်ကာ အိုးချမှ ငရုတ်ကောင်းမှုန့် ဖြူးလိုက်ပါ၏။ စတီးဇလုံထဲမှာ အသုပ်၊ သုပ်စရာတွေကို အဆင်သင့်ထည့်ကာ ပဲမှုန့် အကျက်ထည့်၊ ပြင်ပြီးစဉ် နောက်ဖေးပေါက်ခြံတံခါးလေး ဂလန့်ဖြုတ် သည့်အသံကို ကြားလိုက်ရလေသည်။

ကိုယ်တော်ချောကတော့ Ready ဖြစ်တာနဲ့ ကြွလာပြီပေါ့လေ။

''ယုယသည်းနုမေ. . .''

''သေဦးမယ်၊ ငါ့နာမည်ကို လျှောက်မဖျက်ချင်နဲ့''

''မောင့်အတွက် စကောစကအချိန် စားစရာအဆင်သင့်ဖြစ်ပြီ လား''

''နင်နော်. ငါ့ကို အသည်းယားအောင် လာလုပ်မနေနဲ့။ အဲဒီ





မှာ နောက်ဖေးတံခါးက စေ့ရုံစေ့ထားတာလေ။ ဝင်ခဲ့''

''တစ်ခါတလေလေး ခေါ်ကြည့်ပါလား''

''အေး. ဒီဒယ်အိုးစာ ခံနိုင်ရင်တော့ ခေါ်ဖို့စိတ်ကူးမယ်၊ လာ ခဲ့''

ကိုင်းတံပါသည့် Fried Pan ကိုကိုင်လျက် ပြောလိုက်တော့ သူက ပြတင်းပေါက်ဝနား ရပ်နေလျက်မှ ပြုံးလိုက်ပါ၏။ ယု လက်သံ ပြောင်တာလည်း သူအသိပဲမဟုတ်ပါလား။

''ခေါ်ပါ ယုရဲ့၊ နင်ခေါ်ရင် ငါက ရှားရှားပါးပါး မုန့်ကျွေးမလို့ ပါ''

''ဘာမုန့်လဲ''

''နင်ကြိုက်တဲ့ လုံးမြီသီးလေ''

သူ့ကို ဒိုင်းခနဲမျက်စောင်းထိုးမိစဉ် သူက ဝယ်လာသည့် ဇွေး သီးထုပ်ကလေးကို မြှောက်ပြလိုက်လေ၏။



## အခန်း (၄)

"အငယ်မ"

"ဘာလဲ"

Lap top ဖြင့် စာစီနေရာမှ လှည့်ကြည့်လိုက်ပါ၏။ ကိုကိုက တော့ ပြန်လာတာနဲ့ ပြဿနာရှာတော့တာပါပဲလား။ ယောကျ်ားလေး ဆိုတာ ဆိုခဲစေမြဲစေလို့ သတ်မှတ်ကြပေမယ့် အဲဒီစည်းနဲ့ညီတာ ကို ကြီးတစ်ယောက်တည်းပဲ ရှိတာလေ။ ယုကိုကိုနဲ့ ညီကတော့ ပွစိပွစိနဲ့ ဘကယ်နားငြီးရတာအမှန်ပါပဲ။

"နင် ပြဿနာရှာထားတာ ပြန်ရှင်းပေး"

"ဟင်! ဘာပြဿနာလဲ ကိုကိုရ"

"နင်သွားချွန်လို့ ငါ့ဟာတွေကို မေမေသိမ်းသွားပြီကွ"

"ဘာဟာလဲ ကိုကိုရ၊ စကားကိုရှင်းရှင်းပြောမှပေါ့"

"ဘာရှိရမလဲ, ငါသိမ်းဆည်းထားတဲ့ အဖိုးတန်ရတနာဘူးတွေ ကို ကြွက်ကိုက်မှာစိုးလို့ဆိုပြီး မနေ့ကတည်းက လာသိမ်းသွားလို့ ကုန် ပြီ။ အခု စတိုခန်းထဲက နံရံကပ်ဗီရိုထဲ တန်းစီပြီး ရောက်သွားတာ ငါ ဘယ်လို ပြန်တောင်းလို့ ရတော့မှာလဲ"

အံကျိတ်ပြောနေသည့် ကိုကို့မျက်နှာနီနီကိုကြည့်ကာ မအောင် နိုင်တော့ဘဲ ရယ်ချလိုက်မိလေ၏။ ယုက မိန်းကလေးတွေလို လှလှပ အထာလေးနဲ့ မရယ်တတ်ဘဲ တဟားဟားအော်ရယ်တတ်တာကြောင့် မေမေ ဘယ်လောက်ပဲဆူဆူ ထိုအကျင့်က မပျောက်နိုင်ပါချေ။

'ဟော့! ရယ်မနေနဲ့ကွ၊ ငါပြန်တောင်းလို့မရရင် နင့်ဆီက မုန့်ဖိုး တွေ အကုန်ပြန်ဖြတ်ပစ်မှာ။ ငါ လစဉ်ပေးနေကျသုံးသောင်းလည်း မရ တော့ဘူးမှတ်, မိယုယရဲ့"

"မေမေက အပိုင်သိမ်းတာမှမဟုတ်တာ ကိုကိုရာ၊ စိုးရိမ်စရာ လား။ ကိုကိုမင်္ဂလာဆောင်တော့ အားလုံးကို မေမေပြန်ပေးမှာပေါ့"

"ငါက ဘာကိစ္စ မင်္ဂလာဆောင်ရမှာလဲ"

"ဟင်! အဲဒါတွေက ကိုကို မိန်းမယူဖို့ စုထားတာတွေ မဟုတ်





းလား"

"ဘယ်ကသာ, ငါ့ဉစ္စာတွေမဟုတ်ဘူး။ သူများဟာတွေ"

"သူများဟာ, ဘယ်သူ့ဟာလဲ၊ ကိုမျိုးထက်လား။ ကိုပြည့်စုံလား။ ချမ်းမြေ့လား"

"တစ်ယောက်မှမဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"သိင်္ဂီ"

"မသိင်္ဂီ. . . ဆင်းသိင်္ဂီလား"

"အင်း"

ဘုရားရေ!. . . အလယ်တန်းကတည်းက ခင်လာတဲ့ မသိင်္ဂီက ကိုကို ပစ္စည်းတွေ အပ်တာဆိုပါလား။ ယု လိုက်မမိတဲ့နည်းပညာ တွေ ကိုကိုတို့ဆီမှာ ရှိနေလေပြီ။

"ဒါဆို ကိုကိုနဲ့ မသိင်္ဂီက ဘာညာဘာညာပေါ့လေ"

"ကျစ်! လိုချင်တာ ဆွဲတွေးပြန်ပြီ။ ဘာမှမဟုတ်ဘူး, သူ့အိမ်က ဦးလို့ သိမ်းထားပေးပါဆိုလို့ ငါ တစ်လ,တစ်ဘူး သိမ်းထားပေး တာ"

"ဟင်! ကိုကိုနဲ့မကြိုက်ဘဲ ဘယ်သူနဲ့ကြိုက်နေလို့လဲ"

"အဲဒါ ငါဘယ်သိမှာတုန်း"

"တစ်ရုံးတည်းလုပ်ပြီး ဒါလေးတောင်မသိဘူးလားလို့။ ညံ့ပါ့ ကိုကိုရာ"

"အံမာ, ငါ့ကိုများ ဝေဖန်နေသေးတယ်။ အဲဒီကိစ္စ ညည်းဘယ်လိုရှင်းပေးမလဲပဲပြော"

"ကျစ်! ဒါများလွယ်လွယ်လေး"

"ဘာလွယ်တာလဲ"

"ကိုကိုက မမသီဂီကို စိတ်မဝင်စားပေမယ့် မမသီဂီဘက်က ကိုကို့ကို စိတ်ဝင်စားနေလို့ အခုလိုမျိုး ဖာတ်လမ်းတွေ ထွင်နေတာပေ့ါ ကိုကိုရဲ့၊ ဒါလေးတောင် မနပ်ဘူးလား"

"ဘာ! နင် သူများသမီးပျိုကို အဲဒီလိုပြောစရာလား"

"ဟုတ်တာပဲ၊ ဒါမျိုးက မိန်းကလေးသူငယ်ချင်းအချင်းချင်း အကုအညီတောင်းရမယ့်ဟာကို၊ မဆီမဆိုင် ကိုကို့ဆီပို့တာကိုကြည့်ကတည်းက ပေါက်လိုက်ပြီ၊ မယုံရင် စောင့်ကြည့်လိုက်။ ကိုကို့ကို မမသီဂီ ကြွေကိုကြွေနေစေရမယ်"

"မဟုတ်ဘူးနော်၊ နင် မဟုတ်မဟပ်ကိစ္စတွေ လျှောက်ပြောမနေနဲ့"





ကိုကို့မျက်နှာ တဖြည်းဖြည်းရဲတက်လာတော့၏။ ညီနှင့် ငယ်
ား အသားလတ်သူတွေဖြစ်ကြပြီး ကိုကိုနှင့် ကိုကြီးက အသားဖြူ
ူတွေဖြစ်ကြပါသည်။ အခုလည်း ယုစကားကြောင့် ရှက်သလိုဖြစ်လာ
ာမို့ ကိုကို့မျက်နှာရော နားရွက်တွေပါ နီလာချေပြီလေ။

"မယုံရင် လောင်းမလား။ ကိုကို့ကို မမသီဂီ ကြိုက်ကိုကြိုက်နေ
ရမယ်"

"နင်နော်, မိန်းကလေးဖြစ်ပြီး ဘာလောင်းကစားလဲ"

"ကိုကိုကကွာ. . . ယုသာ ကိုကို့ကုမ္ပဏီအတူတူဝင်ရရင် အဲဒီ
သီဂီနဲ့ မငြိငြိအောင် လိုက်ပြီးတော့ကို ပွဲစားလုပ်ပေးတယ်။ အဲဒီ
လောက် ချစ်စရာကောင်းတာ ဘယ်သွားရှာမှာလဲ"

"တော်ပြီ တော်ပြီ. . . နင်နဲ့ ဆက်ပြောနေရင် ငါ အသက်တို
ာမယ်။ နင့်ကို ဒီလာကစပြီး မုန့်ဖိုးမပေးတော့ဘူးမှတ်။ အဲဒါအတည်

ကိုကိုက တရှူးရှူးဖြင့်ပြောပြီး ထွက်သွားတော့၏။ ကပ်စေးနဲ
. . ယုကို မုန့်ဖိုးမပေးချင်တာနဲ့ ပြဿနာရှာကြပြီး လုပ်နေတာ
။ မပေးလည်း နေပေ့ါ၊ ဖေဖေ့ဆီက ရအောင်ကို တောင်းရမှာပဲ။

ရေးလက်စကဗျာတိုလေးကို ပြီးအောင်ပြန်စီကာ Memomry

stick လေးထဲ ထည့်သိမ်းလိုက်ပြီး Lap top ကိုပိတ်လိုက်ပါသည်။ ယုက ဤသို့အရည်မရအဖတ်မရအလုပ်ကိုလည်း ဝါသနာပါသည်လေ။

"မမရေ. . ."

ဟော! ငယ်လေးအသံပဲ။ ဒီနေ့ စနေနေ့မို့ ကျူရှင်က ပြန်လာပြီ ထင်ပါရဲ့။ အခန်းပြတင်းလိုက်ကာကို ဆွဲဖယ်လိုက်စဉ် သူတို့နောက်ဖေးဝရံတာမှာ ရပ်ခေါ်နေသည့် ငယ်ငယ်သော့ကို လှမ်းမြင်လိုက်ရပါသည်။

"ဘာလဲ ငယ်လေး"

"အားလား"

"အားသားပဲ၊ ဘာလုပ်မလို့လဲ"

"ကျွန်တော့်ကို စာအုပ်လိုက်ဝယ်ပေးမယ်ဆို"

"အလတ်ရော"

"မနက်ကတည်းက သူ့သူငယ်ချင်းတွေခေါ်လို့ ထွက်သွားတာ ခုထိပြန်မရောက်သေးဘူး"

"ကြည့်စမ်း! ဒီကောင် ငါ့ကိုလည်း မပြောသွားဘူး။ အခုသွားမှာလား"

"သွားမယ်လေ၊ နေလည်း အေးနေပြီဟာ"





"အေးအေး, အဲဒါဆို မမ အင်္ကျီလဲပြီး ဆင်းခဲ့မယ်"

ခွေးကောင်၊ ဒီတစ်ခါ ဘာကိစ္စနဲ့ အကြောင်းမကြား ဘာမကြား သိမ့်သွားပါလိမ့်။ နေနှင့်ဦးပေါ့လေ။ နင် ငါ့ကို ဘတ်ရင် နင့်ကိုပြန်ဘတ်ဘဲအလှည့်တော့ တစ်ခါကြုံဦးမှာပါပဲ။

လှေကားမှပြေးဆင်းလာခဲ့စဉ် ညှိခန်းမှာ သန့်ရှင်းရေးလုပ်နေသည့်မေမေနှင့်မိတူးကို တွေ့လိုက်ရပါ၏။ မေမေကတော့ တစ်ခုမဟုတ်တစ်ခုကို လုပ်နေရမှ နေသာထိုင်သာရှိသည့်အိမ်ရှင်မပါလေ။

"ဟဲ့, ဒါက ဘယ်တုန်း"

"ငယ်လေးကို စာအုပ်လိုက်ဝယ်ပေးမလို့"

"ဘာစာအုပ်လဲ"

"ကျောင်းစာအုပ်ပေါ့ မေမေရဲ့။ ဆယ်တန်းကျောင်းသားက အဲဒီစာအုပ်မဖတ်လို့ ဘာသွားဖတ်ရမှာလဲ။ ဟိုကောင်က သူ့ရှိရဲ့သားနဲ့ ငယ်လေးကို Bio ပုံဆွဲနည်းလေးဘာလေး သင်ပေးမယ်မရှိဘူး။ တစ်ချိန်လုံး လိမ့်ချင်တိုင်းလိမ့်တဲ့ကျောက်ဒိုးပဲ။ ယုလည်း သင်ခဲ့တာကြာပြီဆိုတော့ အကုန်လုံးစေ့ပတ်စေ့ မမှတ်မိတော့လို့ ပုံဆွဲနည်းစာအုပ် လိုက်ဝယ်ပေးမလို့ပါ။ စာအုပ်တိုင်း အလွယ်ဆုံးနည်းက ရှားတာဆိုတော့ ငယ်လေးကို လိုက်ရွေးပြီး ဝယ်ပေးရမှာ"

"အလတ်ရော မပါဘူးလား"

"ဒင်းကိုအားကိုးနေရင် သကြန်ကျသွားလိမ့်မယ်"

"ပြောတော့မယ် ပေါက်ကရ တော်ကြာ သူမပါဘဲ သွားရလား ဆိုပြီး ဗျစ်တောက်ဗျစ်တောက်ပြောမှာစိုးလို့ပါအေ"

"အဲဒါ သူ့အပြစ်၊ သူ့ထိုက်နဲ့သူကံ ခံပေါ့မေမေရဲ့။ လာမေးရင် တခြားကောင်လေးတစ်ယောက်နဲ့ ယု Date ပြီး ပါသွားပြီလို့သာ ပြော လိုက်တော့။ သိလား..."

"ဟယ်! ဒီကလေးကတော့လေ"

အိမ်ရှေ့မှာ ဖိနပ်ဝတ်လိုက်စဉ် ငယ်လေးက ရောက်လာလေ၏။ လူကောင်ကြီးလာပေမယ့် Quater ဘောင်းဘီတိုနှင့် မျက်နှာလေး နု ဖတ်နေတာကြောင့် ကလေးဆုံစံသာ ပေါက်နေပါသည်။ အင်းပေါ့လေ. ငယ်လေးက ယုတို့ထက် ငါးနှစ်တောင်ငယ်တဲ့ကလေးပေကိုး။

"ဘာမှမပါဘူးလား"

"ဘာယူစရာလိုလို့တုန်း။ စာအုပ်လေး တစ်အုပ်နှစ်အုပ် သွား ဝယ်တာ ပေါ့ပေါ့ပါးပါးပဲပေါ့"

"မိုးရွာရင် ဘယ်လိုလုပ်မလဲ မမရဲ့။ တော်ကြာ ကိုလတ်က ရှ ဦးမှာ"





"ဒင်းများ အရေးလုပ်လို့၊ လာ, သွားမယ်။ မေမေ...ယုတို့ မှောင်ခင် ပြန်ရောက်မယ်နော်"

"အေး"

လမ်းထိပ်ရောက်မှ လိုင်းကားခပ်ချောင်ချောင်စောင့်စီးကာ စာ အုပ်တန်းဘက် လျှောက်လာခဲ့ပါသည်။ ယုက ဒီလိုစာအုပ်တန်းတွေ မှာနေကျမို့ ငယ်လေး အားကိုးတကြီးခေါ်တာမဟုတ်လား။ ဒင်းကတော့ အိမ်မှာ Game ဆော့ရင်ဆော့၊ မဆော့ရင် Internet ဆိုင်ကို လိမ့် တော့တာပါပဲ။ ကိုကြီး Computer က အလုပ်ကိစ္စတွေပဲ လုပ်တာမို့ Internet ဆင်ထားပေမယ့် ညီတွေကို ပေးမကိုင်ပါချေ။

ဒီတော့ နဂိုကတည်းကမှ လက်ရောခြေပါ အငြိမ်မနေချင်သည့် အလတ်က အကြောင်းရှာ အိမ်ပြင်ထွက်ပြီး Internet Centre ကို ကြာခဏ ရောက်ရောက်သွားတတ်တာလေ။ လောင်းကစားတာမျိုး အသောက်အစားလုပ်တာမျိုးလည်း မဟုတ်တာကြောင့် ဦးဦးနှင့် အန်တီ က ဘာမှမပြောကြလေ၊ ဖိုးကျိုင်းတုတ်က အကြိုက်တွေ့လေပါပဲ။

"မမကို အသိပေးစရာရှိတယ်"

"ဘာလဲ, ပြောလေ"

"ကိုလတ်ကို ကြည့်ထိန်းဦး"

"အံမာ! နင့်အစ်ကိုက ကလေးမှမဟုတ်တာဟာကို ငါက ဘာ လို့ထိန်းရမှာလဲ"

"အဲဒါကြောင့် ခက်တာ၊ မမကိုပဲ သားက Sister in law သတ်မှတ်ထားတဲ့ဟာကို၊ သွေးကလည်း အေးပဲ။ ဒီပုံနဲ့ မမဘေးကနေ ကိုလတ် မြန်မြန်ရွေ့သွားလိမ့်မယ်"

"ဟဲ့! ဘာလို့လဲ"

"သူတို့ Internet ဆိုင်မှာ Chatting ထိုင်ကြရင်း ကောင်မ လေးတစ်ယောက်နဲ့ ငြိတိတိဖြစ်နေပြီတဲ့။ ကိုဝဏ္ဏက လာတိုင်း ကိုလင် ကို့စတယ်။ မင်းရဲ့ Venus လေး E- mail ရောက်နေပြီဆိုပြီးတော့ ပြောတာ"

"ဘာ! "

"နာမည်ဝှက်တွေ သုံးကြပေမယ့် အဲဒီကောင်မလေးက ကိုလင ကိုသိနေပုံပဲ။ အဲဒီ Internet ထဲကပဲ သူတို့အပြန်အလှန်ဆက်သွယ် နေတာ သုံးလလောက်ရှိပြီဆိုလားပဲ"

ငယ်လေးစကားတို့က နားဝမှာ ဗလုံးဗထွေးဖြစ်ပြီး အူလာ၏။ ဘုရားရေ! ညီမှာ. . . ညီမှာ. . . ယုအပြင် တခြားကောင်မလေး နေပြီဆိုပါလား။ ဘယ်လိုများပါလိမ့်။ ပြောတော့ဖြင့် ယုကိုပဲချစ်တ





ယုကိုပဲ သူပိုင်တာဆို။ ခုတော့ ယုမသိအောင် သူ့ရင်ထဲမှာ ဘယ်အချိန် ကတည်းက အဲဒီကောင်မလေးကို နေရာပေးထားလိုက်ပါလိမ့်။

"သူ့ကို ဒဲ့ကြီးသွားမမေးနဲ့ဦးနော်။ တော်ကြာ သားပြောတာ မှန်း သိသွားရင် ပြဿနာရှာတာ ခံရဦးမယ်"

"မမေးလို့ရမလား၊ မေးရမှာပေါ့"

"မမမှ အဲဒီဆိုင် တစ်ခါမှမရောက်ဖူးတာ၊ ဘယ်လိုသိတယ်လို့ ပြောရမှာလဲ။ အဲဒါကြိုစဉ်းစားထားဦး"

တောက်! ငါ့ကျ ဟိုမသွားနဲ့ ဒီမသွားနဲ့ ချုပ်ချယ်ထားပြီး ခင်း ကျ အဲဒီလို ကွက်ကျော်ရိုက်နေတာပါလား။ နေနှင့်ဦးပေါ့ ညီညီဖော်၊ နင် ငါ့ကို ငါမသိအောင် ခြေပုန်းခုတ်ပြီး ပါးပါးလေးမှတ်ရင် ငါကလည်း နင့်နာအောင်ကို ပြန်လုပ်ပြဦးမယ်။ ဟာမူရာဘီရဲ့ ကိုဥပဒေအတိုင်း ပေါ့။ ငါ့အရှိုက်ကို အထိနာစေရင် နင့်အရှိုက်ကိုလည်း ငါပြန်ပြီး ထိုး နက်ပြရမှာ အမှန်ပဲ။

"မမ"

"ဟင်"

"သားပြောတာ သိတယ်နော်"

"အေးပါ၊ လာ, စာအုပ်ဆိုင်ထဲ ဝင်ကြစို့"

ဆိုင်ထဲမှာ စာအုပ်ဝင်ရွေးပြီးနောက် ငယ်လေးနှင့်အတူ ကြာဆံချက် ဝင်စားဖြစ်လေ၏။ တမင် မှောင်ခါနီးမှ ပြန်ချင်တာမို့ အချိန်ဆွဲလိုက်ခြင်းဖြစ်ပါသည်။ ယုစိတ်နဲ့ ယုကိုယ်ဆို မိုးချုပ်မှ ပြန်ချင်သော်ငြား ငယ်လေး စာကျက်ချိန်လျော့မှာစိုး၍ စားပြီးသည်နှင့် ပြန်လာခဲ့ရ၏။

''ကားတွေ ကျပ်ကုန်ပြီ''

''Taxi နဲ့ပြန်ကြရအောင် ငယ်လေး။ လာ, ဂိတ်ထိုးထားတဲ့ဆီ ပဲ လျှောက်ကြရအောင်''

ငယ်လေးနဲ့အတူ ကားလမ်းကူးပြီး Taxi တွေ ဂိတ်ထိုးသည့်နေရာဆီ လျှောက်လာခဲ့ပါ၏။ စားသောက်ဆိုင်တန်းတွေရှေ့မှ လျှောက် လာခဲ့စဉ် ယုတို့ရှေ့ခပ်လှမ်းလှမ်းဆိုင်ထဲမှ မှန်တံခါးတွန်းဖွင့်၍ ထွက် လာသည့်လူတစ်ယောက်ကို မြင်လိုက်ရလေသည်။

''ဟော''

''အသိလား မမ''

''ဟင့်အင်း, တွေ့ဖူးတဲ့လူပါ''

ငယ်လေး မေးတာကို ခပ်တိုးတိုးဖြေလိုက်ပြီး ထိုလူနောက် ဆက်လျှောက်လာခဲ့ရလေ၏။ ဟုတ်တယ်, ဟိုတစ်ခါ Interview သွ





ဖြေတဲ့ကုမ္ပဏီ Lift ထဲမှာ တစ်ခါဆုံဖူးတဲ့သူပါပဲ။ သူ့ထံမှ လွင့်လာသည့် ရနံ့သင်းသင်းလေးကို ဖြည်းဖြည်းလေး ရှူလိုက်မိစဉ် ရင်ထဲ သိမ့်ခနဲနွေးသွားရလေသည်။

သူက ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားပြီး တစ်နေရာအရောက်မှာ ဆီးညိုရောင် နောက်ဆုံးပေါ်ကားလေး၏တံခါးကို ဖွင့်လိုက်လေ၏။ အိုး. . . လူပါကြည့်ကောင်းရုံမက ကားလေးကပါ လှလိုက်တာနော်။

''မိုက်တယ်နော်''

''အင်း''

ငယ်လေး၏မှတ်ချက်ချသံကို သံယောင်လိုက်ပြီး ခေါင်းညိတ်ပြလိုက်စဉ် ကားကလေးက စက်သံညက်ညက်ဖြင့် Platform ဘေးမှ ထွက်သွားတော့၏။

သက်ပြင်းငွေ့ငွေ့ကိုချလိုက်မိပြီး စိတ်ထဲမှ တီးတိုးရေရွတ်လိုက်မိလေသည်။ သူနဲ့ဆုံတာ နှစ်ကြိမ်ရှိသွားပြီလေ။



## အခန်း (၅)

"လမ်းထဲဝင်ပေးရမလား သမီး"

"နေပါစေတော့ ဦး။ ယုတို့လမ်းက လမ်းပိတ်မို့ ဦးကား ပြန်ထွက်ရခက်နေလိမ့်မယ်။ ဟိုထိပ်နားလေးမှာပဲ ရပ်ပေးနော်"

"ကောင်းပါပြီကွယ်"

လမ်းထိပ်မှာ ရပ်ပေးလိုက်သည့် Taxi ပေါ်မှ ဆင်းဆင်းချင်း ကားဂိတ်ရှိရာဆီမှ ခပ်သုတ်သုတ်လျှောက်လာနေသည့်သူ့ကို တွေ့လိုက်ပါ၏။ အဲဒါပဲ, သူ ဘာအင်္ကျီအရောင်ပဲ ဝတ်ဝတ်၊ ယု ဖျတ်ခနဲကြည့်လိုက်တာနဲ့ ညီဆိုတာ တန်းသိနေတာ ဘာကြောင့်ပါလိမ့်။

"ဒီမှာနော်, ဦး။ ကျေးဇူးပါပဲ"

"ဦးလေးက ကျေးဇူးတင်ရမှာပါ သမီးရယ်။ သွားမယ်နော်"

"ဟုတ်"

Taxi ထွက်သွားတော့မှ Platform ပေါ် တက်လိုက်ပါ၏။

ကြည့်ရကာ ဒီကောင် ယုတို့ကို ကားဂိတ်မှာ လာစောင့်နေပုံပ

ပဲ။ Lesson လေးတော့ ပေးလိုက်ဦးမှပဲ ညီညီဇော်ရေ။

သူ့ နောက်က ပါလာတာကို မမြင်ချင်ယောင်ဆောင်ကာ ယ

လေးပခုံးကို ဖျတ်ခနဲဖက်လိုက်မိ၏။ စာအုပ်အိတ်ပိုက်လာသည့်ယ

လေးက ကိုယ်ကိုယို့လျက် ရုန်းလိုက်ပါသည်။

"ဘာလဲဗျ"

"ငြိမ်ငြိမ်နေစမ်းပါ"

"ပခုံးပေါ် လက်တင်ရင် သားယောက္ခမ, သားကိုနိုင်စားလ

မယ် မမရ"

"အံမာ! လူကဖြင့် လက်တောင့်လောက်လေး ရှိသေးတယ်

ယောက္ခမက လိုချင်နေပြန်ပြီ၊ အနောက်မှာ နင့်အစ်ကို ပါလာလို့ တ

လုပ်တာဟဲ့"

"ဟာ, သားတို့ညီအစ်ကိုကို ရန်မတိုက်ပေးနဲ့လေ"

ယုက ခပ်လျောင်လျောင်ရယ်လိုက်ပြီး ယေလေးကို တမင်သ





ဘင်းတင်းဆွဲလိုက်တာမို့ လူချင်းတိုက်မိပြီး ပိန်ပိန်ပါးပါးယုက လမ်းမ

ဘက် ယိုင်သွားပါသည်။ ယေလေးက အလန့်တကြားဖြင့် ယုလက်

မောင်းကို လှမ်းဆွဲလိုက်လေ၏။ ကဲ! ဘယ့်နှယ်ရှိစ, ညီညီဇော်။

"သားပြောတယ်မဟုတ်လား မစပါနဲ့ဆိုတာ"

"ဘာဖြစ်လဲ"

"တောက်! လမ်းလျှောက်တာ ကောင်းကောင်းလျှောက်ကြပါ

လား။ ဘယ်လိုဖြစ်နေကြတာလဲ"

"အား. . ."

မြှုန်းစားကြီး နောက်မှကပ်အော်လိုက်တာမို့ ယေလေး လန့်အော်

လေ၏။ နင် နည်းနည်းတော့ ထိသွားတယ်မဟုတ်လား ညီ။ ဝန်ခံလိုက်

စမ်းပါကွယ်။

"ဘယ်လိုဖြစ်ပြီး လမ်းမကြီးမှာ အော်ဟစ်နေတာလဲ။ ငါ့မောင်

လေးနဲ့ အတူပြန်လာတာ မမြင်ဘူးလား"

ဖျတ်ခနဲပြန်လှည့်အော်လိုက်တာကြောင့် ရုတ်တရက် သူ အံ့သြ

သွားလေ၏။ သူ့ကိုမမြင်ဘဲ ယု ဒီလိုလုပ်တာကို တမင်မှန်း သူသိသွား

သလို သူ့ကိုပြန်ခံအော်လိုက်တာကြောင့်လည်း မျက်နှာ ရဲသွားလေ၏။

စူးစူးရဲရဲကြည့်နေသည့်မျက်လုံးများကလည်း အရောင်ဖျော့သွားပါ၏။

"ဟော့ကောင်, မင်းလက်ကိုဖြုတ်လိုက်စမ်း။ ကိုယ့်ထက် အကြီးမှန်းမသိ လက်မောင်းကိုအတင်းဆွဲထားရသလား"

"မမ ဖြုတ်ကျသွားမှာစိုးလို့ပါ ကိုလတ်ရ"

"မကိုင်နဲ့၊ မင်းမှာ ဒီလိုကိုင်ခွင့်မရှိဘူး"

"အံမာ! ကြီးကြီးကျယ်ကျယ်တွေ ပြောနေရပြန်ပြီ။ နင်က ငါ့အုပ်ထိန်းသူမို့လို့ လာပြီးစည်းကမ်းကြပ်မတ်နေတာလား။ ငါတို့မောင်နှမ ဘယ်လိုကိုင်ကိုင် ဘယ်လိုဖက်ဖက် နင့်အပူ နည်းနည်းလေးမှမပါဘူးမှတ်"

"ယုယ, နင်နော်"

"ဟာ, ကိုလတ်ကလည်း လမ်းမကြီးပေါ်မှာ အော်ဟစ်မနေကြနဲ့လေ။ ရှက်စရာကြီး"

"အောင်မာ. . . စကားများတာ ဘာရှက်စရာရှိလဲ။ မင်း အစ်မတော်ရမယ့်သူကို ဟိုကိုင်ဒီကိုင်လုပ်တာကမှ ရှက်စရာကွ"

"ဟဲ့"

"သားက မိုးသားပါတယ် ကိုလတ်ရ။ ကိုလတ် ထင်နေသလို မဟုတ်ရပါဘူး"

"ဘာရိုးသားရမှာလဲ၊ ပြောတော့ဖြင့် ပါးစပ်က တသားသားနဲ့





်း အသားယူနေတာ ဟောဒီငါ့ဘတ်သီးနှစ်လုံးနဲ့ တပ်အပ်ကြီးမြင်းနေရတာကွ။ သိရဲ့လား. . ."

"ဟယ်, ဘယ်လိုဖြစ်ပြီး ကလေးကိုဆွဲလားရမ်းလားလုပ်ရတာ ဲ အကောင်ရဲ့။ အပြစ်ရှိတာ ငယ်လေးမဟုတ်ဘူး။ နင်ဟဲ့,နင်"

"ဘာ"

သူက ငယ်လေးကော်လံစကိုဆွဲလိုက်ရာမှ ယုပြောစကားကြောင့် ြန်လွှတ်ပေးလိုက်လေ၏။ ကြည့်စမ်း! ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ လူ ရှေ့သူရှေ့မှာ Power တွေ စွတ်ပြချင်နေရတာပါလိမ့်နော်။ တကယ် ဒီ သူကမှ ယု မမြင်ကွယ်ရာမှာ နေချင်သလိုနေ၊ ထိုင်ချင်သလိုထိုင် နေတဲ့သူပါ။ ယုက သူ့ညီလေးနဲ့အတူ အပြင်ထွက်တာ ဘာများစိုးရိမ် ရာရှိလို့လဲ။

"တီ!. . ."

ကားဟွန်းသံကြောင့် ပြိုင်တူလှည့်ကြည့်လိုက်ကြစဉ် ကားလမ်းမ ဘက် ရပ်သွားသည်က ကိုကြီး၏ကားဖြစ်နေလေ၏။ ဘုရားရေ! သူ ်ကားနေတာကိုများ ကိုကြီး မြင်သွားပြီလား။

"ကိုကြီး"

"ဘာဖြစ်နေကြပြန်တာလဲ"

"ဒီမှာလေ၊ ကိုကြီးညီ ပြဿနာလိုက်ရှာနေတာ"

"နင်နော်"

"ဖြစ်ကြပြန်ပြီလား. . . ပြီးရင်လည်း မခေါ်ဘဲနေနိုင်တာလည်း မဟုတ်ဘဲနဲ့။ အခု ဘယ်ကပြန်လာကြတာလဲ"

"မြို့ထဲက ကိုကြီး။ သားနဲ့မမ စာအုပ်ဝယ်ပြီး ပြန်လာတာပါ"

"ဒါဆို အဲဒါကို ပြဿနာလိုက်ရှာနေတာပေါ့လေ။ ဟုတ်လား ညီညီ"

"အစစ်ပဲ ကိုကြီးရေ"

"မီယု!. . ."

"အသက်ပဲ နှစ်ဆယ်ကျော်နေပြီ ခုထိမရင့်ကျက်သေးဘူး။ ငယ် လေး၊ ကိုကြီးနဲ့ပြန်မလား။ ပြန်မှာဆို၊ လိုက်ခဲ့"

"လိုက်မယ်. . . လိုက်မယ်"

ငယ်လေးက ဒုက္ခတွင်းထဲက လွတ်သွားသည့်နှယ် ဝမ်းသာအား ရဖြင့် ကိုကြီးကားပေါ်သို့ အပြေးတက်သွားလေ၏။

ယုနဲ့ ဒီဒေါ်သကူမှာရကာတော့ အတူပြန်ရင် ရန်ပွဲဆက်ရဦးမှာ လေ။

"ဒီ Sunday အိမ်ကိုလာခဲ့ဦး ယုရေ"





"ဘာကြီး ကိုကြီး"

"နင်တို့အလုပ်ကိစ္စ ခုထိ မ OK သေးဘူးမဟုတ်လား။ အဲဒါ ကောသိ လုပ်ပေးလိမ့်မယ်။ သူလာရင် ယု,လာတွေ့ဦး"

"ဒါဆို ကိုကိုတို့ကုမ္ပဏီမှာ ရမှာလား"

"ထင်တာပဲ၊ VIP Role နဲ့ ရလိမ့်မယ်"

"အား. . . ဝမ်းသာလိုက်တာ"

"ဒါဖြင့် ကိုကြီးတို့သွားပြီ"

"ဟုတ်"

ကိုကြီးကားမောင်းထွက်သွားစဉ် ငယ်လေးက ပြတင်းပေါက်မှ သက်ထုတ်ပြီး တာ့တာပြတာမို့ ယု ပြန်ပြလိုက်ရာ၊ သူက ယုလက်ကို ဇတ်ခနဲ ပုတ်ချလိုက်လေ၏။ ဒင်း စိတ်ပုတ်ချက်ကဖြင့် ကမ်းကုန်ပါပဲ ဘား။

"ဘာလုပ်တာလဲ"

"နင်လွန်နေပြီနော် ယု၊ ငါ စိတ်မရှည်ချင်တော့ဘူး"

"စိတ်မရှည်ရင်၊ လဲသေလိုက်ဟယ်"

"ယုယနော်. . . နင်"

"ငါက ဘာမှမဟုတ်တာ လုပ်နေတာမဟုတ်ဘူး ညီ။ နင်သာ

ရွှေပဒေသာစာပေ

ငါမသိအောင် ဝဏ္ဏဦးလေးရဲ့ Internet ဆိုင်မှာ Chatting ထိုင်ပြီး ကောင်မလေးတွေနဲ့ Check လုပ်နေတာ ငါမသိဘူးမထင်လေနဲ့''

''ဘယ်လို! အဲဒါ နင့်ကို ဘယ်ကောင်ချွန်တာလဲ။ ပြော''

''သူများကို လိုက်မရမ်းချင်နဲ့။ ကိုယ့်ကိုယ်ကို ကောင်းအောင်နေရင် နင့်ကို ဘယ်သူမှပြောစရာအကြောင်းမရှိဘူး။ နင့်ဟာနင် နေချင်သလိုနေ, သွားချင်သလိုသွားပြီး ငါ့ကိုလိုက်မချုပ်ချယ်ချင်နဲ့''

သူက အနာကို ထိသွားသည်မို့ တရှူးရှူး တရှဲရှဲဖြစ်လာပြန်လေ၏။ တကယ်ပါ, ယုအပေါ် သူ ကြင်ကြင်နာနာပြောဆိုဆက်ဆံတာမျိုးက စက္ကန့်ပိုင်းမျှလောက်သာ ရှိတတ်တာလေ။ အဲဒီ Chatting ကောင်မလေးနဲ့ဆို ဘယ်လိုမျိုး ယုယုယယ လုလုပပ စကားလုံးတွေနဲ့ရေးပြီး ပြောဆိုဆက်သွယ်နေမှာပါလိမ့်။

ယုကိုဆို မို့မို့နဲ့တောင်မှ ငယ်သူငယ်ချင်းချစ်နဲ့တောင် ချစ်ခွင့်မပေးခဲ့တာ၊ ယုအပေါ် သူအရမ်းချစ်လွန်းလို့ အူတိုတာပဲလေဆိုပြီး ခွင့်လွှတ်ခဲ့တဲ့အကြိမ်ပေါင်း မနည်းခဲ့ပါလေ။ ခုတော့ အဲဒီအတိုင်းအတာကို ချုံ့ပစ် ဖြတ်ပစ်ဖို့ ယု စဉ်းစားနေတာမှာအမှန်ပါပဲ။

''ဒါ ငါတို့နှစ်ယောက်ကြား သက်သက်ဝင်နှောက်တာပဲ။ နင် အလွယ်တကူမယုံပါနဲ့ ယုရဲ့''





''ငါကလည်း. . . သူများပြောသမျှ မျက်စိမှိတ် ယုံတတ်တာမှဟုတ်တာဟဲ့။ နင့်လက်ရှိအခြေအနေကို ငါသိသလောက် ပြောထားရတာပဲ။ အေး, ငါတို့နှစ်ယောက်ကြားမှာ ခြားထားတဲ့စည်းကို နင်ဖောက်ခဲ့တော့ ငါခွင့်လွှတ်ပေးမယ်မထင်နဲ့ ညီ။ ငါ့အပေါ် သစ္စာမရှိရင် ငယ်သူငယ်ချင်းဆိုတဲ့ကြိုးစကာအစ ငါ တိခနဲဖြတ်ပစ်မယ်မှတ်''

''ဟာ, ဒါ နင် တမင်သက်သက်ငြိမ်းခြောက်တာပဲ။ ခုချိန်အထိ နင်ကလွဲလို့ ဘယ်မိန်းကလေးအပေါ်မှာမှ ငါ့စိတ်မတွေပြားဖူးဘူး ယုယ ရဲ့ အဲဒါအမှန်ပဲ''

''ကောင်းပြီလေ, ငါစောင့်ကြည့်ရသေးတာပေါ့။ ကြိုအသိပေးထားလျက်နဲ့မှ နင်ခြေကျွံသွားရင် ငါ့အဆိုးမဟုတ်ဘူးနော်။ ဒါပဲ''

သူက လမ်းထဲသို့အတူလိုက်ဝင်ခဲ့ရင်း ငြိမ်ကျသွားလေ၏။ ယုပြောတာ ဒက်ထိများ မှန်နေပြီလား။ သူငယ်ချင်းတွေ မြှောက်ပေးလို့ ကောင်မလေးတွေနဲ့ အပျော်သဘောရှာနေတာဆိုရင်တောင် ယုက ခွင့်လွှတ်ပေးနိုင်မှာမဟုတ်ဘူးလေ။

ငယ်စဉ်ကတည်းက ယုအပေါ်မှာ ဝန်တိုစိတ်နဲ့ ချစ်ခဲ့တာမှန်း မျက်မြင်ကိုယ်တွေ့မို့ 'နင့်ကို ငါချစ်တာ၊ ငါပဲပိုင်ရမှာ' ဆိုပြီး ပိုင်ပိုင်နိုင်နိုင်နဲ့ပြောခဲ့တာကို ခေါင်းတညိတ်နဲ့ လက်ခံခဲ့တာပါ။ ဒီနေ့အထိ

'နင့်ကို ငါလည်းချစ်ပါတယ် ညီ' လို့ နှုတ်ဖျားက တစ်ခွန်းမှဖွင့်မ
ပြဖြစ်ပေမယ့် သူ့ကို ရင်ထဲနှင့်နေအောင် ချစ်တာကိုတော့ ယုကိုယ်
အသိဆုံးပါပဲ။

သူ့အိမ်နဲ့ သူ ပဋိပက္ခဖြစ်ပြီး ရင်လာဖွင့်ပြတိုင်း ယု အပြ
ထောင်ပေးခဲ့တာ၊ သူ့ကိုချော့မော့နှစ်သိမ့်ပေးခဲ့တာ၊ သူ ရန်စောင်
ခွင့်လွှတ်သည်းခံပေးခဲ့သမျှအားလုံးဟာ သူ့အပေါ် မြတ်နိုးမိနေတဲ့
စိတ်ကြောင့်ပဲမဟုတ်ပါလား။

ဒါကို သူ့နှလုံးသားထဲက နားလည်ထားရင် ယုမျက်ကွယ်
စိတ်နဲ့ဖောက်ပြန်တာမျိုးတော့ မချိုးသင့်ပါဘူးနော်။

"ငါ Internet ဆိုင်သွားတာကို နင်မကြိုက်လို့လား"

"အဲဒါ နင့်လွတ်လပ်ခွင့်နဲ့နင်ပဲလေ။ နင့်မိဘတွေကတော
လွှတ်ထားတာ၊ ငါက လိုက်မကန့်ပါဘူး"

"ယု! နင် ငါ့အပေါ် သံသယဝင်နေတာလား"

"မဆိုင်ပါဘူး။ ငါက နင် ငါ့ကို အပြစ်အမြဲမြင်နေသလို
လုံးစိမ်းကြီးနဲ့ စောင့်ကြည့်နေတတ်တာမျိုးမှမဟုတ်တာ"

သူက ဆတ်ခနဲ ယုလက်မောင်းကို ဆွဲထားလိုက်လေ၏
သစ်စ လကလေးက ခေါင်းတည့်တည့်မှာ မှုံပြပြ သာနေပြီလေ၊





ထဲက အိမ်တွေပင် တံခါးတွေ ပိတ်ကုန်ပြီကော။

"ဘာလုပ်ပြန်တာလဲ. . . ဖယ်"

"ယု, နင် အဲဒီလိုတော့ မျက်နှာလွှဲခဲပစ်မပြောပါနဲ့။ ငါ နင်မသိ
အောင် ဘာတစ်ခုမှမလုပ်မိသေးပါဘူး။ အဲဒါကိုယုံပါ"

"အဲဒါ နင့်လုပ်ရပ်အပေါ်ပဲ မူတည်ပါတယ် ညီ။ ယုံကြည်တယ်
ဆိုတာ လက်ခံနိုင်တဲ့အတိုင်းအတာပေါ်မှာပဲ ရှိတဲ့အရာတစ်ခုပါ"

"နင်မယုံရင် ဝဏ္ဏတို့ကိုမေးကြည့်နိုင်တယ် ယု။ ငါ ဘာမဟုတ်
ဘာကိုမှ မလုပ်ဘူးဆိုတာ သူတို့အားလုံးသိကြတယ်"

"နင့်ဘော်ဒါတွေပါဆိုမှတော့ နင့်ဘက်ကပဲ လိုက်ပြောတော့မှာ
ပေါ့ ညီ။ လူဆိုတာ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်ယုံမှ တခြားလူက
သည်း လိုက်ယုံပေးနိုင်မှာလေ။ ဒီတော့ နင် ဘာကိုရည်ရွယ်ပြီး လုပ်
နေသလဲဆိုတာ နင့်ကိုယ်နင့် ပြန်ဆန်းစစ်ကြည့်ရင် သိလိမ့်မယ်"

"နင် ဘာကိုဆိုလိုတာလဲ"

"နင့် IQ ဒီလောက်ထိ မနိမ့်မှန်း ငါသိပါတယ် ညီ။ နောက်
တစ်ခု, ဒီ Sunday မပန်းအိ လာပြောတဲ့အလုပ်ကို ဘယ်သူပဲရရ
ထင်ကြဖို့ပါ။ နင် ဒီလိုကျိုကျောင်လိုက်များနေရင် ငါတို့တစ်သက်လုံး
အလုပ်လုပ်ဖြစ်တော့မှာမဟုတ်ဘူး ညီ။ မေမေတို့လည်း ငါ့ကိုဆူတာ

နားအူနေပြီ''

''အေးပါ, ငါလည်း သိပါတယ်''

သူက ခြိတံခါးကို တွန်းဖွင့်ပေးရင်း ခေါင်းညိတ်လိုက်လေ၏။ ဒီလိုပြောတော့လည်း သူ အေးအေးဆေးဆေးလက်ခံသွားပါပဲ။ အဲဒီလို ပုလောင် ပွက်လောညံတာမျိုးမဟုတ်ဘဲ အေးဆေးတည်ငြိမ်တာကမှ ယောက်ျားပီသတာကို နင် မသိလေရော့သလား ညီရယ်။

''ငါ Internet ဆိုင် မသွားတော့ပါဘူး''

''ဘာကတိကိုမှ ငါမတောင်းဘူးနော် ညီ။ နင့်ဘက်က စည်းလွတ်မှာစိုးလို့ အသိပေးလိုက်ရုံသက်သက်ပါပဲ။ တခြား ဘာအကန့်မရှိဘူး''

''အေးပါ''

''အိမ်ရောက်ရင် ကလေးကို ပြဿနာသွားမရှာနဲ့ဦး''

သူက ယုကိုမျက်စောင်းခဲလေ၏။ ဒီလောက်သတိပေးနေလို့က အငယ်ကောင်ကိုရန်ရှာရင် ရှာဦးမှာကိုး။ ယုကို ဘာမှဆက်မပြောတော့ဘဲ နောက်ဖေးခြံတံခါးသေးသေးလေးရှိရာဆီ သူ လှမ်းသွားတော့၏။

အိမ်ရှေ့မှာ မေမေတို့နဲ့အတူ ကိုကိုပါ CNN သတင်းကြည့်





ကြတာမို့ ခြံတံခါး၊ အိမ်တံခါးသော့ခတ်သည့်အလုပ်ကို ယုပင် လုပ်လိုက်ပါသည်။ ကြာဆံချက်တွေ စားလာလို့ပဲလား၊ သို့တည်းမဟုတ် ရင်တွင်းအပူကပဲ များလို့များလားမသိ၊ ရေဆာလွန်းတာမို့ Water cooler ထဲမှ ရေငှဲ့သောက်လိုက်တာ ဖန်ခွက်တစ်ခွက် ကုန်ပါရောလား။

ရင်မောတယ် ညီ၊ အစကနဦးမျိုးလေးမှာတောင် ငါ ဒီလောက်ရင်ပူနေရရင် တကယ်ပဲ ငါမဟုတ်တဲ့မိန်းကလေးတစ်ယောက်ကိုများ ဘဝလက်တွဲဖော်အဖြစ် နင်ရွေးချယ်လိုက်ရင် ငါ ဘယ်လိုများ လုပ်ရမှာပါလိမ့်။



## အခန်း (၆)

"ထမင်းစားပြီးပြီဟာကို ဘာလုပ်နေပြန်တာလဲ"

"ဒီနေ့ မမကေသီ လာမယ်ဆိုလို့ ခရမ်းချဉ်သီးသုပ်ဖို့ လုပ်နေ
ပါ ကိုကိုရဲ့"

"အေးပေါ့လေ, နင့်ယောင်းမကို မတော်ခင်ကတည်းက ဖား
တာပေါ့"

"ဟင်! မမကေသီကို ယောင်းမတော်ရမှာမှမဟုတ်တာ။ ကိုကို
ည်း မသိဘဲနဲ့များ အမျိုးလျှောက်စပ်နေသေး။ ဟွန်း. . ."

ကိုကိုက ထမင်းစားခန်းမှာ ရေလာသောက်ရင်း ပြောတာကို
ပြလိုက်ရပါ၏။ နေဦး. . . ကိုကိုနဲ့ မမကေသီက ကုမ္ပဏီတစ်ခု

တည်း လုပ်ကြတာ၊ အဲဒီမှာ လူသစ်လိုမလိုက်စွက် ကိုကိုမပြောပါလား…
ယုတ္တိကို တစ်ကုမ္ပဏီတည်း အတူလုပ်မှာကို ကြောက်တဲ့အစ်ကိုလေး…

"ကိုကိုတို့ကုမ္ပဏီမှာ ဝင်လျှောက်ဖို့. . . မမကေသီဆီက ဒီ… Form ယူလာမှာဆိုလို့ ဒီအသုပ်ကို လုပ်ပေးနေတာပါ"

"ဘာရယ်.ငါတို့ကုမ္ပဏီမှာ လူလိုတယ်လို့ တစ်ခါမှမကြားပါဘူး"

"ကိုကို့လို မန်နေဂျာပေါက်စကို Boss က ပြောပါ့မလား။ … Secretary ကိုပဲ ပြောမှာပေါ့"

"အံမာ, နင်က ခုကတည်းက အလုပ်မရသေးခင် ငါ့ကိုကျော်… ချင်နေတာပေါ့လေ"

"ဟုတ်တာပြောတာပဲလေ၊ ကိုကို့နဲ့အတူတူလုပ်မှ ကိုကို့ရဲ့ … တဲ့ ဆင်းသိဂီအလှကို လေ့လာလို့ရမှာပေါ့"

"ဘာပြောတယ်"

ကိုကိုက ရေကိုအမြန်မော့သောက်လိုက်ပြီး ယုရှိရာစားပွဲ… ရောက်လာလေ၏။ လက်ထဲမှာ ခရမ်းချဉ်သီးလှီးလက်စ ဓားပါ… ကို ကိုင်ထားတာမို့ သတိထားလိုက်ရပါသည်။ ယုက လက်မြန်… ရှိတတ်သူမဟုတ်လား။

"လာမထိနဲ့နော်၊ ယုလက်ထဲမှာ ဓားကိုင်ထားတယ်"





"အံမာ, ကျိုးကန်းအာလို့ အသံမသာဘူး။ နင်သာ ငါ့ Boss အလုပ်ခန့်တာနဲ့ Boss ကို မကြည့်သွားမိစေနဲ့ပဲ သတိထားပါ"

"ကိုကို့ Boss က ငယ်ငယ်လေးဆို၊ ချောလည်းချောတယ်ဆို၊ ဟုတ်လား"

"ဘာချောရမှာလဲ၊ နေစမ်းပါဦး၊ အဲဒါ နင်ဘယ်လိုသိသွားတာလဲ အငယ်မရဲ့"

"ကျစ်! ဒီလိုပဲ လူသတင်း လူချင်းဆောင်တာပေါ့လို့"

"ဒါကလည်း ကေသီနိုင် ပြောတာလား။ နင်တို့မိန်းမတွေများ မလွယ်ပါဘူး။ နှစ်ယောက်ဆုံတာနဲ့ ယောကျ်ားလေးအတင်းကို အုပ်တော့တာပဲ"

ကိုကိုက မကျေမနပ်ပြောကာ ခုံဆွဲလျက် ထိုင်ချလိုက်လေ၏။ ယုကတော့ အသုပ်.သုပ်ရန် တစ်ခုပြီးတစ်ခု လှီးနေပါသည်။

"အတင်းအုပ်တာ မိန်းမရယ် ယောကျ်ားရယ် မရှိပါဘူးကိုကိုရာ။ လူတိုင်းပြောတတ်တာပဲ၊ ကလေးကအစ ပြောတတ်တာ မသိဘူးလား"

"လျှာကို ရှည်တယ်၊ အဲဒီရောင်စုံရုတ်သီးတွေက ဘာလုပ်ဖို့လဲ"

"အသုပ်ထဲ ထည့်ဖို့လေ၊ ခရမ်းချဉ်သီးက အစိမ်းသုပ်ဆိုတော့ Colour ဘယ်လှပါ့မလဲ။ ဒီငရုတ်သီးအနီလေးတွေရော အဝါလေးတွေ အစိမ်းလေးတွေပါ ရောထည့်မှ လှသွားမှာ"

"အတော့်ကို တန်ဆာက ဆင်ပါ့။ ကောသီ မိုက်နာမှ နှင့်ကို ကိုကြီး လည်ပင်းလာညှစ်နေဦးမယ်"

"ကိုကြီးက အလတ်လိုမဟုတ်ပါဘူးနော်။ စိတ်လည်း အရမ်း ရှည်တာ သိရဲ့သားနဲ့"

ကိုကိုက ယုပြောတာကို ခေါင်းညိတ် ထောက်ခံလေ၏။ ဟုတ်တယ်. ... ကိုကို့ထက်တောင်မှ ကိုကြီးက စကားပြောတာကအစ ရှည်ရှည်မွှန်မွှန်နဲ့ စိတ်ရှည်တတ်သူပါလေ။

"အဲဒီအချက်ကတော့ ကိုကြီးနဲ့ ကိုဘုန်းမြတ်သူ တူတာအမှန်ပဲ"

"ဘယ်က ဘုန်းမြတ်သူလဲ"

"ညည်းလာတွေ့ရမယ့် Boss ကိုပြောတာလေ။ ရုပ်ချောတာ အသက်ငယ်တာကျ သိပြီး နာမည်ကျတော့ မသိဘူး။ ဘယ်လိုဟာလေးလဲ"

ယုက လျှာထုတ်ရင်း ဖက်ပုသွားရပါ၏။ 'ဘုန်းမြတ်သူ' တဲ့။





ဘယ်လောက်လှတဲ့နာမည်လေးပါလိမ့်။ နာမည်မှည့်ကတည်းက ဘုန်း ... မြင့်မြတ်တဲ့နိမိတ်ကို ဆောင်ထားတာကိုး။

"နာမည်က မိုက်တယ်"

"ဘာမိုက်တာလဲ၊ ညည်းနော်, ညည်း။ ငါ့ညီမဖြစ်ပြီး Boss ... ဒီစီကာလီလုပ်လို့ကတော့ လူရှေ့မရှောင် ငါ နားရင်းအုပ်လိုက်မယ် ...တ်။ မလုပ်ဘူး မထင်လေနဲ့"

"ကိုကိုကလည်း လူချင်းတောင် မဆုံရသေးဘူး။ ခုကတည်းက ...ကြိုပြီး အုပ်ပြနေပါပြီ။ Second ညီညီဖော်ပဲ"

"အံမာ, နှင့်အကောင်နဲ့ ငါ့ကိုမနိုင်းစမ်းပါနဲ့။ ဒီကောင်က စိတ် ...ဲပုပ်တာ မျက်နှာကိုကြည့်ရုံနဲ့ သိနေပြီ။ ယောကျာ်းလေးဖြစ်ပြီး ရွာ ...လည်း ရွာသေး။ ဒီလောက်မှုံကုပ်ကုပ်ရုပ်ကိုများ ညည်းမို့ ကြည့်လို့ ...တယ်၊ ငါဖြင့် ကြည့်မရပါဘူး"

"တွေ့လား. . . ပြောရင်းနဲ့ကို, ကိုကို အလတ်အတင်း အုပ်နေ ...ပြီလေ"

"လာပြီ, ဆတ်ဆတ်ကို အထိမခံဘူး။ ထိကရုံးမ"

ကိုကိုက ယုကိုပြောပြီး အိမ်ရှေ့ကိုထွက်သွားတော့၏။ ဒီနေ့ ...ဖေနဲ့မေမေက မင်္ဂလာဆောင်တစ်ခုကို သွားကြတာမို့ အိမ်မှာ မရှိ

ပေး။ ကြွေပန်းကန်ပြားပက်ပက်ထဲမှာ လှီးပြီးသားတွေကို လှအောင် ပ
ထည့်လိုက်ပြီး ဘဲဥပြုတ်ပါးပါးလှီးထားတာကို ဖြူးပြီးမှ ပုစွန်ခြောက်
ထောင်းကို နောက်ဆုံးဖြူးလိုက်ပါ၏။

နာရီကိုကြည့်လိုက်တော့ နေ့လယ် (၁၂)နာရီမို့ မမကေသီနိုး
ရောက်လောက်ပြီဟု ခန့်မှန်းလိုက်ပြီး လိုအပ်သည့်အမှုန့်တွေ ငံပြာရည်
နဲ့ ပဲဆီမွှေးမွှေးကိုထည့်ဆမ်းလျက် လက်စသပ်လိုက်ပါ၏။ ဆေးစရာ
တွေကို တစ်ခါတည်းဆေးကြောကာ မှောက်ထားလိုက်ပါသည်။

မိတ္တူး အိပ်နေပြီလားဟု ညှော်ခန်းကို လှမ်းစစ်ကြည့်မိစဉ် TV
မှ လာနေသည့် 'ကောလိပ်ဂျင်နေဝင်း' နှင့် 'ကျော့ဟိန်း' ပါသည့် Black
and White ရုပ်ရှင်ကားကိုကြည့်ပြီး မျက်ရည်ပေါက်ပေါက်ကျလို့ပ
လေ။ အဲဒီလို ဒီကလေးမ အသည်းက နုပါရဲ့။

နောက်ဖေးတံခါးကိုဖွင့်ကာ ခြံတံခါးကလန့်ကိုဖွင့်၍ သူတို့ခြံဘက်
ကို ကူးလာခဲ့ပါ၏။ အသုပ်ပန်းကန်ပြားပေါ်မှာ Steel ဇလုံပေး အုပ်
ပြီး သယ်လာတာမို့ ဘာမှန်းမသိနိုင်ပါလေ။

"ငယ်လေးရေ, မမရောက်နေပြီလား"

အိမ်ဘေးမှပတ်ကာ အသံပြုလိုက်စဉ် အိမ်တံခါးကို ထဖွင့်ပေး
လိုက်သူက သူဖြစ်နေပါ၏။ အင်း, စကားတော့ များရဦးမယ်ထင်ပါရဲ့





အလတ်ရေ'လို့ မခေါ်ဘဲ ရောက်လာမိတာကို။

"နင်က ငါ့သူငယ်ချင်းလား။ အငယ်ကောင့်သူငယ်ချင်းလား"

"ဟွဲ့, အလတ်နော်၊ သမီးရောက်လာတာနဲ့ ရန်က,စပြီ။ လာ
ဘာ. . . သမီးလေး။ သမီးမမ ရောက်တာ မကြာသေးဘူးကွယ်"

အန်တီမေ လှမ်းခေါ်နေပြီမို့ သူ ဘာမှထပ်မပြောတော့ပါချေ။
အင်းက လူရှေ့သူရှေ့မှာလည်း ယုကိုနိုင်စားပြချင်တာလေ။

"ဘယ်သူလဲ မေမေ၊ ယုယလား"

"ဟုတ်တယ် သမီးရဲ့"

"မမကေသီ"

"ရှင့်"

"မမကို View စရာ ရှိတယ်"

"အမယ်လေးနော်, ရှင်တို့နှစ်ယောက်ကမှ အဖျူးခံရမယ့်သူ
တွေလေ။ ဘယ့်နှယ်, လူကို ဖျူးမလို့လဲ၊ အဲဒါ ဘာတွေယူလာတာ
တုန်း"

"ခွေမျိုးမေ့စေမယ့် အသုပ်ပေါ့"

"ဒါဆို ခရမ်းချဉ်သီးသုပ်ပေါ့လေ၊ good... ပဲ ငါ့ညီမလေးက
တော်လိုက်တာ"

"မမ ထမင်းစားပြီးပြီလား"

"No..."

"ဒါဖြင့် တစ်ခါတည်းစားလိုက်လေ၊ ယု ခူးပေးမယ်။ အန်
မေတို့ ဦးဦးတို့ရော စားပြီးပြီလား"

"ပြီးပြီသမီးရေ့၊ သမီးကိုကြီးနဲ့ အလတ်ပဲ ကျန်တယ်။ ငယ်
က ကျူရှင်သွားပြီ။ သားကြီးကတော့ သမီးကေသီကိုစောင့်နေလို့ မ
ဖြစ်တာ၊ အလတ်ကတော့ ဘာကိုစောင့်လို့ မစားလဲမသိဘူး"

သူက အန်တီမေ ပြောလိုက်တာကို မကျေနပ်ပုံဖြင့် မျက်နှာ
စူပုပ်ထားလေ၏။ အမေ့ကိုတော့ ပြန်မပြောတတ်ပါလေ။ ထမင်း
ခန်းထဲသို့ စုပြီးဝင်လာတော့ သူက လိုက်မလာပါ။ ညတုန်းက ပြေ
ထားတာကို ကောက်နေတာပဲလား။

"ဒီကောင် ဘာ ကောက်နေပြန်လဲမသိဘူး။ ညပြန်လာကတည်
က ထမင်းကောင်းကောင်းမစားဘူးတဲ့"

"မေမေပြောတာလား"

"အင်း"

"ဟယ်, ထမင်းတစ်ခါစားရင် ဇလုံအမောက်ကြီးစားတတ်
သူက အစာမစားဘူးဆိုတာ ဘာကြောင့်လဲ"





"သူတို့နှစ်ယောက် စကားများထားလို့နေမှာပေါ့။ အဲဒီကောင်
ကိုက ကောက်ချိတ်"

"ကိုကလည်းလေ, အငယ့်ကိုပြောတော့မယ်"

ကိုကြီးနှင့်မမက တီးတိုးရယ်လိုက်ကြလေ၏။ ထမင်းပွဲပြင်တာ
ကို ယုနှင့်မမကေသီပင် လုပ်ပြီးသည့်အထိ ကိုရွှေချောက ဝင်မလာပါ
ချေ။

"မခေါ်ကြဘူးလား"

"ဘာလဲ မမရဲ့"

"ယုနဲ့ အလတ်လေ"

"ဟင်! ခေါ်ပါတယ် မမရယ်၊ သူ့ဟာသူ ကောက်နေတာတော့
ယုလည်း မတတ်နိုင်ဘူး"

"ညကလည်း အငယ်ကောင်ကို ကျိတ်ပြီးပြောနေလို့ ဟောက်
လိုက်ရသေးတယ်။ ဒီကောင့်အကျင့်နဲ့ မလွယ်ပါဘူး။ ယုမို့ သည်းညည်း
ခံနိုင်တာ"

"အတူစားရအောင် သွားချော့ခေါ်လိုက်ပါ ယုရယ်။ ဆာနေမှာ
ပေါ့"

"တော်ပါစေပေါ့ မမရဲ့၊ သူ့ဗိုက် သူမှ မသဒ္ဒါတာ"

"ကြည့်၊ ဒါဆို အင်္ဂါနေ့ Interview ကို ဘယ်လိုအတူလာခဲ့မှာလဲ"

"ဟင်! အင်္ဂါနေ့လား"

"အေး၊ ငါးယောက်ပဲ ခေါ်တဲ့ဟာ၊ Form က အစောင်နှစ်ဆယ်ပဲ ထုတ်တာ ကုန်ပြီ။ ယုနဲ့ အလတ်ကိုက Boss ကို မမပဲ ပြောထားပေးတယ်။ နှစ်ယောက်လို့ပြောထားပြီး တစ်ယောက်တည်းရောက်လာရင် မျက်နှာပျက်စရာဖြစ်ကုန်လိမ့်မယ်လေ။ ရမှာလည်း သေချာနေတာကို။ သွားပါ. . . သွားခေါ်လိုက်။ ယု, ချော့ရင် သူ့ပျော့ပြီး ပါလာမှာပေါ့"

"ဟင်! မမကလည်း"

"သွားခေါ်လိုက်ပါ ညီမလေးရယ်။ သူက လူကသာ ကျွတ်ဆတ်ဆတ်၊ အချော့က ကြိုက်ပါဘိ့သနဲ့။ ပြောတော့ဖြင့် အလတ်တွေက အမြဲလစ်လပ်နေတတ်တာတဲ့။ ကိုကြီးတို့အလတ်ကတော့ တစ်အိမ်လုံးရဲ့အချစ်တွေကို စုပုံရပြီး ဗိုလ်ကျချင်တိုင်း ကျနေတာ အမြင်ပဲ။ သွားခေါ်ချေ"

ကိုကြီးက ယုကျောကုန်းကို ခပ်သာသာတွန်းလွှတ်နေပြီမို့ ညည်ခန်းကို ပြန်ထွက်လာခဲ့ရ၏။ သူက အနံ့တီမေ့ ဆက်တီဘေးရှိ ဆိုင်





သားရေခုံလေးမှာ ထိုင်ပြီး မျက်နှာကို (၈)ခေါက်ချိုးထားလေသည်။ ယုခဲ့ကောင်လေးက မအိုခင် မျက်နှာရှုံ့တွနေတဲ့ အဘိုးအိုပေါက်စနလေးဖြစ်မယ်ထင်ပါရဲ့။

"အလတ်"

". . ."

"ခေါ်နေပြီလေ၊ မသွားဘူးလား။ ညကလည်း ဘာမှဟုတ်တိပတ်တိမစားဘဲ အိပ်သွားတာ။ Breakfast ကော်ဖီတစ်ခွက်တောင်မကုန်ဘူး။ ဟိုမှာ သမီးလေး ခရမ်းချဉ်သီးသုပ်လာတာ သွားစားချေ"

"မစားပါဘူး။ သူလုပ်လာတာ မကေအတွက်ပဲဟာ။ ညီဖို့မှ မပါဘာ"

"ဟယ်, သားကတော့လေ"

"အများကြီးသုပ်လာတာပါ အလတ်ရဲ့။ နင်ကလည်း"

"မသိဘူးကွာ. . . မစားချင်ဘူးဆို မစားဘူး"

တွေ့လား. . . ချော့တဲ့လူက ချော့ခေါ်နေတာတောင် ဒင်းက ဘင်းနေသေးတယ်လေ။ ဟင်းနော်. . . အနံ့တီမေ့ရှေ့မှာမို့ ဘာမှမလုပ်တာ၊ အပြင်မှာဆို ဒင်း ဗိုက်ခေါက်ပြတ်ပြီမှတ်။

"ဒါဖြင့် ဘာစားချင်လဲ, ပြော"

"ဘာမှမစားဘူး"

"ဘာမှမစားလို့ဖြစ်မလား။ နင် အစာအိမ်ပြန်ဖြစ်ရင် အန်ဝ်မေတို့ စိတ်ညစ်ရဦးမယ်။ ပေပေတေတေနေမယ်မကြံနဲ့"

"နင် ဆရာလုပ်စရာမလိုဘူး"

"ကြည့်! သားနော်"

"ဟို အလတ်ကောင်, ဘာဖြစ်နေပြန်တာလဲ"

အောက်ထပ်မှာ ကြွက်စီကြွက်စီဖြစ်နေတာမို့ အပေါ်ထပ်မှ ဆင်းလာသည့် ဦးဦးထံမှ အော်သံထွက်လာချေပြီ။ ဒူးပေါ် လက်ထောက်လျက်သား ထိုင်နေသည့်သူ့လက်မောင်းကို ဆွဲထူလိုက်မိ၏။

"လာပါ, နင် ခရမ်းချဉ်သီးသုပ် မစားချင်ရင်လည်း ငါ ထမင်းသုပ်ကျွေးပါ့မယ်. . . ထ"

"ဟင်းခါးရော"

"လုပ်ပေးပါ့မယ် ကိုရွှေချောရယ်။ ထမှာဖြင့် ထပါဟဲ့"

"အေး, သမီးပဲ ဒီကောင့်ကိုစိတ်ရှည်တယ်"

ဦးဦး့မှတ်ချက်ချသံက နောက်မှကပ်ပါလာလေ၏။ စူပုပ်ပုပ်မျက်နှာဖြင့် ထမင်းစားခန်းထဲ ပါလာတော့ မမကေသီက ပြုံးနေလေပြီ။





"လာ, မောင်လေး ခရမ်းချဉ်သီးသုပ်က ရှယ်ပဲ"

"အဲဒါ မစားဘူးတဲ့ မမရေ့ ယု ထမင်းသုပ်ပေးမယ်ပြောမှ ထ…ော်မှုလေရဲ့"

"ကောင်းကွာ. . . မိုလ်ကလည်း ကျပ့်"

တခြားလူဆို 'ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲ'လို့ ပြောမှာမုန်ပေမယ့် …ကြီးကိုတော့ သူပြန်မပြောပါလေ။ ဒီအိမ်မှာ ဘယ်သူ့ကို နွဲ့ဆိုးဆိုး… ဘယ်သူ့ကို လူစွာလုပ်လို့ရမယ်ဆိုတာကို သိထားတဲ့လူလည်လေး…ပါ။

ထမင်းသုပ်မွှေးမွှေးနဲ့ ဟင်းခါးပူပူလေး စားရတော့ Steel ဇလုံ…စ်လုံးကြီး ပြုံကြခနဲကုန်တာမို့ ကိုကြီးတို့စုံတွဲ ရယ်လေတော့သည်။ …ကျေနပ်သလို ကြည့်လိုက်ပေမယ့် သူ့မျက်နှာကြော လျော့သွားတာ…တော့ ယု အသိဆုံးပင် မဟုတ်ပါလား။

ဩော်, ညီညီဇော်ဆိုတဲ့ ကောင်စိတ်ပုပ်လေးရယ်။



## အခန်း (၇)

''ဒီတစ်ခါတော့ နင် ကန့်လန့်လုပ်ဖို့မကြံနဲ့ ညီ။ မမ တိုင်ပြော
င် ကိုကြီးသိသွားမှာ''

''မမကေသီထက် နင့်အစ်ကိုနဲ့ အတူတူကို မလုပ်ချင်တာ''

''အံမာ, ငါ့အစ်ကိုလောက် သဘောကောင်းတာ ဘယ်မှာသွား
မှာလဲ''

''ဘာသဘောကောင်းရမှာလဲ၊ ငါ့ကိုမြင်တာနဲ့ သူပိုင်တဲ့ပစ္စည်း
လုမယ့် 'ဒိုင်ဗိုလစ်' လို့ထင်ပြီး စူးခနဲ့ကြည့်တတ်တာ အမြင်ကပ်
ကြီး''

''ကိုကိုက ပါးစပ်ကသာ ငြင်းတာ၊ လက်က ပေးတာမျိုး မနေး

ဘူးဟဲ့။ နင့်လိုစိတ်ပုပ်တဲ့ကောင်စားမျိုးမဟုတ်ဘူး''

''အောင်မာ! ငါ့ကိုများ စိတ်ပုပ်တယ်တဲ့။ ဒါဆိုလည်း အဲဒီလို စိတ်ပုပ်တဲ့ကောင်ကို နင် ဘာလို့ပြန်ချစ်တာလဲ။ ပြောလေ''

''အံမာ, ဂုရာစစ၊ နင့်ကို ငါဘယ်တုန်းကများ ချစ်တယ်လို့ ပြောဖူးလို့လဲ။ သေချာပြန်စဉ်းစားကြည့်လိုက်ဦး။ သူ့ဟာသူ လိုရာယူ လိုရာယက်တဲ့ လိပ်လိုကြက်လို''

''တော်ပြီ တော်ပြီ. . . Interview ဖြေခါနီး ငါ စကားမများ ချင်ဘူး။ နင့်စကား ဒီမှာတင် ရပ်တော့။ ဒါပဲ''

ကားဂိတ်နား ရောက်ခါနီး သူပိတ်ပြောပြီး ခြေလှမ်းကို ရပ်လိုက် လေ၏။ ဟုတ်တယ်. . . ယုပြောတာ အမှန်တွေပဲဟာကို။ သူနဲ့ယု သမီး ရည်းစားဖြစ်တဲ့ကိစ္စဟာ သူများတကာစုံတွဲတွေလိုမျိုး နှစ်တွေလတွေ ကြာညောင်းအောင် စောင့်ပြီးမှ ရတဲ့ရလဒ်မျိုးမှ မဟုတ်ခဲ့တာလေ။

'နင့်ကို ငါပိုင်တယ်'ဆိုတဲ့စကားနဲ့ ယုတစ်ကိုယ်လုံးကို ယှဉ်မ အောင် သူ တုပ်နှောင်ခဲ့တဲ့ကြိုးက သံယောဇဉ်ကြိုးမဟုတ်လား။ ဟိုး ငယ်ငယ်တုန်းကတည်းက ယုအပေါ်မှာ သူ အဘယ်မျှ ချစ်ခင်ခဲ့သ ဆိုတာကို မျက်မြင်ကိုယ်တွေ့မို့ သူဟာ သူပြောသလိုပဲ ယုအတွက် ဘဝရဲ့ဖူးစာရှင်အစစ်အမှန်ပဲလို့ ယုံကြည်သက်ဝင်စွာနဲ့ ယုဆသတ်မှ





ခဲ့လိုက်မိတာလေ။

စဉ်းစားကြည့်လေ, ပိုသေချာလေပဲ မဟုတ်ပါလား။ ဘယ်လို ကောင်လေးမျိုးက သူတို့ကောင်မလေး ဘယ်ကိုသွားသွား စိတ်ရှည် သက်ရှည်နဲ့ အဖော်လိုက်ပေးနိုင်မှာတဲ့လဲ။ ယောကျ်ားလေးအုပ်စုတွေ ဒါနိုက်မှသာ (အူတိုစွာဖြင့်) ယုကို မခေါ်တတ်တာမျိုးပဲရှိပြီး သူ ဘယ် သွားသွား ယုကို မငြီးမငြူ အမြဲခေါ်တာပါလေ။

''ငါတို့ ဌာနမတူရင် ဘယ်လိုလုပ်မလဲ''

''ကြည့်! တစ်ကုမ္ပဏီတည်းအလုပ်ပဲ ရပါစေဦး ညီရယ်''

''မကောပြောတော့ ရှုပ်သေချာတယ်ဆို''

''အဲဒါ နင့်မရိုးလောင်းလေဟဲ့။ ငါက သေချာသိပ်မလား''

''တစ်ကုမ္ပဏီတည်းတော့ ရပြီး ဌာနမတူရင် အလကားပဲ။ နင့် ကို တခြားကောင်လေးတွေနဲ့ တွဲခိုင်းတော့ ဘယ့်နှယ်လုပ်မလဲ''

ကြိတ်တွေး ပူပန်နေသည့်သူ့ကိုကြည့်ရင်း ပြုံးလိုက်မိပါ၏။ သူ့နား နေရင် ဒီလိုပွစိပွစိရေရွတ်သံကို မကြာခဏကြားနေရတာမဟုတ်လား။ GM က ယုတို့လူငယ်တွေကို သူလိုအပ်တဲ့နေရာမှာပဲ လိုသလိုခန့်မှာ လေ။ ဒါကိုနားမလည်ဘဲ နေရာတကာ စွယ်တော်ရွက်လို (ငယ်လေး ပြောတဲ့ အီကြာကွေးလို) အမြဲ တပူးတွဲတွဲနေလို့မဖြစ်တာဘဲ။

"ကြည့်ပါလား၊ ပြုံးပြန်ပြီ၊ နင် အဲဒီလိုမျိုး လူရှေ့သူရှေ့ ခဏခဏမပြုံးနဲ့စမ်း"

"ပြုံးတာ ဘာဖြစ်လဲဟဲ့။ ဒါမှအလုပ်ရနိုင်မှာပေါ့။ အလုပ်ဖြင့်မရသေးဘူး၊ မျက်နှာကို ရှုစ်ခေါက်ချိုး ကိုးခေါက်ချိုး လုပ်ထားမှတော့ ဘယ်သူက အလုပ်ပေးချင်တော့မှာလဲ"

"လျှာမရှည်ပါနဲ့၊ နင် ခပ်တည်တည်လေးနေလည်း ကြည့်လို့ကောင်းနေတာပဲကို။ အပြုံးကို အပိုထပ်ဆောင်းပေးနေလည်း သူများထက် ပိုရလိမ့်မယ်မထင်နဲ့"

ယု မအောင့်နိုင်ဘဲ ရယ်ချလိုက်မိရာ သူ့လက်သီးဆုပ်က ခေါင်းပေါ်ကျလာလေ၏။ အနိုင်ကျင့်တာပဲဆိုတာထက် အသည်းယားပြီး ဤသို့ပြုမူတာမှန်း ယု သိနေပါသည်။ ဒီကောင်လေးအကြောင်းကို အစ ချေးခါးအကုန်လုံး ယုသာ အသိဆုံးမဟုတ်ပါလားလေ။

"ငါပြောထားပြီးသားနော်၊ ဌာနမတူတာနဲ့ အဲဒီက ကောင်တွေ နဲ့ ငါ့ကွယ်ရာ တွဲခုတ်လို့ကတော့ နင့်လည်မျိုကို အညှစ်ပဲ။ ငါမလုပ် ဘူး. . . မထင်နဲ့"

"အံမာ! နင်လည်း နင့်ဌာနက လေဒီတွေနဲ့ တတွဲတွဲသွားမှာ ကို၊ ငါ့ချည်းလိုက်ကျပ်မနေနဲ့။ Carry on ဆိုလို့ကတော့ ယုတို့က





Do or Die ပဲမှတ်"

"နင်တော့ ငါ့လက်ချက်နဲ့ အသက်ထွက်တော့မယ်"

"ဟိုမှာ Taxi လာပြီ"

ယုကို သူလက်ရွယ်လိုက်စဉ် Taxi ကိုအကြောင်းပြလိုက်မိလေ၏။ သူက ခေါင်းကိုထုရန် ရွယ်လိုက်သည့်လက်ကို ယုလက်ဖျားဆီ ပြောင်းကိုင်လိုက်လေသည်။ တွေ့လား. . . ဘယ်လောက်ချစ်စရာကောင်းလိုက်တဲ့ ကောင်လေးပါလဲ။

"အယောက် (၂၀)တောင် View မှာဆိုတော့ ကြာတော့မှာပဲ"

"ကြာကြာပေါ့၊ ငါတို့ Form က မမတင်ထားပေးတာပဲဟာ။ ပူစရာမလိုပါဘူး"

"ဟင်း. . ."

"သက်ပြင်းက ချပြန်ပြီ၊ အသက်တော့ တစ်ရက်တိုဦးတော့မှာပဲ ညီရာ"

"ငါတစ်ယောက်တည်းပဲ သေလိမ့်မယ်ထင်မထားနဲ့။ ငါသေရင်နင့်ကို အပါခေါ်မယ်မှတ်"

သူ အံကျိတ်ကြိမ်းတာကို သဘောကျပြီး တီးတိုးရယ်လိုက်မိလေ၏။ လျှာအရိုးမရှိတိုင်း စကားကိုအလွယ်ပြောလေ့ရှိကြပေမယ့် ယု

အပေါ်မှာတော့ သူတကယ်ချစ်မှန်း သိနေပါသည်။ သူ ဤသို့ပြောလော့ ရှိတာလေးကိုပဲ ယု အမြဲနှစ်သက်ကျေနပ်နေတာ မဟုတ်ပါလား။

"တွဲထားတဲ့ ငါ့လက်ကို နင် ဆွဲဖြုတ်တဲ့နေ့. . . နင့်အသက်နဲ့ ဝိညာဉ်ခွာတဲ့နေ့လို့ပဲ မှတ်ထား။ အဲဒါ အတည်ပဲ"

"အလွတ်ကြီးပါလားဟယ်၊ အကြော်မပါဘူးလား"

"နင်နော်၊ ငါ့စကားကို ပေါ့ပျက်ပျက်မလုပ်နဲ့"

"အေးပါ အေးပါ. . . ရောက်ပြီ ဦးလေး၊ အဲဒီရှေ့နားမှာပဲ ရပ် ပေးလိုက်ပါ"

ကားပေါ်မှ ဆင်းလိုက်စဉ် ဝတ်လာသည့်အဝတ်အစားကို တစ် ခေါက်ပြန်ကြည့်ကာ စစ်လိုက်မိ၏။ ယု ဝတ်လာတဲ့ Blouse က အဖြူ ပေါ်မှာ မီးခိုးရောင်ဖျော့ဖျော့အတုံးလေးတွေ ခပ်ကျဲကျဲရှိနေပြီး ကော် လံအချွန်လေးနှင့်ပါ။ လက်က တံတောင်ဆစ်အောက်နားမှာ လက်သုံး လုံးအပြား ပြန်ခေါက်ထားပြီး အခွဲကြောင်းလေးမှာ ကြယ်သီးလုံး လေးနှစ်လုံးစီ တပ်ထားသည့်လက်စကပုံစံလေးနှင့်လေ။ အောက်က စကပ်အရှည်က ခဲပုပ်ရောင်မို့ သိပ်မတောက် သိပ်မမှိုင်းတဲ့ Design ပဲ။

ညီကတော့ Shirt အဖြူခံမှာ ခဲရောင်အစင်းလေးတွေပါ





နှင့် အောက်က Style Pants အနက်ရောင်ကို တွဲဝတ်လာတာမို့ နှစ် ယောက်သား ဆင်တူကြီးမဟုတ်ပေမယ့် ခပ်ဆင်ဆင်လေးဖြစ်နေလေ ၏။ ကုမ္ပဏီအဝင်တော့ Interview ဖြေရမည့်အခန်းရှေ့မှာ လူက အတော်စုံနေချေပြီ။ ညီက အပေါက်ဝမှာ ရပ်နေသည့် ဝန်ထမ်းကောင် လေးဆီ လျှောက်သွားကာ နာမည်စာရင်း ပေးလိုက်ပါ၏။

"ဟုတ်ကဲ့၊ အမှတ်စဉ် (၁၃) နဲ့ (၁၄) ပါ။ ခဏစောင့်ပါနော်"

မှုံကုပ်ကုပ်မျက်နှာဖြင့် ပြန်ရောက်လာသည့် သူ့မျက်နှာကိုကြည့် ကာ မေးဆတ်၍ မေးလိုက်မိပါ၏။

"(၁၃) နဲ့ (၁၄) တဲ့လေ၊ Un Lucky...နံပါတ်ကြီး"

"အယူက သည်းပါ့ဟယ်"

"(၁၃)က နင့်နာမည်ဟ"

"ဘာဖြစ်လဲ. . . ငါက နင့်လောက် အယူမသည်းဘူး"

မိန်းကလေးများတာမို့ ကောင်မလေးတွေက အရောင်စုံ အသွေး ဖြစ်နေလေ၏။ ညီ့မျက်ဝန်းတွေများ ဝဲနေပြီလားဟု ငဲ့ကြည့်တော့ ယု ကောင်လေးမျက်လုံးတို့က ခြေထောက်ဆီမှာ စူးစိုက်နေပြီး မျက်ခုံးအစုံ က တွန့်ထားတာလေ။ ကဲ! ဘယ်လောက်ချစ်ဖို့ကောင်းတဲ့ ယုချစ်သူ လေးလဲ။

"(၁၀) (၁၁) နဲ့ (၁၂) ဝင်လို့ရပါပြီ။ (၁၃) (၁၄) နဲ့ (၁၅) အဆ
သင့်ပြင်ထားကြပါခင်ဗျာ"

"ဟော!"

လက်စသတ်တော့ တစ်ခါခေါ် သုံးယောက်ဖြစ်နေတာကိုး။
ကြောင့် တစ်အုပ်စုကြီးကနေ ခဏလေးနဲ့ အမြန်လျော့သွားတာ
အလုပ်ရဖို့ သေချာမှန်းသိနေပေမယ့် စိုးရိမ်တာကတော့ စိုးရိမ်တ
ပဲ။ ရင်ထဲစိုးထိတ်စွာဖြင့် သူ့လက်ကိုသွားကိုင်လိုက်မိစဉ် သူက
ခနဲလှည့်ကြည့်လိုက်ပါ၏။

"ဟာ! ဘယ်လိုဖြစ်ပြီး လက်က အေးစက်နေတာလဲ။ လူ
လက်ကြီးအတိုင်းပဲ"

သူက ယုလက်ဖျားလေးကို ခဏမျှဆုပ်ထားပေးပါ၏။
သိကြား 'မ'လို့ ဖြေနိုင်မယ့်မေးခွန်းမျိုးပဲ မေးပါစေနော်။

"ယုယမေ, ညီညီဇော်, ကောင်းထက်စံတို့ ဝင်လို့ရပါပြီ"

ဝန်ထမ်းကောင်လေးအသံကြောင့် ထိုင်ခုံမှ ဆတ်ခနဲထရပ်
မိ၏။ အစဉ်အတိုင်းဝင်ရတာမို့ အတွင်းအရောက်ဆုံး စားပွဲရှေ့
ယု ဝင်ထိုင်လိုက်ရပါသည်။ ညီက အလယ်ခုံမှာထိုင်ပြီး ယုတို့
မှဝင်လာသည့်ကောင်လေးက အဝင်ဝနားရှိခုံမှာ ထိုင်ရလေ၏။





ားပွဲမှာရှိနေသည့်လူက ယုရဲ့ကိုကိုလေ။

"ယုယမေနော်"

"ဟုတ်ပါတယ်"

ခေါင်းညိတ်ဖြေလျက် ရှေ့မှတာဝန်ခံဆီ အကြည့်ရောက်သွား
ဉ့် ယုပါးစပ်အဟောင်းသားဖြင့် မျက်လုံးကျယ်သွားရလေ၏။ မအံ့သြ
ဘဲ ရှိမလား. . . ပထမဦးဆုံး Interview ဖြေရတဲ့ကုမ္ပဏီက Lift
ထဲမှာ တစ်ကြိမ်၊ ဟိုတစ်ခါ ငယ်လေးကို စာအုပ် လိုက်ဝယ်ပေးတုန်း
က ဆိုင်ထဲမှထွက်လာတုန်း တစ်ကြိမ်၊ မြင်လိုက်ရတာပဲ။ ခုတစ်ကြိမ်
ဆိုရင်တော့ သူနဲ့ဆုံတာ သုံးကြိမ်မြောက်ပေါ့နော်။

နားထဲမှာ မိုမိုပြောဖူးတဲ့စကားကို ကြားယောင်လိုက်မိ၏။ 'အနေ
လို့ သံယောဇဉ်ရှိလို့ အရမ်းရင်းနှီးမှုရှိရုံနဲ့ ဖူးစာရှင်အစစ်အမှန်မဖြစ်
င်ဘူး' တဲ့။ 'မထင်မှတ်တဲ့နေရာမှာ မရည်ရွယ်ဘဲ သူစိမ်းတစ်ယောက်
နဲ့ မျှော်လင့်မထားသလို သုံးကြိမ်သုံးခါတိုင်တိုင် ဆုံခဲ့ရင် သတိထား
တော့' တဲ့။ 'အဲဒါ နင့်ဖူးစာရှင် အဖြစ်နိုင်ဆုံးလူပဲ' တဲ့လေ။

မိုမို ထိုသို့ပြောတုန်းက အမှုအမှတ်မထားဘဲ တဟားဟားရယ်
မောလျက် လှောင်ခဲ့မိသမျှ အခုတော့ အာစေးမိထားသလို (ညို့ငင်ခံ
ထားရသလို) မင်သက်ပြီး ငေးနေမိတာအမှန်ပါလေ။ သူမှသူအစစ်ပါ

ပဲ။ ယုဘဝမှာ မရည်ရွယ်ဘဲ ေငးကြည့်မိဖူးတဲ့ ထူးထူးဆန်းဆန်း အမျိုး
သားတစ်ယောက်ကို နဖူးတွေ့ဒူးတွေ့ တော့တော့ဆိုင်ဆိုင်လာတွေ့နေ
လေ။

သူက CV Form တွေကို ဟိုဒီလှန်လှောကာ ပြုံးယောင်ယော
ဖြစ်သွားလေ၏။ အလို! ကြည့်ကောင်းလိုက်တာနော်။ ခပ်တည်တည်
နေလျက်မှ လှစ်ခနဲပြုံးလိုက်ဟန်က ရှားပါးလွန်းသည်ကို။

"မင်း၊ ကိုယ့်ကိုသိလို့လား"

"ရှင်! ဟင်. . . မသိပါဘူး"

ယောင်ယမ်းဖြေမိသည့်အဖြေက ကမောက်ကမနှင့် အစီအစ
မကျ။ နေဦး. . . ယုကိုမေးတာ အလုပ်ကိစ္စတွေမှ မဟုတ်တာဘဲ။

"မသိဘူးလို့သာ ပြောတယ်၊ မင်းမျက်ဝန်းတွေက ကိုယ့်ကို
နေသလိုမျိုး အရိပ်တွေပြနေတယ် ယုယမေရဲ့။ သေချာပြန်စဉ်း
ကြည့်လိုက်ပါဦး။ ကိုယ်တို့ တစ်နေရာရာမှာများ ဆုံဖူးကြသလား"

သူက Form ကို စားပွဲထက် အသာချထားလိုက်ပြီး တတော
နှင့်လက်ချောင်းတို့ကို စုယှက်ကာ မေးလိုက်လေ၏။ အေးအေးပုံစံ
ဖြင့် မေးနေပေမယ့် ယုကတော့ ချွေးစေးတို့ပင် ပျံနေချေပြီ။ ဘု
ရေ! အမှတ်ရနေသည့် သူ့ဆီမှ ရနံ့တို့ကပင် တစ်ခန်းလုံး ပျံ့နှံ့နေ





လာ။ အသက်ရှူနှုန်းတွေပင် မှားယွင်းလာသည့်နှယ် ခံစားနေရသည်
အမှန်ပါလေ။

"ဟင့်အင်း"

"သေချာလား"

"အင်း"

"အဖြေကလည်း မရေရာလိုက်တာ၊ ဖိုးနိုင်နဲ့ ရုပ်ချင်းဆင်လို့
ကိုယ်ရင်းနှီးတယ်လို့ ထင်နေတာပဲလား။ စိတ်ထဲမှာတော့ ဟိုတုန်း
ကတည်းက သိနေသလိုကြီးပဲ ယုယမေရဲ့"

'ဖိုးနိုင်' တဲ့။ ကိုကို့ကို တရင်းတနှီးခေါ်ဝေါ်လိုက်ပုံမို့ စားပွဲထက်
Name block ကို ဖျတ်ခနဲအကြည့်ရောက်သွားရလေ၏။ 'GM
နှင်းမြတ်သူ' တဲ့။

သေစမ်း! ယုယမေ၊ ကိုကိုတို့ Boss ရှေ့မှာမှ မှောက်လျက်
လာကျရတယ်လို့။

"ယု မသိပါဘူး"

ခေါင်းခါပြလိုက်တော့ သူ့ထံမှ ရယ်မောသံထွက်လာလေ၏။ ကို
ရင်းနှီးပြီးသားမို့ပဲ ယုကိုတရင်းတနှီးပြောဆိုနေလေသလား။ အလုပ်
နှင့်ဆိုင်သည့်မေးခွန်းတွေက ယုကို အသက်ရှူမှားစေတာလေ။

"အလကား စတာပါ"

"ရှင်! "

"ကဲကဲ, ပြန်လို့ရပါပြီ"

"ဟင်! ယု ဘာမှမဖြေရသေးဘူးလေ"

"ရတယ်, ကိုယ်မေးချင်တာကို ဖြေပြီးရင် ပြန်နိုင်ပြီလေ"

အီလည်လည်မျက်နှာဖြင့် ထရပ်လိုက်မိစဉ် ခြေနှစ်ချောင်း ရိုက်သလိုဖြစ်ကာ ယိုင်သွားပါ၏။ သူက ခုံမှရပ်လိုက်ပြီး ယုလက်မော ကို ကိုင်ထိန်းရန် ရည်ရွယ်လိုက်စဉ် ခေါင်းကို အမြန်ဆုံးခါပြလိုက် ပါသည်။

ခပ်လှမ်းလှမ်းခုံမှာ ထိုင်နေလျက်မှ ညီမျက်ဝန်းတို့က ယုတို့ ရောက်နေတာလေ။ ရင်မောရပြီ ယုရယ်။



## အခန်း (၈)

"ငါ အစာသိပ်ကျေတာမဟုတ်ဘူး"

"ဟော! ဖြစ်ရပြန်ပြီ၊ ဘာဖြစ်လို့လဲ"

"အဲဒီနေ့က ငါတို့ယောကျ်ားလေးနှစ်ယောက်ကို စစ်စစ်ပေါက် ပေါက်ဖျူးကြတာလေ။ နင့်ကိုကျ အဲဒီ GM က ဘာတွေပြော, ဘာတွေ ပြုံးပြီး ရယ်နေကြတာလဲ"

"ငါမရယ်ပါဘူး"

"အေးလေ. . . နင် မရယ်လို့ သက်သာသွားတယ်မှတ်ပေါ့။ ဘောက်! ကြည့်မရတဲ့လူဆီမှာမှ အလုပ်ရတယ်လို့"

"ဘယ်သူ့ကိုကြည့်မရပြန်တာလဲ၊ ကိုကို့ကိုလား"

"မဟုတ်ပါဘူး. . . အဲဒီ GM ကို"

"ကြည့်, အသားလွတ်ကြီး Boss ကို ရန်စောင်နေပြန်ပါပြီ အဲဒီနေ့က မန်နေဂျာချုပ်မအားတာနဲ့ GM ကိုယ်တိုင် ဖျူးရတာ အဲဒီ GM ဆီမှာဖြေရတဲ့သူတိုင်း အသက်ရှူချောင်တာတဲ့။ MD မန်နေဂျာကိုကိုဆီမှာ ဖြေရတဲ့သူတိုင်း သေချင်စော်နံကြတယ်လို့ ပြောတယ်ဟ"

ဟုတ်ပါတယ်၊ တကယ်ဆို Boss တစ်ယောက်အနေနဲ့ ဒီ Interview ခန်းမှာ မေးမြန်းစရာမလိုပါချေ။ ယုတို့တွေပဲ ကံကော တာလားမသိ၊ ဒီတစ်ခေါက် Interview မှာမှ Boss ကိုယ်တိုင် ဖျူးခွင့်နဲ့ ကြုံခဲ့ရတာပါ။ တကယ်တမ်း ဝန်ထမ်းခန့်သူက MD ကိုထ အောင်ခန့်သာ ဖြစ်လေ၏။

မန်နေဂျာပေါက်စဖြစ်သည့် ကိုကိုဆီမှ ထောက်ခံချက်ဖြင့် ငါးယောက်ကို ရွေးချယ်ပြီး ခန့်စေခဲ့တာပင်။ ထိုအထဲမှာ ယုနှင့်ညီမ မမရဲ့ Cousin (ဝမ်းကွဲမောင်) ကောင်းထက်စံတို့သုံးဦးက မပါမ ပါဝင်ပြီး အလုပ်ရခဲ့တာလေ။

"မြန်မြန်လာလေ, အလုပ်စတက်တက်ချင်း နောက်ကျလို့ ဘူး"





"ဘယ်လိုဖြစ်နေလဲ၊ အလုပ်က ကိုးနာရီမှ စတက်ရမယ့်ဟာ၊ သိပ်ကြွတက်မနေနဲ့။ မမီရင် Taxi နဲ့သွားမှာပေါ့။ နင့်လူကြီးကိုသိပ် တွေ့ချင်နေပြီလား"

'နင့်လူကြီး' ဆို၍ ယုပြုံးလိုက်မိပါ၏။ ဒီလောက်သဘောကောင်း တဲ့ Boss ကိုမှား သူ မကျေမနပ်ဖြစ်နေရတယ်လို့။ သူ့ထက်စာလျှင် ဘုန်းမြတ်သူက အများကြီးကြည့်ကောင်းပြီး တအားကြီးချောပြီး ခန့် ငြိမ်းနေတာလေ။

"ဦးဘုန်းက ချောတယ်ဟ"

"ဘာ! "

"နေ့တိုင်း Taxi မစီးနိုင်ပါဘူး။ ငါ့ကိုအလုပ်ရပြီဆိုပြီး ကိုကြီး က မုန့်ဖိုးဖြတ်လိုက်ပြီဟဲ့။ ဖေဖေပဲ ပေးလက်စ ဆက်ပေးတာ"

"နင်နော်, GM ကို ဘယ်လိုခေါ်လိုက်တာလဲ"

"ဦးဘုန်းလေ, ဘာဖြစ်လို့လဲ"

"မခေါ်နဲ့၊ ရင်းဖြင့်မရင်းနှီးသေးဘူး။ နင့်ဘက်က မီးစိမ်းအရင် ပြယ်မကြနဲ့။ ငါ့လက်ချက်နဲ့ အသက်ထွက်ချင်လို့လား"

"ဘာဖြစ်လဲ. . . ကိုကိုက အဲဒီလိုခေါ်လို့ရတယ်တဲ့။ မမကတော့ ကိုဘုန်းလို့ တရင်းတနှီးခေါ်တာလို့ပြောတယ်"

"မရဘူး. . . GM ဆို GM...ဦးဘုန်းမြတ်သူဆို ဦးဘုန်းမြတ်သူပေါ့။ အရှည်ပဲခေါ် . . . ငါမကြိုက်ဘူး"

စလာပါပြီ၊ အူတိုတာတွေ အူပုပ်သည်းပုပ်တာတွေလေ။ ဘယ်လိုကောင်မှန်းကို မသိတော့ပါဘူး။ အလုပ်စတက်တာနဲ့ ရန်စရှာတာကိုတော့ ယု မနှစ်သက်လှပါချေ။ သို့သော် အလုပ်မှာ စကားများကြလျှင်ဖြင့် ယုဘက်မှာ ကိုကိုရော မမကေသီနိုင်ပါ ရှိနေမှာ အသေအချာပါလေ။

"နင် အဲဒီလောက်ဖြစ်နေရင်လည်း အစ်ကိုကြီးလို့ခေါ်မယ်၊ စိတ်ချ"

"မိယု! နင်နော်"

"ကားလာပြီ"

"နေဦးလေ"

ဂိတ်မှာ ရပ်လိုက်သည့် Bus ပေါ်ပြေးတက်တော့ သူက ယု လက်မောင်းကိုဆွဲ၍ တားလိုက်ပြီး ဂိတ်မှလူကုန်တက်ပြီးမှ တက်ေ လေ၏။ ရုံးချိန်မို့ လူကျပ်ပေမယ့် ရှစ်နာရီခွဲနေပြီမို့ အချိန်နီးနေပြီဖ လူကြားထဲမှာ မွန်းသလိုဖြစ်လာက အသက်ရှူမဝဖြစ်နေစဉ် သူက ယု လက်မောင်းကိုဆွဲကာ သူ့ရှေ့နား ရပ်စေပါ၏။ တစ်ယောက်ခုံဘေး





းလျက် ခုံနောက်မှီကိုကိုင်ထားစဉ် ခုံမှာထိုင်နေသည့်အစ်မကြီးက ယု ပြုံးပြလိုက်လေသည်။

"ချိုင့်ပေးပါလား. . . ကိုင်ထားပေးမယ်လေ"

"နေပါစေ မမ၊ ဟင်းရည်တွေ မမပေါ် ဖိတ်ကုန်မှာစိုးလို့ပါ"

"သြော်"

"မျက်နှာကို တည်ထားလေ"

နားနားကပ် သတိပေးလိုက်သည့်သူ့ကို ရန်လှည့်မဖြစ်အား ဂိတ်မှမောင်းထွက်လိုက်သည့်ကားကြောင့် ယိုင်သွားရစဉ် ယုကိုယ်လုံး သွယ်သွယ်လေးက ညီရင်ခွင်ထဲ ထွေးခနဲလဲလေ၏။ သူက ချိုင့်ကိုင် ားသည့်လက်မောင်းနှင့်ပင် ယုကိုပြန်တည့်စေလိုက်ပြီး ရှေ့ကို ပိုတိုး ာပ် ရပ်လိုက်ပါသည်။

ကဲ, ကားကျပ်ကျပ်တိုးစီးမိရင် ချစ်သူတွေကို ဤသို့ဤနှယ် းကပ်စေအောင် ကံကြမ္မာက ဖန်တီးပေးတာပါလေ။

"ငါ့ကို မဖျားယောင်းနဲ့နော်၊ နင်တော့ နာတော့မှာပဲ"

"သေလိုက်ပါလား"

တီးတိုးရန်စောင်လျက် မော့ကြည့်လိုက်မိစဉ် သူက ယုခေါင်း ဘက်မှာ သူ့မေးစေ့ကိုတင်လျက် ဖိထားလိုက်လေ၏။ ယုတို့ရဲ့ ပထမ

ဆုံး အလုပ်စဆင်းတဲ့မနက်ခင်းက ရင်ခုန်ဖွယ်အတိနဲ့ပါလေ။

"နှစ်ယောက်"

သူ ကားလေလှမ်းပေးတာကိုသိတော့ သူကြားသာအောင် ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်မိပါ၏။ ကားစက်သံကြောင့် သူ ကြားမှကြားပါ့မလား။

"ညနေကျ ငါ စိုက်ပေးမယ်, သိလား"

"ရတယ်, အားလုံးပေါင်းထားပြီးရင် နင့်ကို အကြွေးနဲ့ ငါသိမ်းမှာ"

"အံမာ, အဲဒီလိုကြွေးဆို နင့်ကို ငါပေးထားတာက ပိုတောင်များဦးမှာဟဲ့"

"ဒါဆိုလည်း ငါ့ကို နင်သိမ်းလိုက်ပေါ့ဟာ။ အတိုးအဖြစ် နေ့တိုင်း One Kiss ရမယ်"

"သေဦးမယ်၊ နင်နော်, အတာတ်ကောင်းတွေ ဘယ်က...တတ်လာတာလဲ"

"အချစ်က သင်ပေးတာပေါ့"

"အရှုး"

"ငါက အရူးဆိုရင် နင်က အရူးကတော်ဖြစ်မှာပေါ့"





"နင်နော်"

ယုက တဟောင်ဖြင့်တွက်တော့ သူက တီးတိုးရယ်လေ၏။ ယုတို့ရှေ့ခုံရှိ အစ်မကြီးက ပြုံးနေလျက်မှ ကားအပြင်ကို အကြည့်လွှဲလိုက်ပါသည်။ လူကြားထဲမှာ ကဲလွန်းသည်းလွန်းတဲ့စုံတွဲလို့များ ထင်သွားကြလေမလား။

မထင်လောက်ပါဘူးနော်. . . ယုတို့အမူအရာက မျက်စိ ကလက်ရောမဟုတ်သလို ပြောတဲ့စကားသံတိုးတိုးကလည်း နားမခံနိုင်စရာမျိုးမဟုတ်တာလေ။

လူငယ်တွေဖြစ်ပေမယ့် ပတ်ဝန်းကျင်နှင့်မသင့်လျော်သည့် အပြုအမူ ဝတ်စားဆင်ယင်မှုမျိုးကို ယုရော သူပါ တစ်ခါမှမပြောဖူး မဝတ်ဆင်ဖူးပါချေ။ တကယ်တော့ လူငယ်ဆိုတာ အနာဂတ်ရဲ့ ထိလွယ်ရှလွယ်သည့်အဖူးအငုံ့လေးတွေပင် မဟုတ်ပါလား။

"ငါပြောထားတယ်နော်၊ ငါနဲ့ကိုကိုကလွဲပြီး ဘယ်ကောင်လေးကိုမှ အရောဝင်မယ်မကြံနဲ့"

"ကောင်လေးတွေပဲ မဟုတ်လား"

"ဟိုလူကြီးလည်း ပါတယ်"

မှတ်တိုင်ရောက်ပြီမို့ သူနှင့်ယုတို့ ဆင်းခဲ့ပါ၏။ ကုမ္ပဏီမှာ ရာ

ထူးကြီး လူကြီးတွေနှင့် စကားပြောတိုင်းသာ သူ လိုက်ပြီး အုတိုနေရင် ယုတော့ ကောင်းကောင်းကြီး စိတ်ရှုပ်စရာတို့နှင့် ကြုံရတော့မှာ အသေ အချာပါလေ။

"Boss ကိုတော့ နင်ရန်လုပ်လို့မရပါဘူး"

"ဘောင်ကျော်လာလို့ကတော့ ကျွေးလိုက်မှာပေါ့"

"ဘာလဲ"

"လက်သီး"

သူက တကယ်ပင် ယုမျက်နှာရှေ့မှာ လက်သီးထောင်ပြလိုက် တာမို့ ရယ်ချလိုက်မိ၏။ ဒီကောင်နဲ့တော့ တကယ်မလွယ်ပါလေ။ ဝင် ထဲကိုဝင်လိုက်စဉ် ယုတို့ဘေးမှ မာစီးဒီး ဆီးညိုရောင်လေး ဖြတ်ဝင် သွားလေ၏။ ဟော! GM တော့ အစောကြီးရောက်လာပြီ ထင်ပါရဲ့။

"နင့်လူကြီးရဲ့ကားလား"

ညီမေးခွန်းကြောင့် ပြုံးလိုက်မိပါသည်။ စကားနောက် ဟရား ယုရဲ့လူကြီးလို့ သူသုံးပြန်ပြီကိုး။ မှန်တံခါးကို တွန်းဖွင့်ဝင်ခဲ့စဉ် Lift တစ်ခုက တက်သွားချေပြီ။ ကျန်တစ်ခုရှိရာသို့ ခပ်သုတ်သုတ်လျှောက် ခဲ့စဉ် အနောက်မှခေါ်သံကို ကြားလိုက်ရလေ၏။

"Please, wait a second."





"ဟူး. . ."

ညီထံမှ သက်ပြင်းဆောင့်ချလိုက်သံ ထွက်လာ၏။ Lift အမြန် တက်သွားမှာစိုးပြီး လှမ်းတားလိုက်သံကြောင့်ကိုး။ တံခါးကို ခလုတ် ဖွင့်လိုက်စဉ် အနီးသို့ ရန်သင်းသင်းလေးက ရောက်လာတော့၏။ ဟုတ် တယ်. . , ဒီရန့်ကို ရင်းနှီးနေတာ ကြာပါပြီကော။

Lift ထဲဝင်လိုက်ကြစဉ် ယုက အလယ်မှာဖြစ်နေပြီး ညီနှင့် ဦး ဘုန်းမြတ်သူက ယုဘေး တစ်ဖက်တစ်ချက်စီမှာ ရပ်လိုက်ကြလေ၏။ ငြိမ့်ခနဲတက်သွားသည်မို့ ညီလက်မောင်းကို ဖျတ်ခနဲလှမ်းဆွဲထားလိုက် မိပါသည်။

"Uniform နဲ့ လိုက်တယ်"

ငဲ့ကြည့်ပြီး ငုံ့ပြောလိုက်သည့်သူကို ပြန်ပြုံးပြလိုက်မိစဉ် ညီက ယုကို လက်မောင်းခါပြလျက် သတိပေးလေ၏။ ဒါလေး ချီးမွမ်းစကား ဆိုတာလောက်ကိုတော့ ညီ နားလည်ပေးသင့်တာပေါ့နော်။ ယုတို့ဝန် ထမ်းငါးဦးစလုံးကို အလုပ်စခန့်တဲ့နေ့မှာ (Interview အောင်တဲ့နေ့ မှာ) ပင် ခန္ဓာကိုယ်အတိုင်းယူပြီး Uniform ချုပ်ပေးခဲ့တာပင်။

ယောကျ်ားလေးတွေက Shirt အဖြူလက်ရှည်ပေါ်မှာ ချိုင်းပြတ် ကုတ်အနက်ရောင်နှင့် အောက်က Pants အနက် ဝတ်ရပါသည်။

မိန်းကလေးတွေကတော့ အပေါ်က blouse ကော်လံချွန်လက်မောင်းနှင့် ဒူးအောက်နားထိရှည်သည့် Mini Skirt အနက်ရောင်နှင့်ပါပဲ။

"Duty ခွဲပြီးပြီလား"

"ဟင့်အင်း. . . မသိသေးဘူးရှင့်"

"Marketing ဌာနကပဲ လိုတာဆိုတော့ မင်းတို့တွေ အပြင်ကိုပဲ သွားရမှာပေါ့။ ဘယ်လိုလဲ. . . အကြမ်းခံနိုင်ပါ့မလား"

"ရပါတယ်"

"ကြည့်ရသေးတာပေါ့လေ၊ နောက်မှ မလုပ်နိုင်ဘူးဆိုပြီး အစ်ကိုကို ငိုယိုတိုင်တဲ့အသံ ဘယ်တော့ကြားရမလဲဆိုတာကို စောင့်ဦးမယ်"

"ယု, အဲဒီလောက်မပျော့ပါဘူးနော်"

သူက သဘောကျသလိုပြုံးလိုက်တာမို့ ယု မျက်လွှာချလိုက်ရပါ၏။ လက်ဖမိုးကို ညီ ဆွဲဆိတ်ပြီး သတိပေးသလို အချက်ပြနေသဖြင့် ညီ့လက်ကို ဆတ်ခနဲပုတ်လိုက်ရပါသည်။ သူကတော့ ဘာမှသတိမထားမိပုံဖြင့် တံခါးရှိရာဆီ မျက်နှာမူထားလိုက်လေ၏။ ညီနှင့်ယုကတော့ ဘေးမှာ အသံတိတ်စစ်ပွဲဖြစ်နေပြီလေ။

Lift ရပ်သွားတော့မှ ရုံးခန်းရှိရာ Hall ထဲသို့ ခပ်သွက်သွက်လျှောက်လာခဲ့ကြ၏။ GM ကတော့ သူ့ရုံးခန်းထဲသို့ အေးဆေးသက်





သာစွာ ဝင်သွားချေပြီ။ Interview အောင်ထားသည့်ဝန်ထမ်း (၅) ယောက်စလုံး ခုံတန်းမှ (မျက်နှာငယ်စွာဖြင့်) ထိုင်နေစဉ် မန်နေဂျာကို ရောက်လာတော့၏။

"ဟာ! ဒီကလေးတွေကို ခုထိတာဝန်ခွဲမပေးသေးဘူးလား။ Marketing Supervisor တွေ ဘယ်ရောက်နေလဲ"

"လာပါပြီ ကိုနိုင်"

"Store ကရော"

"အခုပဲရောက်တာ ကိုနိုင်"

Store supervisor ဖြစ်သည့် ဆင်းသီဂီကိုတွေ့သည်နှင့် ယု မျက်နှာလေး ပြုံးသွားရပါ၏။ တစ်ဌာနတည်းရှိနေတာကြောင့် မသီဂီနှင့်ကို ဒီလိုဒီလို ရင်းနှီးနေတာကိုး။

"ဝန်ထမ်းအသစ်တွေနဲ့ Boss က စောရောက်နှင့်ပြီး နင်တို့ Supervisor တွေက ဘာလို့နောက်ကျနေရတာလဲ"

အား. . . ယုကိုကိုက Power တွေ အရမ်းရှိနေတာပါပဲလား။ Supervisor သုံးဦးနောက်မှာ ငါးယောက်သား မတ်မတ်လေး ရပ်နေစဉ် အစ်ကိုကြီးတစ်ယောက်က ကိုကို့လက်ထဲသို့ File ကိုဖွင့်ကာ လှမ်းပေးလိုက်လေ၏။

ကိုကိုက File ကိုဖွင့်ကာ မျက်မှောင်ကြုတ်၍စစ်ပြီးနောက် ဘော
ပင်ဖြင့် ဟိုဒီခြစ်လိုက်လေသည်။

"ယုယက A group, ညီညီဇော်နဲ့ မေစပယ်က B, ကော
ထက်စံနဲ့ အေးမြမွန်က C... သီဂီ Store ဌာနအတွက် နောက်မှ
ကိုပေးမယ်။ လောလောဆယ် ယုယက Supervisor နဲ့ မြို့ထဲပို့မ
ပစ္စည်းတွေတင်ပြီး သွားတော့။ ညီတို့က လှိုင်သာယာ၊ ကောင်းထ
စံတို့က ရွှေပြည်သာကိုသွားကြပါ။ မသိတာရှိရင် Supervisor
Senior တွေကို အကုန်မေး။ ပစ္စည်းစာရင်းတွေ မလွဲစေနဲ့။ ငွေသ
တာ မမှားစေနဲ့။ မှားရင် အဖွဲ့ဝင်အားလုံး တာဝန်ယူရမယ်။ ကဒ
တွေကို လက်တွဲခေါ်ကြပါ။ အစစအရာရာ လိုက်မပြောရစေနဲ့။ ရ
သီဂီ, Store ကပစ္စည်းတွေ သေချာထုတ်ပေးလိုက်တော့"

"ဟုတ်ကဲ့"

လူစု,စာရင်းခွဲပြီးသည်နှင့် Supervisor လက်ထဲသို့ File
ပြန်ထည့်ကာ ရုံးခန်းရှိရာဆီသို့ ကိုကို ထွက်သွားချေပြီ။ ယုတို့အ
လည်း Supervisor တွေနှင့်အတူ မသီဂီနောက်သို့ ပါလာခဲ့ရပါ
တော့၏။

စာရင်းကို မည်သို့မည်ပုံ လူခွဲပေးလိုက်သည်မသိပါ။ ယုကဒေ





ယောကျ်ားလေးသုံးယောက်နှင့် ကားတစ်စီး ဖြစ်နေပါ၏။ ညီမျက်နှာ
ကတော့ လင်ါးပုပ်ဖမ်းသည့်နှယ် စူပုပ်နေချေပြီ။ မမကေသီရဲ့မောင်
လေး ကောင်းထက်စံကတော့ အလုပ်စလုပ်ရသည့်ရက်မှာ ပြုံးပျော်
ဆို့ပါလေ။

အလို! ထိုကောင်လေးမှာ သွားတက်လေး ပါနေတာပါလား။
အံ့သြဖွယ်ကောင်းလေစွ။



## အခန်း (၉)

''ခဏတစ်ဖြုတ်တော့ အပင်ပန်းခံလိုက်ဦးနော် ညီမလေး။ နောက်တော့ မမသိင်္ဂီဆီမှာ လုပ်ရရင် သက်သာသွားမှာပါ''

ပစ္စည်းစာရင်းဘောက်ချာကို ဖြတ်ပေးရင်း ပြောလိုက်သည့် မမ ဆင်းသိင်္ဂီကို ခပ်ချိုချိုလေး ပြုံးပြလိုက်မိပါ၏။ ယုတို့က မြို့ထဲတင်မို့ နောက်ဆုံးမှာ ကျန်ခဲ့တာပင်။ ကောင်းထက်စံတို့အုပ်စုနှင့် ညီတို့အဖွဲ့ ကတော့ ခပ်စောစောကပင် ထွက်သွားကြချေပြီ။

''ဒီဆိုင်တွေ တစ်ခုချင်းလိုက်ပို့ရမှာလား''

''ဟုတ်တယ်၊ လိုင်သာယာနဲ့ ရွှေပြည်သာက ပို့ဖို့နေရာ သိပ် မဝေးဘူးလေ။ မြို့ထဲကိုက ပို့ရတဲ့အမယ်လည်း စုံသလို နေရာလည်း

များတာမို့ ပိုပြီးအချိန်ယူရတာ''

''အဲဒီလိုလား''

''မျိုးမင်းတို့တွေ ကလေးကို သင်ပေးကြဦးနော်''

''ဟုတ်ကဲ့ပါ မသိဂီရဲ့၊ မန်နေဂျာရဲ့ညီမကို ကျွန်တော်တို့ အရမ်းနိုင်းမယ်လို့များ ထင်နေလို့လား''

''မန်နေဂျာရဲ့ညီမတင် မကဘူးဟဲ့၊ GM... ရဲ့ Secretary မောင်နှစ်ယောက် ရှိသေးတယ်''

''ဟင်, ဘယ်သူတွေလဲ''

''ညီညီဇော်နဲ့ ကောင်းထက်စံလေ''

''ဟောဗျာ! ကောင်းထက်ကတော့ ဖော်ရွေပုံရပါတယ် မသိ ရဲ့။ ဟိုကောင်လေးကတော့ သိပ်မစွံဘူး။ လူကို ဘာမှမလုပ်ရသေး ဘူကြည့်,ကြည့်တဲ့အကြည့်က မလွယ်ဘူးဗျ''

အားလုံးပြုံးလိုက်ကြစဉ် ညီ့ကိုထိရင် မခံချင်သည့်စိတ်က ရ ကို ဆွပေးသလို ဖြစ်လာပါ၏။ ကွယ်ရာမှာ သူမသိအောင်,ပြော အတင်းလို့ သတ်မှတ်လို့ရတယ်မဟုတ်လား။

''ညီက ရုပ်ပဲ မှုတေတေဖြစ်တာပါ အစ်ကိုရဲ့။ စိတ်ရင်းကော ကောင်းပါတယ်''





''ဟာ! တို့အုပ်စုထဲမှာ အထိမခံ ရွှေပန်းကန် ပါလာသဟေ့''

ဝေါခနဲရယ်မောလိုက်ကြလေ၏။ စက္ကူသေတ္တာတွေကို အလုပ်သမားတွေ တင်နေတုန်းမို့ စာရင်းမှတ်ရင်း စကားပြောနေကြခြင်းဖြစ်ပါသည်။ Supervisor ကိုမျိုးမင်းနိုင်က ယုကိုကြည့်ကာ နောက်လေပြီ။ ဟိုနှစ်အုပ်ကတော့ မည်သို့နေသည်မသိ။ ယုတို့အုပ်စုကတော့ ဆူညံညံ ဂျလောင်းကျသည့်အုပ်စုပေပဲကိုး။

''ပြောစမ်း! ညည်းနဲ့ ညီညီဇော်နဲ့က ဘာလဲ''

''ဘာမှမလဲဘူး''

''အံမာ, ဒီလောက်လေသံသွားလာပုံနဲ့ ငါတို့ခန့်မှန်းနိုင်တယ်။ ညည်းတို့နှစ်ယောက်က ဘာညာဘာညာတွေမဟုတ်လား''

''ဟင်! အစ်ကိုနော်၊ ဘာမှန်းလဲမသိဘူး''

''အေး, အဲဒီလို ဘာလိုလိုပြန်ဖြေကတည်းက ငါတို့သဘောပေါက်ပြီးသား။ ဟိုကောင်လေးနဲ့ ညည်းက ငယ်ငယ်တုန်းကတည်းက ရင်ခုန်သံတူခဲ့တာပဲဖြစ်ရမယ်''

''အာ. . . အစ်ကိုကလည်း ငယ်ငယ်တုန်းက သူငယ်ချင်းလို့ ပြောရမှာလေ''

''ငါသိပါတယ် သာလိကာရဲ့၊ နေတော့ရော. . . ရင်ချင်းအပ်ပဲ

မဟုတ်လား"

"ကြည့်၊ ပြောပြန်ပြီ။ မျက်နှာချင်းဆိုင်အိမ်လို့ ပြောရမှာလေ။ မဟုတ်ဘူး. . . ညီနဲ့ယုက တစ်လမ်းစီပါ။ ဒါပေမဲ့ အိမ်ကတော့ ကျော ချင်းကပ်ပဲ"

"တွေ့လား. . . ငါထင်ရင် လွဲခဲတယ်၊ တစ်ခုခုတော့ ထိကိုထိ ရမှာလေ၊ ကျောချင်းကပ်တာလည်း နွေးနွေးထွေးထွေးရှိတာပါပဲ"

"အစ်ကိုနော်"

အုပ်စုထဲမှာ အငယ်ဆုံး အညွှက်ဆုံးမို့ ယုကို ဝိုင်းစလို့မဆုံးပါ တော့ချေ။ ဘယ်လောက်များ ကံကောင်းတဲ့ကောင်မလေးပါလဲ။ အလုပ် ထဲမှာ ကိုယ့်ကိုမလိုလားဘဲ အမျိုးမျိုးဒုက္ခပေးတတ်တဲ့ ပြိုင်ဘက်သဖွယ် မိန်းကလေးတွေနဲ့ အတူတွဲမလုပ်ရတာ ဘယ်ဘဝက ပြုခဲ့တဲ့ ကုသိုလ် တွေကြောင့်ပါလဲ။

အပြန်ကျရင် ညီတစ်ယောက် ယုကိုမကျေမနပ်နဲ့ ရန်ရှာဦးမည် မသိ။ လောလောဆယ်တော့ အမှန်တကယ်ကို ယု စိတ်ချမ်းသာလှ တာလေ။ မခွဲခွာနိုင်တာအမှန်ဖြစ်ပေမယ့် သူနဲ့ခဏတာလေး ဝေး မှာ ယု ဒီလိုစိတ်ချမ်းသာပျော်ရွှင်နေမှန်းသိရင် သူဘာပြောလိမ့်မ သေချာတာကတော့ ယုခေါင်းကို သူ့လက်သီးနဲ့ တစ်ချက်လောက်တော





သတာကိုခံရမှာလေ။

"နှင့်ကိုထိရင် အဲဒီကောင်လေးကတော့ ငြိမ်နေမှာမဟုတ်ဘူး ထင်တာပဲ"

"သူတင် ဘယ်ကမှာလဲ၊ မမသီဂီပါ မခံမှာ"

"ဟော! မသီဂီက ညည်းနဲ့ဘာများတော်လို့လဲ၊ ပြောပါဦး"

"Sister- in -law... လေ"

"ဘယ်လို"

"ဟယ်! ဒီကလေးကတော့ ပေါက်ကရပြောရတယ်လို့။ မဟုတ် ဘာ"

ကိုမျိုးမင်းနှင့် ကျန်နှစ်ယောက်ပါမက မမသီဂီပါ အံ့သြသွားလေ ၏။ ယုလက်မောင်းကို ဖျတ်ခနဲရိုက်လိုက်ရင်း ရှက်သွေးဖြာသွားသည့် မသီဂီမျက်နှာက ပန်းနုရောင်နှင်းဆီခင်းနှယ်။ မှန်တာပဲမဟုတ်လား။ ယုပြောတာ မှားရင် တရှူးရှူးနဲ့ဒေါသဖြစ်သွားရမှာလေ။

"ဟော! ဂျာကြီးနဲ့ မသီဂီက ဒီလိုဒီလိုလား"

"ဟဲ့၊ မဟုတ်ပါဘူးလို့ဆိုနေ"

"ဟုတ်လိုက်ပါ မမရယ်. . . မဟုတ်ရင် တစ်နေ့တစ်နေ့ ကိုကို ပါးစပ်ကနေ ယုကို ပွစိပွစိပြောသမျှ ဝင့်ခံနေရမှာ"

"အံမာ, သူ့အစ်ကိုဆိုတာ လွတ်ဖို့လေးနဲ့များ လူကိုတစ်ဖက်သတ် သဘောတူနေရတယ်လို့။ မကြိုက်ဘူးဟယ်"

"ကြိုက်နိုင်းတာမဟုတ်ဘူးလေ၊ ချစ်နိုင်းတာ. . . ချစ်နိုင်းတာ"

"ယုယနော်. . . ကလေးက ကလေးစကားမပြောဘူး။ စိတ်ဆိုးလိုက်မှာ"

"ဆိုးချင်လည်း ဆိုးလိုက်လေ၊ ဒါမှ ကိုကို့ကို ချော့နိုင်းလို့ရ Good တယ်ထင်လို့ကတော့ Do လိုက်"

"ဟဲ့. . ."

ကိုမျိုးမင်းတို့ ဝေါခနဲရယ်သံက အတော်ပင်ကျယ်လေ၏။ လက်မောင်းကို တဖတ်ဖတ်ရိုက်နေသည့်မသီဂီမျက်နှာထက်မှာ သည့်ဒေါသမှ မမြင်ရပါလေ။ ဟုတ်တယ်နော်. . . တစ်ခါတလေ ကာ ကံရှင်တွေ ငုတ်တုပ်မေ့နေတဲ့အခါမျိုးမှာ ဘေးပတ်ဝန်းကျင်က ခတ်မှုတွေရှိမှသာ ထိုနှစ်ဦးအတွက် အဖိုးတန်တဲ့ ထိရောက်မှုရှိနိုင် မဟုတ်ပါလား။

"ညည်းက ပွဲစားခ ဘယ်လောက်ရလို့ မသီဂီနဲ့ကျာကြီးကို တီးနေရတာတုန်း"

"အမယ်,ယုက ပွဲခတောင်းဖို့မလိုပါဘူးနော်။ ကိုကိုတို့နှစ်ယော





က ဘယ်သူမှမသိအောင် တိတ်တိတ်လေးစုဆောင်းနေတဲ့ လျှို့ဝှက်ချက်တွေ အများကြီးမှအများကြီးရှိတာ အစ်ကိုရဲ့"

"ဟော!"

"ဟယ်, ဒီကလေးလုပ်မှပဲ ကိုဘုန်းနဲ့ငါတော့ အရှက်တွေ ဟက်ဘက်ကြီးကွဲရတော့မှာပဲ။ ခက်လိုက်တာ ယုယရယ်"

"မခက်ပါဘူး မမရော၊ မမဘက်က လက်ခံဖို့ 75 Percents ဆိုရင် မျက်နှာမပူရအောင် ယုပဲ ကိုကို့ကို ဘယ်သူမှမသိအောင် ပြောပေးမယ်၊ ဟုတ်ပြီလား"

"ဟင်, ခုကတည်းက စတိုဌာနတစ်ခုလုံး အုပ်အုပ်ကျွက်ကျွက်သံပြီး သိကုန်ပြီ။ ယုယပါးစပ်ကတော့ Satellite (ဂြိုဟ်တု) ထက်တောင် မြန်နေပြီးတော့များ။ ကဲကဲ, သွားကြတော့၊ ဒီမှာ ငါလက်မှတ်ထိုးပြီးပြီ။ ကလေးကို ရှေ့ခန်းက ခေါ်ဦးနော်။ ဝတ္တုနဲ့ ကျော်ဇောက နောက်ကပဲ လိုက်ကြ"

"ဟုတ်ကဲ့ မသီဂီ"

"ဒါ စာချုပ်ပေါ်မှာ ထိုးမယ့် Sign ပဲမဟုတ်လား မမ"

"ကြည့်!"

"သွားပြီ. . . သွားပြီ"

စာရင်းဘောက်ချာစာရွက်ကို မသိင်္ဂီလက်ထဲမှ ဆတ်ခနဲယူကာ လစ်ခဲ့ရတော့၏။ ယုတို့ကုမ္ပဏီပစ္စည်းပို့သည့်ကားက Town Ace လို Light Ace လို ကားမျိုးဖြစ်ပြီး သပ်ရပ်ခေတ်မီပါသည်။ ဝါကင်ပုံးတွေမှာ ကုမ္ပဏီတံဆိပ်အစိအရီဖြင့် သားသားနားနားရှိကာ တကယ်ပင် ခမ်းနားလှပါ၏။

စတိုဌာနမရောက်ခင် Marketing ဆင်းခွင့်ရတာကိုပဲ ယု ပျော်တာပါလေ။ ယုက တစ်ချိန်လုံး အခန်းထဲမှာ အောင်းနေရတာကိုလည်း မကြိုက်၊ တစ်နေ့လုံး လမ်းသလားနေရတာမျိုးကိုလည်း မနှစ်သက်တဲ့ ကိုးလို့ကန့်လန့်ကောင်မလေးမဟုတ်ပါလား။

Supervisor ပင် ကားမောင်းတာမို့ ရှေ့ခုံမှာ ယု ချောင်ချောင်ချိချိထိုင်ခွင့်ရပါ၏။ နှစ်ယောက်တည်း ငြိမ်နေရသည်မထင်ပါနှင့်၊ နောက်မှအစ်ကိုနှစ်ယောက်ကို စကားလှည့်ပြောရင်း ရယ်မော စနောက်နေတာပါပဲ။ ညီသာ သိလို့ကတော့ဖြင့် ယု နားရင်းမှုရမှာထင်ပါရဲ့။

"အစ်ကိုတို့ရော OT တွေဘာတွေ ဆင်းရလားဟင်။ ကိုကိုဆို တစ်ခါတလေ ညကိုးနာရီလောက်မှ အိမ်ပြန်ရောက်တတ်လို့ပါ"

"ဆင်းရတာပေါ့ ယုယရဲ့၊ ကုန်တွေရောက်တဲ့အခါမျိုးမှာ တာဝန်ရှိတဲ့အကြီးပိုင်းတွေ ညဆင်းပေးရတယ်။ လိုအပ်တဲ့ဝန်ထမ်းတွေလည်း





ခဲ့တာပေါ့။ ယုယတို့လိုမိန်းကလေးတွေတော့ မန်နေဂျာက မခိုင်းပါဘူး။ အိမ်ပြန်နောက်ကျရင် မကောင်းလို့တဲ့"

"ဒါဆို မမသိင်္ဂီကရော"

"မသိင်္ဂီက မဆင်းလို့မဖြစ်ဘူးလေ၊ သူက စတိုကိုင်ရတာဆိုတော့ ပိုပြီးအရေးအကြီးဆုံးပဲ။ သူ့နေရာက လုံးဝအမှားရှိလို့မရတဲ့နေရာကိုး"

"ဟင်! သူ့ကျတော့ မိုးချုပ်ကြီးပြန်ရတာပေါ့"

"မစိုးရိမ်ပါနဲ့အပိရယ်၊ ညကိုးနာရီကျော် ကားမရှိတဲ့အခါ ညည်းရဲ့အစ်ကိုက မသိင်္ဂီကို အိမ်အထိ ကားနဲ့ပြန်ပို့ပေးပါတယ်ကွ"

"ဩော့. . . ဇာတ်လမ်းက အဲသလိုလား"

"အေး, အဲသလိုပဲ"

ရယ်မိကြပြန်၏။ ကိုကို. . . ကိုကို. . . ညီမဖြစ်သူကိုတော့ သူ့ကား (ကုမ္ပဏီက ပေးသည့်ကား) ဖြင့် ခေါ်ရမှာ ကပ်စေးနှဲပါ့။ ခုတော့ မသိင်္ဂီကိုတော့ စေတနာဗလပွနဲ့ ခေါ်သတဲ့လေ။ အမြင်ကပ်လိုက်တာနော်။ အစ်ကိုမို့ချစ်ရပေမယ့် ဒီလိုဘက်လိုက်တဲ့အကျင့်ကိုဖြင့် မကြည်ဖြူနိုင်ပါလေ။

မှတ်ထားတယ်နော်၊ ကိုကိုနဲ့ တစ်ကုမ္ပဏီတည်း အတူလုပ်ရပေ

မယ့် ကားကြုံလိုက်ခွင့်မရတာကို ယုဝမ်းမနည်းပါဘူး။ ကိုကိုမခေါ်ချ
တာကို ယုလည်း အတင်းမလိုက်ချင်ပါ။ ယုမှာ ဒီလောက်တော့ မာ
နိူပါတယ်။ ညီနဲ့တောင်မှ သူမခေါ်ချင်တဲ့လမ်းကို လိုက်ပါရစေလို့ ဘ
တုန်းကများ ပြောဆိုဖူးလို့လဲ။ ဒီလောက်တော့ ပုံတာ အောက်တာ
တဲ့ Feeling မျိုးကို ယု ပိုင်းခြားနိုင်ပါတယ်လေ။

ပစ္စည်းတွေ နေရာစုံ ပို့အပြီးမှာ ကုမ္ပဏီကို ပြန်ခဲ့ကြပါ၏။ အ
လိုင်းကားကိုသာ တိုးစီးနေကျမို့ အခုလို ကုမ္ပဏီကားဖြင့် သွားရ
အငြိမ့်သားပါပဲ။ အစ်ကိုတွေကလည်း ယုကို ဘာပစ္စည်းမှ လေး
ပင်ပင် မသယ်ခိုင်းတာမို့ အတော့်ကို သက်သာနေတာအမှန်ပါ
ယုတော့ အချောင်ခိုတဲ့ဝန်ထမ်းအသစ်လေး ဖြစ်နေပြီထင်ပါရဲ့နော်

"အား. . . (၁၂)နာရီတောင် ထိုးနေပြီ။ အပေါ်မှာ လက်မှတ်
ပြီးတာနဲ့ Canteen မှာ နေရာပြေးလုရတော့မှာပဲ"

"ဟင်! အစ်ကိုတို့က ထမင်းချိုင့် ယူမလာကြဘူးလား"

"No...အစောကြီး ထလာရတာမို့ မွေးသမိခင်ကို ထမင်း
မချက်စေချင်တဲ့စေတနာနဲ့ သက်သာတဲ့ကုမ္ပဏီ Canteen မှာပဲ
ဖွင့်ပြီး စားကြတာလေ"

"ဟင်, ဘယ်လိုကြီးလဲ၊ ယုက အစ်ကိုမေမေ ပင်ပန်းမှာ





မင်းဘူးမယူတာကို သာစုခေါ်ရမှာလား"

"ခေါ်ချင်ခေါ်ပေါ့"

"သာစု. . ."

"သာစု. . . သာစု. . . ငါထုလို့ ပုပါစေ"

ကားပေါ်မှဆင်းဆင်းချင်း အစ်ကိုသုံးယောက် တစ်ယောက်တစ်
ချက် ပိုင်းထုကြတာကို မအီမလည်ခံရလေတော့၏။ ကဲ, ယုယတို့ 'အ'
ချက်နဲ့ 'န' ချက်ကတော့ အဲဒီလိုလေ။

ရယ်ရယ်မောမောဖြင့် Lift ရှိရာသို့ ခပ်သုတ်သုတ်လှမ်းလာခဲ့
ကြပါ၏။ သူများအုပ်စုတွေက အသံတိတ်နေပေမယ့် ယုတို့အုပ်စုက
တော့ ရယ်သံခပ်ကျိတ်ကျိတ်နဲ့ ရင်းရင်းနှီးနှီးပါလေ။

"ငါတို့နဲ့ အတူလိုက်စားမှာလား"

"စားပါဘူး, ယုနဲ့ညီမှာ ထမင်းချိုင့်ပါလာတဲ့ဟာ။ အစ်ကိုတို့လို
zy bone မဟုတ်ဘူး"

"အံမာ"

"မစားနဲ့ ကိုမျိုးရေ့၊ တော်ကြာ သူ့ကောင်လေး လက်သီးလက်
မောင်းတွေ ထခတ်နေမှ အခက်ဗျ"

"ဒီတော့လည်း စင်ပေါ်တက် စိမ်ခေါ်လိုက်ရုံပေါ့ကွာ။ ဒီဖလံ

ဇလလောက်လေးလောက်တော့ One blow နဲ့ go သွားမှာ''

''ဟင်းနော်. . . ညီကိုများ''

''တွေ့လား. . . လေနဲ့တောင် အထိမခံတဲ့ အမေရိကန်မ''

ဝေါခနဲရယ်လိုက်မိကြစဉ် အပေါ်ထပ်မှဆင်းလာသည့် Lift ရပ်လေ၏။ အပြင်ထွက်မည့်လူတွေ ထွက်ရလွယ်ရန် အလယ်ချဲ စီရပ်နေစဉ် Lift တံခါးက ပွင့်လေသည်။

တံခါးပွင့်သွားသည့် Lift ထဲမှာ ရပ်နေသူက GM တစ်ဦးတ ပါပဲ။ လူကြီးစီးတာမို့ ဘယ်သူမှလိုက်မစီးခဲ့ကြတာပဲ ထင်ပါရဲ့။

အားလုံး ဦးညွှတ်နှုတ်ဆက်လိုက်ကြစဉ် ယုက အံ့သြသွား ကယောင်ကတမ်း ခေါင်းညွှတ်တော့ နောက်ကျချေပြီ။ ဦးဘုန်းမြတ် နှုတ်ခမ်းထက်မှာ အပြုံးခိုတွဲလေ၏။ ယုကတော့ ရယ်စရာပဲဖြစ် ထင်ပါရဲ့။

''ဘယ်လိုလဲ၊ မောနေပြီလား''

''ဟင်၊ မောပါဘူး''

ရုတ်တရက်အမေးကို ပြန်ဖြေတာမို့ ကယောင်ချောက်ချား သွားရပါ၏။ အလိုလေးနော်! ယုကို ဒီလိုကြီး လူရှေ့သူရှေ့မှာ အ တယူပြောလိမ့်မယ်လို့ ထင်မထားတာကိုး။





သူထွက်သွားတော့ Lift ထဲ ဝင်ကြသည့်အုပ်စုတွေထဲမှာ ယုက နောက်ဆုံးဖြစ်လေ၏။ ခလုတ်ကိုမနှိပ်မိဘဲ ကြောင်စီစီရပ်နေမိတာမို့ ကိုတစ်ယောက်က ယုခေါင်းကို ဆတ်ခနဲထုလိုက်ပြီး Lift ခလုတ် ကို လှမ်းနှိပ်လိုက်တော့သည်။

ယုရဲ့ပထမဦးဆုံး အလုပ်စလုပ်ရသည့်ရက်က ပျော်စရာအတိ နဲ့ ရယ်မောခွင့်ရခဲ့တာအမှန်ပါပဲ။

ကဲ၊ ယုကိုကားကြုံမခေါ်ချင်တဲ့ကိုကိုတော့ မမသီဂီနဲ့ ယုကြောင့် မမြန်မငြိရင် ဘယ်လိုလုပ်မလဲ။ ဆယ်လေးတစ်လေး လောင်းကြစို့ လား။



## အခန်း (၁၀)

"အချိန်မှမတူတာ မေမေရဲ့။ ကျွန်တော် ဘယ်လိုခေါ်လို့ရမှာလဲ"

"ဟ, ရုံးချိန်ကိုးနာရီ ဝင်ရတာပဲမဟုတ်လား သားရဲ၊ ဘာလို့အချိန်မတူရတာလဲ"

"ယုတို့က ကိုးနာရီအရောက်သွားရတာ။ ကျွန်တော်တို့က ကိုးခွဲလောက်မှဝင်တယ်။ ပြန်ရင်လည်း နောက်ကျတယ်"

ညစာစားရင်း ပြောနေသည့်ကိုကို့အသံကို နားစွင့်ရင်း နှာခေါင်းရှုံ့လိုက်မိပါသည်။ ထင်တဲ့အတိုင်းပါပဲလား. . . မေမေနဲ့ဖေဖေက ယုကိုအားနဲ့ခေါ်ဖို့ပြောတာကို ချက်ချင်းငြင်းဆန်လိုက်တာလေ။ ဟုတ်တာ

ပေါ့။ ကိုကို့လို မုန်နေရှာ (ရာထူးကြီးကြီး)နဲ့ ယုတို့လို ဝန်ထမ်းပေါက် စနေလေးက ဘယ်အဆင့်တူပါ့မလဲ။

မောင်နှမအရင်းခေါက်ခေါက်ကိုတော့ ကားကြို (အတူသွားစွ ရှိပေမယ့်) မခေါ်ချင်တာ ဘာကြောင့်လဲ။ မမသိဂီကိုကျ စိုးရိမ်ပြီး ခေ သတဲ့လေ။ ၅၂၈ နဲ့ ၁၅၀၀ ရဲ့ကွာခြားခြင်းကို ကိုကို ဒီလိုနည်းနဲ့ ယု သိရလေအောင် ပြောနေတာတဲ့လား။

"မင်းညီမလေး bus တိုးစီးနေရတာကို သားရယ်"

"ဒါက အကျင့်ဖြစ်နေပါပြီ ဖေဖေရယ်။ ပြီးတော့ သူနဲ့အလင် အတူတူသွားဖို့ အဖော်ရှိတာပဲ။ ကျွန်တော့်ကားက ကုမ္ပဏီက ပေးထား တာမို့ တစ်ခုခုဖြစ်မှာစိုးလို့ပါ"

"သားရဲ့ကားကို ညီမလေးက တက်မောင်းမှာမှမဟုတ်တာ ဖ နိုင်ရာ"

"ကျွန်တော် သူများပြောတာကိုလည်း မခံချင်လို့ပါဖေဖေ"

မီးဖိုခန်းထဲမှာ မိတူးနှင့်အတူတူ ပန်းသီးစိတ်တာကို လက် သတ်လိုက်ပါ၏။ ယုက ပြန်ရောက်ကတည်းက ဗိုက်ဆာတာနှင့် ညစ စာ စောစားလိုက်တာမို့ ဖေဖေတို့နှင့် အတူမစားဖြစ်ပါချေ။ ဖေဖေ သုံးယောက် ညစာစားတာကို ဝိုင်းပြင်ပေးပြီး အချိုပွဲကို စေတနာဗလ





သုပ်ပေးနေမိတာ သဒ္ဓါတောင် ပျက်ချင်သလိုလိုပါပဲလား။

ယုကိုကို ကပ်စေးနဲပုံက ဤမျှအထိ လွန်လွန်းချေပြီ။ တွေကြ တာပေါ့လေ။ ယုနဲ့ညီက အတူတူသွားလာနေကျမို့ bus တိုးစီးရ လောက်ကတော့ မမှုပါ။ တစ်ရက်တလေ ဟန်ဆောင်ပန်ဆောင် နဲ့တောင် ကားကြုံမခေါ်ချင်တဲ့ ကိုကို့အတွင်းစိတ်ပုပ်ကို မြင်နေရ

"အချိုပွဲ Ready ဖြစ်ပါပြီမေမေ၊ ယု နားတော့မယ်နော်"

"ဟယ်, သမီးကလည်း။ အခုမှ ရှစ်နာရီပဲ ရှိသေးတာ။ အစော အိပ်တော့မလို့လား"

"ဟုတ်သားပဲ သမီးရာ၊ ဒီနေ့စပြီးကြုံရတဲ့ အတွေ့အကြုံလေး လေး ရှင်းပြဦးလေ။ ခါတိုင်း ညဆယ်နာရီ ဆယ့်တစ်နာရီလောက် အိပ်နေကျလူက ဒီနေ့မှ ဘယ်လိုလဲ"

"ဟုတ်တယ်, နင့်ကိုပြောစရာရှိသေးတယ်။ မအိပ်နဲ့ဦး"

ဖေဖေတို့နောက်မှ လိုက်ပြောသည့်ကိုကို့ကို မကျေမနပ်ဖြင့် မျက် စောင်းခဲလိုက်မိ၏။ အလုပ်မှာပဲ ယုကို Power ပြလို့ရမှာလေ။ အိမ် တော့ ယုက ဗိုလ်ပဲမဟုတ်လား။

"ကိုကိုစမင်းစားပြီးတဲ့အထိ မစောင့်နိုင်ပါဘူး။ တစ်နေ့လုံး

ပင်ပန်းထားတဲ့ဟာ။ ညောင်းလို့ နားချင်နေပြီ''

''ဟော! ငါ့သမီးကို ပင်ပင်ပန်းပန်းနေရာမှာ ဒီကောင် နိုင်း

လား''

''မဟုတ်ပါဘူး ဖေဖေရာ၊ Marketing ဌာနပဲ လုပ်လို့

တာကို၊ ကျွန်တော့်ကုမ္ပဏီအပိုင်မှမဟုတ်ဘဲနဲ့ သူ့ကို သက်သက်

သာနေရာ ဘယ်ထားလို့ရပ့ါမလဲ။ ဟိုကောင်မလေးနော်, မဟုတ်

ပြောပြီး ငါ့ကို အချွန်နဲ့ မ'မ'နဲ့''

ပျာပျာသလဲ ကာကွယ်ပြောလိုက်သည့် ကိုကို့ကို မဲ့ပြလိုက်

၏။ ထမင်းစားခန်းတံခါးဘောင်မှာ မှီရပ်နေရင်း ခြေဖျားတစ်ဖ

ခပ်မွမွထောက်လျက် ဆော့နေမိသည်။ ယုအကျင့်ကိုက ခြေအငြိ

တတ်ဘဲ တစ်ခုမဟုတ်တစ်ခု တစ်မျိုးဆော့တတ်သည့်အကျင့်

ပါပဲ။

''သူ့, ကားကြုံမခေါ်ချင်တာကို အတင်းကြီးဝိုင်းပြောမ

ဖေဖေတို့ရဲ့။ ကိုကိုက သူ့ကားပေါ်ကို မမသိဂီကလွှဲပြီး ဘယ်

မခေါ်ချင်ဘူးလေ''

''ဟာ. . . ဒီကောင်မလေးတော့ တစ်မျိုးဖောက်ပြန်ပြီ

ဦး''





ကိုကိုက သောက်ရေဖန်ခွက်ကို အမြန်မော့ရင်း လက်ညှိုးလှမ်း

ဦးတာကို သဘောကျစွာဖြင့် ရယ်လိုက်မိပါ၏။ စကားနိုင်လုပြောတိုင်း

ကို ဘယ်တုန်းကများ ကိုကို နိုင်ခဲ့ဖူးလို့လဲ။

အလုပ်မှာသာ အထက်လူကြီးမို့ တရိုတသေလုပ်ပြမှာလေ။ အိမ်

တော့ ယုကို ပါးပါးလေးတောင် လာထိပြီး နိုင်စားလို့ဘယ်ရပ့ါမလဲ။

ထက် ဘယ်နနှစ်ပဲ ကြီးကြီး မောင်နှမနှစ်ယောက်တည်း ရှိတာမို့

ကိုသာ ကိုကို အလျှော့ပေး အလိုလိုက်ရတာ ထုံးစံပါလေ။

''ကဲပါ သမီးရယ်၊ နင့်ကိုကို ထမင်းပြီးအောင် ကောင်းကောင်း

ပါစေဦး''

''စားပါ စားပါ, ကိုကိုက မေမေကျွေးတာကိုပဲ စားရတာ။ သူ့

တ်ထဲက ပိုက်ဆံကို တစ်ပြားတစ်ချပ်မှ အထွက်ခံတာမဟုတ်ဘူး။

တွန်းစာအုပ်ထဲမှာပဲ ဦးကပ်စေးရှိတယ်ထင်နေတာ၊ အပြင်မှာတော့

ကိုကိုက ဦးကပ်စေးပဲ''

''နင်ပြောလို့ပြီးပြီလား''

''ပြီးသေးပါဘူး။ ကိုကို့ကားပေါ် ခေါ်မတင်ချင်လည်း နေပေါ့။

ကို့ကားထက် အဆတစ်ထောင်ကျော်သာတဲ့ နောက်ဆုံးပေါ်ကားနဲ့

တဲ့သူနောက်ပဲ လိုက်မယ်''

"အံမာ! ညည်းကို ဘယ်လိုလူကများ အဲဒီလိုကားနဲ့ခေါ်မှာ… ပါးစပ်နဲ့ဆန့်တဲ့လေလုံးလည်း သုံးဦး။ ကြီးကြီးကျယ်ကျယ်ပြောနေ… ပြီ"

"ဟုတ်တယ်လေ၊ မယုံရင် စောင့်ကြည့်လိုက်ပေါ့။ ကိုကိုက… တွန့်တိုနေတာ, ယုကိုဆို အလုပ်က အစ်ကိုတွေအစ်မတွေ အား… ဝိုင်းချစ်ကြတာ သိလို့လား။ ဒီနေ့ဆို ကိုမျိုးတို့သုံးယောက်က ယ… Ice-cream ရော Cheese cake ရော. . . ပြီးတော့ ချောက… ဝေဖာရော အများကြီး အားကြီး ဝယ်ကျွေးကြတာရှင့်"

"နားကလေးလိုက်တာကွာ"

မခံချိမခံသာလေသံ ထွက်လာတာမို့ ရုပ်ရှင်တွေထဲ ဗီလိန်… ရယ်သံမျိုးနှင့် တဟင်းဟင်းရယ်ပြလိုက်မိပါသည်။ ထိုသို့ရယ်လိုက်… ကိုကို အသည်းယားပြီး ယုကို တစ်ခုခုနှင့် ထပြီးထုတတ်တာလေ…

"မမယု"

"ဘာလဲ"

မိတူး လှမ်းသတိပေးလိုက်ပေမယ့် ယုသိတာ နောက်က… ချေပြီ။ တံခါးဘောင်ကိုကျောမှီပြီး ရပ်နေမိတာမို့ အိမ်ရှေ့ကိုကျော… ထားသလိုဖြစ်ကာ မမြင်မိ။ ရုတ်တရက် နားရွက်တစ်ဖက်ကို …





…ခေါ်နေပြီမို့ သူမှန်း ယု သိလိုက်ပါသည်။

သေစမ်း! အာပေါင်အာရင်းသန်သန်နဲ့ အလုပ်ကအစ်ကိုတွေနဲ့ …င်းနိုးကြောင်း အမှန်အကန်ပြောနေမိတာ ဒင်း ဘယ်အချိန် အိမ်ထဲ …င်လာမှန်းတောင် မသိလိုက်ပါလား။ နားရွက်နာတာထက် သူ့ကို ဘယ်လိုနည်းနဲ့ပြန်ပြီး ချေပရှင်းပြရမလဲဆိုတာကိုသာ အပြေးအလွှားစဉ်းစား…တာလေ။

"ပြောလေ. . . ဆက်ပြော"

"ဘာကိုပြောရမှာလဲ"

"နင့်ရဲ့ကိုကိုတွေအကြောင်းလေ။ ပြောရတာ သိပ်လျှာတွေ့နေ…ဘယ်မဟုတ်လား။ ဆက်ပြောပြစမ်း"

"နင်ကလည်း၊ ငါက ကိုကိုမခံချင်အောင် ပြောနေတဲ့ဟာကို"

"ဘာမခံချင်အောင်လဲ၊ အလုပ်ဆင်းတာမှ တစ်ရက်ပဲ ရှိသေး…တယ်၊ နင့်သတင်းက ကုမ္ပဏီတစ်ခုလုံးကို မွှေးလို့"

အိမ်ရှေ့ထိ ဆွဲခေါ်လာကာ တိုက်ရှေ့ရှိနေသည့် ဒန်းပေါ် ယုကို တွန်းချထိုင်ခိုင်းလိုက်ရင်း ပြောလိုက်သည့်သူ့မျက်နှာကို ငဲ့ကြည့်ကာ ပြုံးလိုက်မိပါ၏။ ဒါက ၂ ဝင်တာပေါ့လေ။ ထင်သားပဲ, အလုပ်အတူတူ…ဝင်လည်း ဒီလိုပဲ သူ အုပ်လိုက်တိုနေမယ်ဆိုတာကိုပေါ့။

"အံမာ, ငါ ရွှဲပြောလို့ပြောမှန်းမသိ၊ ဘာပြုံးနေတာလဲ"

"နင် အဲဒီလိုပွစိပွစိလုပ်ပြီး ငါနဲ့ရန်ဖြစ်မှာစိုးလို့ ကိုကိုက ဒ ကုမ္ပဏီမှာ မခန့်ချင်တာလေ။ ပြဿနာမရှာနဲ့ ညီရာ၊ ဒီလိုပဲ လုပ်င ခွင်မှာ အားလုံးနဲ့တည့်အောင် ပေါင်းသင်းရမှာပေါ့"

"အလုပ်လုပ်ဖို့သွားတဲ့ဟာ. . . လူတကာနဲ့ ရောစရာလား ငါ မကြိုက်ဘူး"

"နင်မကြိုက်လည်း မတတ်နိုင်ဘူး။ လူတောထဲ နေမှတော့ လူ ဝင်ဆန့်အောင် ပြောဆိုရမှာပဲ။ နင့်လို လူကို ကြိုဟ်ကြည့်ကြည့်ပြီး မ စောင်နေမှတော့ ဘယ်လိုချစ်မွေးပါပါတော့မလဲ"

"ဘာ! အခုတော့ ဒီစကား နင်ပြောပြီပေါ့၊ အရင်ကတော့ ငါ ငါပဲဆို"

"ဘယ်တုန်းကလဲ"

"ယုယနော်. . . နင်"

သူက ယုလက်မောင်းကို လက်သီးဆုပ်ဖြင့် ထုချလိုက်တာ လက်အောင့်သွားပေမယ့် ရယ်ချင်စိတ်ကသာ များနေတာလေ။ တို ပါဟဲ့ နင့်အူတွေ၊ နောက်ဆို ဒီ့ထက်တောင်မှ ပိုဦးမှာလေ။ Fealo တွေ နင့်ကိုဖုံးပြီး တစ်ကိုယ်လုံး ပျောက်သွားလည်း အေးတာပဲ။





"ဟိုနှစ်ကောင် အပြင်မှာ ကိုက်နေကြပြန်ပြီလား"

တိုက်ရှေ့မီးလင်းသွားပြီး အိမ်ထဲမှ ကိုကို့အော်သံကြောင့် နှစ် ယောက်သား ဇက်ပုသွားရပါ၏။ အိမ်ထဲမှာမပြောဘဲ အိမ်ပြင်မှာ စကား ပြောနေမိတာကို တစ်မျိုးမထင်တာပဲ ကံကောင်းတာလေ။

"မနက်ကျ အလုပ်ဆင်းရဦးမှာ၊ အလုပ်စဝင်ဝင်ချင်း ပြစ်ချက် ရှိစေနဲ့။ စောစောအိပ်ဦး"

"ဟုတ်"

နှစ်ဦးသား ပြန်ဖြေသံက ပြိုင်တူပင်။ သူက မကျေမနပ်ဖြစ် နေတုန်းမို့ ယုလက်ဖမိုးကို ဆွဲဆိတ်ပြန်လေ၏။ ဒီကောင်လုပ်ပုံနဲ့ ယု တော့ တစ်စစီ ပုံကုန်တော့မှာပဲ။

"အာလာလာ. . . ဘာလုပ်တာလဲ"

"ငါ နည်းနည်းမှမကျေနပ်ဘူး"

"ဘာကိုလဲ"

"Boss ပြုံးပြုံးနှုတ်ဆက်တဲ့ဝန်ထမ်းဆိုလို့ နင်တစ်ယောက်ပဲ ရှိ တယ်ဆိုတဲ့သတင်းလေ"

"ဘယ်လို"

"တခြားဝန်ထမ်းအားလုံးကို ခပ်တည်တည်ပဲ စကားပြောတတ်

တာတဲ့။ နင့်ကျမှ ဘယ်နေရာမှာပဲတွေ့တွေ့ သူကစပြီး နှုတ်ဆက်တ
ဘာသဘောလဲ"

"ဦးဘုန်းကလား"

"လာပြန်ပြီ အသံကိုက ဟိုဘက်ယိုင်ချင်၊ မီးထိဖယောင်းတ
လိုအချိုးမျိုး ချိုးပြမနေနဲ့"

"ဘာဖြစ်လဲ. . . ဦးဘုန်းက နင့်ထက်ဆယ်ဆမက ခန့်ပြီး ချေ
တာ။ အထင်ခံရ မြတ်သေး"

"နင်နော်. . . ငါ လည်ပင်းညှစ်မိတော့မယ်"

'ညှစ်မိတော့မယ်'ပြောသည့်လူရဲ့လက်က တကယ်ပင် ယုလည်
ပင်းထက်သို့ ရောက်လာပါ၏။ အလန့်တကြားရုန်းလိုက်သော်လည်း
သန်မာသည့်လက်တို့က မြဲမြဲလွှန်းတာလေ။

"အား! နာတယ်ဟ၊ လွှတ်စမ်းပါ"

"ငါ့ကိုသစ္စာမဲ့လို့ကတော့ နင်အသေပဲ၊ မှတ်ထား"

"ဘာလဲ/ သစ္စာပန်းလား။ တစ်ခါမှဖြင့် မမြင်ဖူးဘဲနဲ့များ"

"ယုယနော်၊ ငါ့ကိုမလျောင်နဲ့"

"ဟာ! ကိုလတ် ဘာလုပ်တာလဲ"

"ဟဲ့"





ရုတ်တရက်ရောက်လာသည့်ငယ်လေးကြောင့် နှစ်ယောက်သား
လန့်ဖြန့်သွားရလေ၏။ ယုကိုလည်ပင်းညှစ်နေပုံကြောင့် ကောင်လေး
မျက်လုံးပြူးကြည့်နေတာလေ။

"စနေတာပါကွ"

"ကိုလတ် စတာကလည်းဗျာ၊ မတော်တဆ သေသွားရင် ဘယ်
လိုလုပ်မလဲ"

"သေအောင်တော့ လုပ်မလားကွ၊ မင်းဘာလာရှုပ်တာလဲ၊ အသံ
မပေးဘာမပေးနဲ့"

"ပေးပါတယ်ဗျ၊ နောက်ဖေးပေါက်က ဝင်လာကတည်းက မမ
လို့ ခေါ်လာတာပဲကို။ ကိုလတ်တို့ဖြင့် မကြားဘဲနဲ့များ. . . တော်သေး
တာပေါ့"

"ဘာကိုတော်သေးတာလဲ"

"ဘာညာဘာညာမျိုး မမြင်ရလို့လေ"

"ဟယ်! သေဦးမယ်၊ နင်တော့"

ယုက ငယ်လေးကို လှမ်းရိုက်လိုက်တာမို့ ငယ်လေးက ခြေလှမ်း
နောက်ဆုတ်ရှောင်လိုက်လေ၏။ လက်ထဲမှာ စာအုပ်ပိုက်လာတာမို့ စာ
လာမေးတာပဲဖြစ်ပေမည်။

"ဘာမေးမလို့လဲ"

"Maths Old Question...တွေ တွက်နိုင်းတာ၊ ဒီသုံးပုဒ် တွက်မရလို့"

"ဘယ်အခန်းလဲ"

"Chapter (5) "

"Series and Sequence ပေါ့"

"ဟုတ်"

"Theory...တွေတော့ ဖေ့ကျနိုပြီ။ မမ ထုတ်ထားပေးတဲ့ Theory စာအုပ် ယူလာရဲ့လား"

"ပါတယ်၊ ဒီမှာ"

"အကြမ်းနဲ့တွက်မှ ရမှာပေါ့၊ ဒါဖြင့် အိမ်ထဲသွားရအောင်, လာ ခဲ့လေ"

မေးခွန်းစာရွက်ကို လှမ်းယူဖတ်ရင်း အိမ်ထဲဝင်ခဲ့ရာတော့ သူ လိုက်ဝင်လာလေ၏။ ညှော်ခန်းစားပွဲထက်မှာ စာအုပ်တွေချကာ လျှောက် လွှာစာရွက်အထပ်ပေါ် မေးချက်တွေ ချရေးလိုက်ပါသည်။

"ကြည့်, AP နဲ့ GP ရောမေးထားတာမို့ ငယ်လေး မရတာ ဒီမှာကြည့်, လွယ်ပါတယ် ငယ်လေးရဲ့"





နှစ်ယောက်သား ပူးထိုင်ကာ ယု သချာတွက်ပြတာကို ငုံ့ကြည့် နေသည့်ငယ်လေးခေါင်းက ယုနှင့်ထိလုမတတ် နီးကပ်နေပါသည်။ စာ ထဲစိတ်ဝင်တစားဖြစ်နေတာမို့ ဘေးဘီဝဲယာကို သတိမထားမိဘဲ မေ့ လျော့နေလေသည်။

စာသုံးပုဒ်ပြီးမှ ခေါင်းမော့လိုက်စဉ် ရှေ့တည့်တည့်ခုံမှာ ထိုင်နေ သည့်သူ့ထံမှ မှုန်ကုပ်ကုပ်အကြည့်နှင့်အတူ မျက်စောင်းခဲခြင်း ခံရလေ ၏။

စိတ်မသက်မသာဖြင့် သက်ပြင်းတစ်ချက်ကိုသာ ရှိုက်လိုက်မိ လေသည်။



## အခန်း (၁၁)

"မမေ့နဲ့နော်"

"ဘာကိုလဲ"

"ကြည့်! ညကပဲ ပြောထားတာ ချက်ချင်းမေ့ပစ်လိုက်တာပဲ။ [illegible]တွေကြောင့် နင့်ကို ငါကြည့်လို့မရတာ"

"ကြည့်မရလည်း မကြည့်နဲ့ပေါ့ဟယ်၊ နင်မကြည့်လည်း ငါ့ကို [illegible]ည့်ချင်တဲ့လူတွေ တစ်ပုံကြီးရှိတယ်"

"နင်နော်, လုပ်လာပြန်ပြီ။ စောစောစီးစီး နဖူး ဘုထွက်ချင်လို့ [illegible]"

သူက ယုယုခုံးကို ခပ်သာသာပစ်တိုက်လိုက်ရင်း ပြောတာမို့ ယုိင်

အသွားမှာ သူ အမြန်လှမ်းဆွဲ ထိန်းလိုက်လေသည်။ ဒီလိုတော့ မိုးမ
သားပါပဲ။ ကြည့်ပါဦး. . . စည်းကမ်းချက်တွေက အတော့်ကိုများလှ
နေတာလေ။

'မလိုအပ်ဘဲ မပြုံးရ မရယ်ရ'၊ 'တခြားကောင်လေးတွေ
တရင်းတနှီးစကားမပြောရ'၊ 'ဘယ်သူဘာကျွေးကျွေး မစားရ'၊ ဘယ
သူ ဘာပေးပေး မယူရ'၊ 'အသားချင်း မတော်တဆမထိစေရ'၊ 'Bos
ကို အတတ်နိုင်ဆုံးရှောင်ရှားပြီး စကားမပြောရ မပြုံးပြရ' တဲ့။
အဲဒီအချက်အားလုံးက ယု လုံးဝရှောင်လို့မရတဲ့အချက်တွေလေ။
တွေကို ဘယ်လိုနည်းနဲ့ ရှောင်ရှားနိုင်မှာတဲ့လဲ။

သူတောင်းဆိုတဲ့အချက်တွေက ယုကို အခက်တွေ့စေတာ
သူ့ကျတော့ တွဲဖက်ကောင်မလေးတွေနဲ့ စကားရောဖောရော တ
တနိုးရှိပြီး ယုကို ဒီလိုပိတ်ပင်လို့ ဘယ်ရပါ့မလဲ။ ဘယ်နေရာမဆို
တင့်မျှတမှုအခြေအနေတော့ ရှိနေရမှာလေ။

"ငါက နင့်လိုမျိုးတေတေ စုပုပ်ပုပ်မှမနေတတ်တာ အလတ်

"ဘာ,အလတ်လဲ"

"Sorry...Sorry"

"မ Sorry နဲ့၊ ပြစ်ချက် ဒဏ်တစ်ချက်ပဲ"





"ဘာဒဏ်ပေးမှာလဲ"

"နောက်တော့ သိမှာပေါ့"

"နင်နော်, ငါ့ကို လူကြားထဲမှာ ပိုင်စိုးပိုင်နင်းပြုမယ်မကြံနဲ့"

"ဒါက ငါ့ကိစ္စပါ၊ နင်ပူစရာမလိုပါဘူး"

"ကြည့်ပါလား. . . နင်ဟာလေ, နင့်အိမ်မှာ ဗိုလ်ကျချင်တိုင်း
ကျလို့ရတာနဲ့ ငါ့အပေါ်မှာလည်း အရမ်းကိုဗိုလ်ကျလွန်းတယ်"

"ဘာဖြစ်လဲ၊ ဒါ နင်ရွေးချယ်ထားတဲ့လူပဲ၊ ငါ ဆိုးဆိုးမိုက်မိုက်
နင်လက်ခံပြီးမှ ခေါင်းခါမယ်စိတ်မကူးနဲ့။ ငါ့အကြောင်း နင်အသိဆုံး
နော်, ယုယ၊ ပြောမရရင် လမ်းလယ်ခေါင်မှာ လက်တွဲပြီး ကားကြိတ်
ခံလိုက်မယ်။ မလုပ်ရဲဘူးမထင်နဲ့"

"ဖွဟဲ့! လွဲပါစေ ဖယ်ပါစေ၊ နင် ပေါက်ကရတွေ မပြောစမ်းနဲ့
ဦးရယ်၊ နေ့တိုင်း လမ်းကူးပြီး ကားနဲ့သွားနေရတာကို"

"အဲဒါ ငါ တိုင်တည်ထားတဲ့သစ္စာပဲ၊ နင် ဖောက်လို့ကတော့
နောက်ဘဝထိ နင့်လက်ကို ဆွဲခေါ်သွားမယ်မှတ်"

ကားလာပြီမို့ စကားစက ပြတ်သွားပါ၏။ ကားပေါ်ကို တိုးတက်
လိုက်ရင်း ကိုကိုနဲ့စကားများတာကို တွေးမိသွားရပါသည်။ နေနှင့်ဦး
ဆို့ ကိုကိုရယ်. . . ယုတို့လည်း တစ်နေ့တော့ ကိုယ်ပိုင်ကားမျိုး စီးခွင့်

ကြုံဦးမှာပါလေ။

"ဘာတွေတွေးနေတာလဲ"

ယုခေါင်းထောက် မေးတင်ပြီး တီးတိုးအမေးကို ပြန်မဖြေဖြစ်ဘဲ ပြုံးလိုက်မိပါ၏။ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ်တောင်မှ တွေးခွင့်မရပါလားနော်။ အဲဒီလောက်ထိ ယုဦးနှောက်ထဲထိ ဝင်စွက်ဖက်ချင်နေတဲ့ကောင်လေးပါလား။

"ကိုကို စိတ်ပုပ်တာကို တွေးနေတာ"

"ဘာလဲ, ကားကြုံမခေါ်ချင်တဲ့ကိစ္စလား"

"အင်း"

"နင်စီးချင်ရင် ဖေဖေ့ကို ငါပူဆာလို့ရတာပဲ။ ကိုကြီးပြီးရင် ကားဝယ်ပေးဖို့ Senior က ငါ့အလှည့်ပဲဟာ။ ငါကတော့ မလိုချင်ပါဘူး"

"ဘာလို့လဲ"

"ကိုယ်ပိုင်ကားနဲ့ဆိုရင် အခုလို ပူးပူးကပ်ကပ် ဘယ်စီးခွင့်ရလဲ"

"နင်နော်"

နား,နား တီးတိုးပြောတာမို့ ယု ကြားရပါ၏။ ဒင်းကတော့ ထိုင်ကားပေါ်မှာ အကြံအဖန်လုပ်ပြီး ပြောနေပါရောလားနော်။





"ဟုတ်တယ်လေ၊ ကိုယ်တိုင်ကားမောင်းရင် အမြဲသတိရှိနေရတာမှာ။ ရှေ့ကိုကြည့်ရ, ဘေးကနေ နောက်ကားကျော်တက်မလား ကြည့်ရ, အချက်ပြမီး မမှားအောင် သတိထားရနဲ့ နင့်ကိုဘယ်လိုဂရုစိုက်အားမှာလဲ။ နင်လိုချင်တာကို ပယ်တယ်. . . ဒါပဲ"

"လည်ပို့, သက်တောင့်သက်သာလေး သွားရလာရမှာကိုတော့ တွေးဘူး။ နင့်ဖို့ပဲ နင်ကြည့်တတ်၊ သိလား"

"ဒါပေါ့, ဘယ်ဆုံးဖြတ်ချက်မဆို ကိုယ့်အတွက် အကျိုးရှိမရှိ ဆန်းစစ်ပြီးမှ ရွေးချယ်ရတာ။ လူဆိုတာ အတ္တနဲ့ဖွဲ့စည်းထားတဲ့ ပုံဆောင်ခဲဆို, နင်သင်ဖူးတာပဲမဟုတ်လား။ နင်လိုချင်တာကို ခေါင်းထဲက ထုတ်လိုက်တော့"

"အေးပါ, နင်နိုင်ခွင့်ရတုန်း နိုင်ထားဦးပေါ့။ နောက်မှ နင့်ကို နိုင်စားတဲ့ဝဋ်မျိုးလည်မှ ဝမ်းနည်းမယ်မကြံနဲ့။ ငါကတော့ အဲဒီ့အခါ လက်ခုပ်တီးဖို့ စောင့်နေဦးမှာ"

"ဘာဝဋ်လဲ. . . သွားစမ်းပါ၊ နင့်ကိုစိုးမိုးချုပ်ကိုင်ဖို့ ဒီလူ့ဘဝထဲကို ငါရောက်လာတာ။ ယုယမေဆိုတာ ညီညီဇော်ရဲ့ နံရိုးလေးပဲ၊ မှတ်ထား"

"အာဒံရဲ့နံရိုးပဲ ရှိတာပါဟယ်"

"အာဒံရဲ့နံရိုးက ဝေဖြစ်သွားတဲ့ဟာ။ လျှာမရှည်နဲ့. . . နင်က ငါ့ကိုယ်တစ်ခြမ်းပဲဆိုတာ မြဲမြဲမှတ်ထား။ ငါရွေးထားတာကို ဘယ်သူ လာလုလို့မရဘူး"

"ဘာလဲ, ငါက နင်ဝယ်ထားတဲ့ ကိုရီးယားအသားချောင်းလေ လား"

"ယုနော်, ကားပေါ်မှာဆိုပြီး ငါ့ကိုစိန်ခေါ်မယ် မကြံနဲ့။ ငါက ဘယ်သူ့ကိုမှဂရုစိုက်တတ်တာမဟုတ်ဘူး။ နင်ပဲ နစ်နာမှာ, သတိထား

သူ အံကြိတ်ပြောလိုက်တာမို့ ဖက်ပုကာ ငြိမ်လိုက်ရပါ၏။ ဟုတ် တယ်လေ. . . ညီဆိုတာ ပတ်ဝန်းကျင်ကို သိပ်အမှုထားတဲ့ကောင်လေ မှမဟုတ်တာကို။ ကားပေါ်ကဆင်းပြီး လမ်းကူးတော့ ယုလက်မော ကို သူဆုပ်ကိုင်ထားလေ၏။ ကုမ္ပဏီထဲဝင်ချိန်အထိ သူ့လက်ကို လုံး မလွှတ်ပါချေ။ ဒါ ပိုင်စိုးပိုင်နင်းအမူအရာလေများလား။

"ဟဲ့! ဟိုနှစ်ယောက် လမ်းမှာ စကားများလာကြပြန်ပြီလား

နောက်မှပါလာသည့်အသံကြောင့် လှည့်ကြည့်လိုက်မိကြစဉ် ကောသီဖြစ်နေလေ၏။ Boss ရဲ့ Secretary က ကိုကို့ထက်ပင် နေပုံပါလား။

"မများပါဘူး မမရဲ့"





"ဒါဖြင့် ဘာလဲ. . . ယုကို သူများလာဆွဲမှာ စိတ်မချလို့လား, အလတ်"

"ဟင်, မဟုတ်ပါဘူး"

Lift ဆီ လျှောက်လာရင်း မမအကြည့်က ယုလက်မောင်းကို ဆုပ်ကိုင်ထားသည့် သူ့လက်ထံ မျက်စောင်းထိုး အချက်ပြလိုက်တာမို့ သူ့မျက်နှာ အမ်းတမ်းတမ်းဖြစ်သွားပြီး လက်ကို ဖျတ်ခနဲလွှတ်လိုက် လေသည်။

"ကားစီးရတာ အဆင်ပြေကြရဲ့လား"

"ပြေပါတယ် မမရဲ့၊ နည်းနည်းတော့ ကားကျပ်တာပေါ့"

"အေး, သိပ်ညည့်မနက်တော့ ဖယ်ရီ မစီစဉ်ပေးတာလေ။ ယု တို့နှစ်ယောက်က Lucky ပဲ သိလား။ ယုတို့ဝင်လာတဲ့လမှ ကုမ္ပဏီ ဝန်ထမ်းတွေ လစာတိုးကြတယ်"

"ယုတို့ ဝင်တာဆိုတော့ ဘယ်တိုးပါဦးမလဲ မမရဲ့"

"အင်း, နောက် ခြောက်လကြာရင်တော့ တိုးမှာပေါ့ ယုရဲ့။ ယု နဲ့ ဒီ Uniform လေး တော်တော်လိုက်တာပဲ။ ကိုဘုန်းပြောမှပဲ မမ သတိထားမိတော့တယ်။ တို့ညီမလေးက ချစ်စရာလေးကိုး"

သူ့ထံ ဖျတ်ခနဲငဲ့ကြည့်မိစဉ် မမကိုလှမ်းပြီး မျက်စောင်းခဲလိုက်

တာကို တွေ့လိုက်ရလေ၏။ Lift ထဲသို့ နောက်မှအပြေးလိုက်ဝင်လာ
သည့်အုပ်စုကြောင့် အတွင်းထဲသို့ ရွှေ့ရပ်လိုက်ရလေသည်။ အိုး! ယ
တို့ Supervisor တွေ တက်တက်ကြွကြွနဲ့ စုပြုံရောက်လာကြပါလေ
ရောလား။

"ဟော, ဘယ်သူများလဲလို့ အသေးလေးပါလား. . . Morning
မကေသီ"

"Morning...ကိုမျိုး"

"ဒီလ Salary (လခ) တိုးတယ်ဆို. . . ဟုတ်လား"

"ဟယ်, သတင်းက တယ်မြန်ပါလား။ ဘယ်ကနေ သိသွားတာ
လဲ"

"ဒီလိုပဲလေ, ကျွန်တော်တို့ဆီမှာ Information (သတင်း
က Satellite ထက် မြန်တာကိုး"

Boss ရဲ့ Secretary ကို အရင်မမြင်ဘဲ ယုကိုအရင်ဆုံးနှု
ဆက်လိုက်သည်နှင့် ယုလက်ဖမိုးကို သူဆွဲလိုက်လေပြီ။ ခက်တာပဲ

"ဒီနေ့ အသေးလေး စားချင်တဲ့ နန်းကြီးသုပ် ဝယ်ကျွေးမယ်
သိလား"

"ဟော! စပြန်ပြီ။ ယုကိုငဲ့ကြည့်ပြီး ပြုံးလိုက်သည့် အစ်ကို





မင်းကို ပြန်ပြုံးပြရမှာ သူ့ရှေ့မို့ ခက်နေပါတယ်ဆိုမှ စကားက ဆက်
ဦးလေ။

"အသုပ်မစားရဘူး. . . ဗိုက်နာမယ်"

"ဒါဆို အစ်ကိုကြိုက်တဲ့ ရှမ်းခေါက်ဆွဲ ဝင်စားကြရအောင်လေ၊
နော်. . ."

"အဲဒါတွေက ဆီရွှဲနေတာ၊ ရင်ကျပ်လိမ့်မယ်. . . မစားရဘူး"

သူ့ချေပသံကြောင့် ယောက်ျားလေးတွေထံမှ ရယ်သံသဲ့သဲ့မျှ
ထွက်လာပါ၏။ မကေသီက ညီအကြောင်းအသိဆုံးမို့ မျက်နှာလွှဲထား
လိုက်လေသည်။ စိတ်ထဲမှာတော့ ကျိတ်ပြုံးနေမည်ထင်ပါရဲ့။

"ဒါဆိုလည်း မုန့်ဟင်းခါးပဲ ဝယ်ကျွေးမယ်လေ၊ ငါးဖယ်, ဘူး,
ပဲ ငှက်ပျောစိုက်, အစုံပေါ့။ အိုးဘဲဥကြိုက်ရင်လည်း Special ဝယ်
ကျွေးမယ်ကွာ။ တင်တင်အေးဆို. . . good ပဲ"

"နှင့်ကို ငါမှာထားတယ်နော်၊ သူများကျွေးတာ လိုက်စားတာ
သူတောင်းစားပဲ။ ငါပြန်ကြားလို့ကတော့ သေပြီမှတ်"

"ငါ,မစားပါဘူးဟယ်၊ နင်ကလည်း"

"ကိုယ်တို့က. . . ညီမအငယ်ဆုံးလေးမို့ စေတနာနဲ့ ကျွေးမှာပါ
ညီရ"

"မလိုပါဘူး၊ သူစားချင်ရင် သူ့ပိုက်ဆံနဲ့သူ ဝယ်စားလိမ့်မယ် ဘယ်သူမှ ဝယ်ကျွေးစရာမလိုဘူး"

"ကဲပါ ကိုမျိုးရယ်၊ အလတ်အကြောင်း ကြားဖူးထားလျက် လိုက်မစချင်စမ်းနဲ့။ နဂိုကမှ သည်းသည်းလှုပ်ကို လိုက်ဆွနေပြန်ပါပြီ"

"သူတို့နှစ်ယောက်က အမြွာတွေမဟုတ်လား မကေသီရဲ့"

"ဘာမှ မမြွာဘူး. . . အဖေသပ်သပ် အမေသပ်သပ် မွေးခဲ့တ ဗျ"

အုန်းခနဲရယ်သံနှင့်အတူ Lift ရပ်သွားလေ၏။ သူနဲ့ယုကို စ,တ စုံတွဲလေးလို့ပဲ မြင်ကြတယ်ထင်ပါရဲ့။ ကွယ်ရာမှာ သူ့အကြောင်းဖေ ဘယ်လောက်ပြန်ပြောကြမလဲမသိ။ ရှေ့မှာတောင် ဒီလောက်စကြ ကို သိသိကြီးနဲ့ သူကလည်း နည်းနည်းလေးမှ မခံနိုင်တာလေ။

အားလုံးထွက်သွားတာကို မြင်နေရတာမို့ ညီက ယုလက်မော ကိုဆွဲထားရင်း နောက်ဆုံးမှထွက်ရန် ပြင်လေ၏။ ဒီပုံနဲ့တော့ အလ ဆင်းတဲ့နေ့တိုင်း ညီနဲ့အမြဲတမ်းစကားများရဦးမှာပဲ ထင်ပါရဲ့။ နဂို မှ မတည့် အတူနေ, အမြဲကိုက်တဲ့နှစ်ကောင်လို့ပြောပြောပြီး ဆူတ တာလေ။

"နင့်ကို ငါသေချာမှာထားလျက်နဲ့မှ ခြေတစ်လှမ်းမှားလို့ကတေ





ပါနော်"

မျက်နှာရှေ့ လက်သီးဆုပ် ထောင်ပြလိုက်တာမို့ ခြေလှမ်းကို ဆ်လိုက်ရပါ၏။ စကြံလမ်းမှာ လူရှင်းနေပေမယ့် ဝန်ထမ်းတွေ ခပ်ကြဲ ကြဲတက်လာနေကြတာမဟုတ်လား။

"နင်နော်, ငါ့ကို လူရှေ့ မနိုင်စားချင်နဲ့"

"အောင်မာ, ကုမ္ပဏီမှာမို့ နင့်ကိုဘာမှမလုပ်ဘူးမထင်နဲ့။ နင့် ကိုမလုပ်ဘဲ နင်နဲ့လာနွယ်သမျှကောင်တွေ အာလူးထွက်ပြီသာမှတ်"

"ဘာနွယ်တာလဲ"

"ခြံစည်းရိုးပေါက်တဲ့ ယောက္ခမရှုပ်တွေနွယ်မျိုးလေ"

ဝေါခနဲအသံနှင့်အတူ ဓာတ်လှေကားတစ်ခု ပွင့်လာလေ၏။ ယု တို့က ရုံးခန်းထဲသို့ နောက်ဆုံးဝင်ကြသူတွေမို့ နောက်မှလိုက်လာသည့် ခြေသံမှန်မှန်ကို အတိုင်းသားကြားရပါသည်။ ရုတ်တရက်ရှုရှိုက်လိုက် သည့် ရနံ့သင်းသင်းလေးကြောင့် Boss မှန်းသိလိုက်စဉ် ကြက်သီး တွေ ဖြန်းခနဲထသွားလေ၏။ ညီ့လက်မောင်းကို ဖျတ်ခနဲဆွဲကာ ဘေး ဘယ်ရပ်လိုက်မိပါသည်။

"မင်္ဂလာပါရှင်"

"Morning ယုယမေ၊ ဘယ်လိုလဲ. . . နေ့တိုင်းလျှောက်ရလို့

ခြေတိုနေပြီလား"

"မတိုပါဘူးရှင့်"

"OK! ဒီနေ့ ဝန်ထမ်းအစည်းအဝေးရှိတာဆိုတော့ Meeting Room မှာ ဆုံကြတာပေါ့။ See you! "

"ဟုတ်"

ဦးဘုန်းမြတ်သူက ကျန်ဝန်ထမ်းတွေကို ခေါင်းအသာညိတ်ပြ သူ့ရုံးခန်းထဲသို့ ဝင်သွားတော့၏။ လောလောဆယ် ကုန်ပို့စရာမရှိ မို့ စာရင်းဇယားတွေလုပ်ရန် ခုံအသီးသီးမှာ နေရာယူရမှာလေ။

"နေစမ်းပါဦး. . . . Boss ပါလာမှန်း နင်ဘယ်လိုသိတာလဲ ကိုပြော"

"ရေမွှေးနံ့ကြောင့်"

"ဘာ! Boss ဘာရေမွှေးသုံးသလဲဆိုတာ နင်ဘယ်လိုသိ လဲ"

"ဟိုနှစ်ယောက် ရောက်တာနဲ့ ကိုက်မနေကြနဲ့။ ညနေ နာရီ Meeting ရှိတယ်ဆိုတာ အားလုံးကို အသိပေးလိုက်ချေ"

နောက်မှလိုက်ဝင်လာသည့်ကိုကို့အသံကြောင့် စကားများ ရပ်သွားရတော့၏။





ဦးဘုန်းမြတ်သူရဲ့ရေမွှေးနံ့ကို ယုဘယ်လိုသိတာလဲတဲ့။ ကိုယ့် ကိုယ်ကို တစ်ခါမှမမေးဖူးတဲ့မေးခွန်းပါပဲလား။

ဟုတ်တယ်နော်. . .

ယုတောင် သတိမထားမိခဲ့တဲ့အနံ့သင်းသင်းလေးကို ဘာလို့မှတ် မိနေရတာပါလိမ့်။



## အခန်း (၁၂)

'ဝန်ထမ်း duty list ထွက်လာပြီ' တဲ့၊ အစည်းအဝေးအပြီး ထွက်လာသည့်စာရင်းကို ယုတို့ဝန်ထမ်းအငယ်တွေ မသိပေမယ့် မန်နေဂျာတွေ၊ Supervisor တွေကတော့ သိနေပြီထင်ပါရဲ့။ ကုမ္ပဏီပိုင်ရှင်က ဦးဘုန်းမြတ်သူရဲ့ဖခင်မို့ GM ရာထူးကိုသာ ယူထားသည့်အကြောင်း၊ ကုမ္ပဏီကြီး တိုးတက်ရပ်တည်နိုင်ဖို့ အားလုံးနှင့်လက်တွဲဆောင်ရွက်ကြပါလို့ စည်းရုံးပြောဆိုသွားသည့်ဦးဘုန်းမြတ်သူအသံက တည်တည်ငြိမ်ငြိမ်နှင့် ခန့်ထည်လွန်းနေတာလေ။

"မမသီဂီဆီ ယုသွားရတော့မှာလားဟင်"

"ဟယ်! မလောနဲ့လေ၊ List က မကေသီလက်ထဲမှာပဲ ရှိနေ

သေးတဲ့ဟာကို''

မသီဂီနောက်မှ လိုက်လာရင်း စိတ်စောစွာ မေးလိုက်မိပါ၏။ GM မှလွဲ၍ ကိုကိုရော၊ မမကေသီပါမက မသီဂီ၊ Supervisor တွေ စားပွဲဝိုင်းတစ်ဝိုင်းမှာ ခေါင်းချင်းဆိုင် တီးတိုးဆွေးနွေးနေတာ ဘာကိ များပါလိမ့်။ ကိုကိုက ခေါင်းက နှစ်ချက်မျှဖွလိုက်တာမို့ အတော်အကျ ရိုက်စေတဲ့ကိစ္စ ထင်ပါရဲ့။

''ငါ သူနဲ့သွားတွေ့ရဦးမှာပဲ''

''ဘာလို့လဲ ကိုနိုင်ရဲ့၊ ဒါကို သူ အစကတည်းက လုပ်ပြီးသား ကို။ ဘယ်လိုပြင်နိုင်းလို့ ရမှာလဲ''

''အဲဒါ နှင့်ကို မတိုင်ပင်ထားဘူးလား ကေသီရာ''

''ကေသီလည်း လုံးဝသိမထားဘူး။ ညနေ Meeting ရှိတာ ကိုလည်း ဒီမနက်ပြောမှ သိတာ။ ဒီ List မပြောနဲ့, သူဘာပြောရမ ဆိုတဲ့စာရွက်တောင် ဘာတစ်လုံးမှရိုက်ပြီး စီစဉ်ပေးရတာမဟုတ်ဘူး သူပြောချင်တာကို (၁၅)မိနစ်စာ ပြောသွားတာ ဖြူးနေတာပဲ''

''မိယုက ဘာမှကျွမ်းကျင်တာမဟုတ်ဘူး၊ နှင့်လက်ထော လုပ်နိုင်းရင် နှင်သေဖို့ပဲရှိတယ်။ မဖြစ်ဘူး. . . ငါ အခုပဲပြောမယ်''

''ဒီကိစ္စ ကေသီမပါဘူးနော်''





''အေးပါ, နှင့်ခုံမှာသာ နင်ထိုင်နေခဲ့''

Hall ခန်းထဲမှာမို့ အသံတိုက် အနည်းငယ်ဆူနေပါ၏။ မမကေသီက ပခုံးတွန့်လျက် သက်ပြင်းရှိုက်လိုက်လေသည်။ မသီဂီက ယုတို့ထိုင်နေရာဆီ လှမ်းကြည့်ကာ ယဲ့ယဲ့မျှပြုံးပြလိုက်ပြီး Store ဌာနဆီ ထွက်သွားတော့၏။ ကိုကိုက List စာရွက်ကိုကိုင်ကာ GM Room ဆီ လှမ်းသွားလေသည်။

''ဒေါက်! ဒေါက်! ''

''Come in! ''

တံခါးဖွင့်သွားစဉ် တွေ့လိုက်ရသည့် GM က Phone ပြောနေတာမို့ စစ်နိုင် အခန်းထဲဝင်ကာ ခုံဆွဲထိုင်လိုက်ပါ၏။ GM က လက်ပြပြီး ခဏနေနိုင်းထားသည်ကို။ ကြည့်ရတာ စက်ာပူက သူ့ဒက်ဒီနှင့် ပြောနေတာထင်ပါရဲ့။ မျက်နှာက ချိုမြနေတာကိုး။

''ပြော''

''ယုယကို စတိုမှာပဲထားဖို့ ကျွန်တော်စီစဉ်ထားတာ Gm ရဲ့။ ဘယ်လိုဖြစ်ပြီး Office ကို ပို့ရတာလဲ''

''ယုယမေကို. . .''

''ဟုတ်ပါတယ်''

"ဘာဖြစ်လို့လဲ၊ အဆင်မပြေဘူးလား. . . ကိုယ် နေ့စဉ်အလု
လာနေတာ ဘယ်ဝန်ထမ်း တာဝန်ကျေလဲ၊ ဘယ်ဝန်ထမ်း အပါးနိုင
မြင်နေရလို့ ဌာန အပြောင်းအလဲလုပ်ပေးလိုက်တာပဲ။ ကျွမ်းကျင်ပြီ
သားလူတွေက မနိုမကာပ်လုပ်တတ်တယ် ဖိုးနိုင်၊ အပျင်းထူတဲ့လူ
ကို ပင်ပန်းမယ့်နေရာမှာ ထားပေးတယ်၊ တာဝန်ကျေတဲ့သူတွေကို
စာ တိုးပေးတယ်၊ Bonus ပေးတယ်။ ကိုယ် မမှားတာလို့လား"

"မဟုတ်ပါဘူး GM...ကျွန်တော်ပြောချင်တာက ကျွန်တေ
ညီမလေးတစ်ယောက်တည်းပါပဲ။ ယုယ အလုပ်ဝင်လာတာ ဘာမှ
သေးဘူး။ သူ ကျွမ်းကျွမ်းကျင်ကျင် ဘာမှမလုပ်နိုင်သေးဘဲ ကေ
Assistance လုပ်နိုင်းတာ မဖြစ်နိုင်ဘူးထင်လို့ပါ။ ကေသီ ပင်ပန်း
မယ် GM"

GM က ဆုံလည်ခုံကို ဟိုဒီလှည့်ပတ်ကစားရင်း ပြုံးနေလေ၏
ဘာသဘောပါလိမ့်။ ယုယ တတ်မြောက်ထားသည့် Certificate ေ
နှင့် ဒီလိုတာဝန်ကြီးတဲ့နေရာမှာ လုံးဝမနေသင့်တာလေ။

"ယုယမေဆိုတာ မင်းညီမနော်"

"ဟုတ်ပါတယ်"

"အရင်းမဟုတ်လား"





"ဟုတ်ပါတယ် GM!"

"အေးလေ, မင်းညီမကို ကေသီ့လက်အောက်လုပ်ခိုင်းတာ ဘာ
ပြဿနာရှိလို့လဲ ဖိုးနိုင်ရဲ့။ မင်းညီမ ရာထူးရတာ ဂုဏ်ယူစရာမဟုတ်
ဘူးလား"

"မဟုတ်သေးဘူး GM...ယုယ ဘာကိုမှမကျွမ်းကျင်ဘဲနဲ့ ဒီလို
တာဝန်ကြီးတဲ့နေရာမျိုးမှာ မထားသင့်ဘူးလို့ ယူဆလို့ပါ"

"နေဦး. . . နေဦး. . . ကိုယ်တို့သေချာဆွေးနွေးရအောင် ဖိုးနိုင်။
GM နဲ့ မန်နေဂျာဆိုတာရယ်၊ Senior နဲ့ Junior ဆိုတဲ့အကန့်ရယ်
ကို ခဏဖယ်ပြီး သူငယ်ချင်းတွေလိုပဲ ပွင့်ပွင့်လင်းလင်းပြော"

"ဟုတ်ကဲ့"

GM က ခုံမှထရပ်ပြီးလျှောက်ကာ မှန်ချပ်များမှတစ်ဆင့် အပြင်
ကို ချပ်ငေးကြည့်နေလေ၏။ အန်ကယ် ဦးမြင့်မြတ်သူလက်ထက်ကတည်း
က GM နှင့်သူ အလုပ်အတူတူဝင်ခဲ့ကြတာမို့ ရှိသင့်တဲ့ရင်းနှီးမှုတို့
နှစ်ယောက်ကြားမှာ ရှိကာ၊ သိသင့်သိထိုက်သည့်အတွင်းရေးကိစ္စအထိ
အတူသိထားကြသည်လေ။

"သူမသိတာကို ကေသီ သင်ပေးလိမ့်မပေါ့ ဖိုးနိုင်။ Don't
worry..."

"ဒီလိုလွယ်လွယ်နဲ့မပြောပါနဲ့ ကိုဘုန်း။ အန်ကယ်ရောက်
ရင် ပြဿနာဖြစ်မှာစိုးလို့ပါ"

"ဘာပြဿနာလဲ"

"ကျစ်!. . . မကျွမ်းကျင်တဲ့ဝန်ထမ်းကို အဲဒီနေရာမှာ ထား
ပြဿနာ"

သက်ပြင်းရှိုက်သံသဲ့သဲ့ ထွက်လာပါ၏။ GM နောက်ကျော
ငေးနေမိရင်း လက်ဝါးထဲမှာ ချွေးစေးတွေ ထွက်ကုန်တာကို သူပဲ
နေတာလေ။ ယောကျ်ားချင်းမို့ မြင်နေတာလား. . . သူငယ်ချင်းလို
နီးတာကြောင့်ပဲ ကြိုတင်တားဆီးပိတ်ပင်ချင်တာများလား။ အနှ
အချက်ပေးသံနှယ် နားထဲကြားနေမိတာ အမှန်ပါလေ။

"ယုယမေကို ကိုယ့်မျက်စိအောက်မှာပဲ ထားချင်တယ် ဖိုး

"မဖြစ်နိုင်ဘူး"

"ဖိုးနိုင်. . . မင်း"

"ကျွန်တော် တောင်းပန်ပါရစေ ကိုဘုန်း။ ယုယကို သီဂိနဲ့
စတိုမှာပဲ ထားတာ ပိုသင့်တော်ပါတယ်။ အဲဒီကိုပဲ ပို့ပါလို့ ကျွန်
တောင်းဆိုပါရစေ ကိုဘုန်း"

"ကိုယ်ဆုံးဖြတ်ပြီးပြီ"





"ကိုဘုန်း"

GM က ဆတ်ခနဲလှည့်လာကာ စားပွဲထက် လက်ထောက်ပြီး
ယ်လိုက်ပါ၏။ ခေါင်းထဲနောက်ကျိလာမှုနှင့်အတူ ရင်ထဲပူလောင်မှုက
ပြောပြတတ်ပါချေ။ ယုယရေ့ ကိုကို့ညီမလေးမှာ အနှောင့်အယှက်ရှိ
ာတော့မှာပါလား။

"မင်း ဘာကိုစိုးရိမ်နေတာလဲ ဖိုးနိုင်"

"မဖြစ်ခင် ကြိုတင်တားတာက ပိုသဘာဝကျမယ်လို့ ယူဆပါ
တယ် ကိုဘုန်း"

"ကိုယ်. . ."

"ကိုဘုန်းမှာ လေညင်းသွဲ့ ရှိနေတာကို မမေ့ရင်ပေါ့"

"ကျစ်!. . ."

GM မျက်နှာထက် ပန်းရောင်သန်းသွားကာ ခုံမှာ ပစ်ထိုင်ချ
ိက်လေ၏။ ကဲ, ဘယ်လိုဆုံးဖြတ်ချက်ကို ပြင်မှာလဲ။ List အတည်
ပြုရသေးခင် အရင်ဆုံးပြန်ပြင်တာ မမှားပါဘူးလေ။

"ကိုယ့်ခေါင်းထဲမှာ လေညင်းသွဲ့ဆိုတာ မရှိဘူး ဖိုးနိုင်"

"အဲဒီလိုမပြောပါနဲ့ ကိုဘုန်း။ လေညင်းနဲ့ ကိုဘုန်းက စေ့စပ်
ားပြီးသားဆိုတာကို မေ့မထားပါနဲ့"

''ဒါဖြင့် မင်းရင်ထဲက လေညင်းကိုရော မေ့နိုင်လို့လား''

''ကိုဘုန်း''

''လူကြီးတွေလုပ်ထားတဲ့ကိစ္စမှာ ကိုယ်ရော မင်းပါ ရင်နဲ့ရင်း

နာကျင်ခံစားခဲ့ရတာပါ စစ်နိုင်။ လေညင်းကို မင်းမမေ့နိုင်တာကို ဝန်

ရင် ငါ အခုလုပ်တဲ့ကိစ္စမှာ မင်း မကန့်ကွက်ချင်ပါနဲ့''

''လေညင်းပြန်ရောက်လာရင် ဒီပြဿနာကို မရှုပ်စေချင်ဘူး

ကိုဘုန်း။ ကျွန်တော်. . .''

''ငါ, မင်းညီမကို စိတ်ဝင်စားနေပြီကွ''

''ဟာ!''

စားပွဲကို လက်ဝါးဖြင့် ဘုန်းခနဲထုပြီး အော်လိုက်တာမို့ စိတ်

ပိုညစ်သွားရ၏။ ကလေးဆန်လိုက်တာဟု ဝေဖန်ရမှာလား။ ယောကျ်ား

နှစ်ယောက်ကြားမှာ လုလုလေး ကစားသွားတဲ့မာယာရှင်ကိုပဲ အပြ

ပုံချရလေမလား။ မိန်းမတစ်ယောက်ရဲ့ရွေးချယ်မှုမှာ 'ငွေ'ဆိုတာ အမ်

အရေးအကြီးဆုံးဆုံးဖြတ်ချက်များလားလေ။

အထက်အောက် တာဝန်ယူထားရတဲ့ကုမ္ပဏီမှာ သူတို့နှစ်ယော

မျက်နှာပူစွာ ရင်ဆိုင်နေရပေမယ့် တတ်နိုင်သလောက်မေ့ထားမိခဲ့

မိန်းကလေးတစ်ယောက်ရဲ့နာမည်ကို အခုမှထုတ်ဖော်ပြောမိတာ





ကဲ, အခုတော့ နှားနဲ့ဆတ်ဆတ်ကြားရပြီပဲ။ 'ယုယမေ'ကိုမှ

စိတ်ဝင်စားနေပြီဆိုတဲ့ 'ဘုန်းမြတ်သူ'ရဲ့ပေါက်ကွဲသံလေ။

''မဖြစ်နိုင်ဘူး''

''ဘာကိုမဖြစ်နိုင်ရတာလဲ''

''ယုမှာ ချစ်သူရှိတယ်''

''ကိုယ် ဂရုမစိုက်ဘူး''

''ကိုဘုန်း''

''ကလေးမဆန်ချင်နဲ့လို့ မင်းမပြောနဲ့ စစ်နိုင်။ ငါ့စိတ်နဲ့ ငါ့ကိုယ်

လွတ်လွတ်လပ်လပ်လေး နေပါရစေဦး''

''အလုပ်မဟုတ်ဘူးဗျာ. . . ဒါ ကလေးကစားတဲ့ကိစ္စမဟုတ်ဘူး

။ ခင်ဗျားမှာ Engage လုပ်ပြီးသား မိန်းကလေးတစ်ယောက်လုံး ရှိ

ားပါလျက်နဲ့ ကျွန်တော့်ညီမလေးကို စိတ်ဝင်စားလို့မရဘူး''

''အေး, ငါကလည်း သေချာအောင် ထပ်ပြောလိုက်မယ် ဖိုးနိုင်၊

င်းရင်ထဲက နှလုံးသားကို အပိုင်ယူထားတဲ့မိန်းမကို လက်ထပ်ယူရ

လောက်အောင် ငါ မရူးသေးဘူး''

''လေညင်းက ခင်ဗျားကိုချစ်လို့ ရွေးခဲ့တာဗျ ကိုဘုန်းရ''

''သွားစမ်းပါ. . . ယုံတမ်းစကားတွေ ရွတ်ပြမနေနဲ့။ ငါ စိတ်မဝင်

စားဘူး''

''ခက်လိုက်တာဗျာ''

ခေါင်းကို တဖျင်းဖျင်းသာကုပ်၍ ဖွလိုက်မိတော့၏။ ဌာနခွဲထား လိုက်တာက အကြောင်းမဟုတ်၊ ယုယကို GM စိတ်ဝင်စားနေတာကို သိတဲ့နေ့ ညီညီဖော်တစ်ယောက် ပေါက်ကွဲ သောင်းကျန်းကုန်မှာက အဓိကကျတာလေ။ ဆယ်ကျော်သက်အရွယ်လည်းမဟုတ်ပါဘဲ စကား ကို GM လွယ်လွယ်ပြောထွက်ရတယ်လို့။

''ကျွန်တော်, လေညင်းကိုမေ့တာကြာပြီ''

''ညာပြောဦးပေါ့''

''ဟုတ်တယ်ဗျ။ သိဂ္ဂိုကိုဖွင့်ပြောဖို့ ရွယ်နေတာ ယုယလည်း သိ တယ်''

''မင်းဖွင့်ပြောရင် ဒီလောက်ကြာနေစရာမလိုဘူး။ ဟိုက ပြေ လာမြောင်းပေးလုပ်လာတာ ရှစ်လပဲ ကျော်နေပြီ၊ မင်းရဲ့ရေတံခွန်က မီးတောင်ထဲပဲ ဆင်းနေပြီ။ အပိုတွေ လာပြောမနေနဲ့၊ လေညင်း ပြ ရောက်ရင် ငါတို့စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်သိမ်းဖို့ ဖွင့်ပြော တော့မှာ''

''ကိုဘုန်း''





''ငါပြောပြီးပြီလေ၊ ယုယမေကို ငါစိတ်ဝင်စားနေပြီဆိုမှပဲ။ ဘာ . . . ဒါကိုလည်း မင်းသဘောမတူဘူးဆိုပြီး ကန့်ကွက်ချင်လို့လား။ ဘူး ဖိုးနိုင်၊ ငါ တစ်ခါပဲ အလျှော့ပေးနိုင်မယ် . . . ဒါပဲ''

''ကျွတ်! . . . စိတ်ရှုပ်လာပြီဗျာ''

''စိတ်ရှုပ်ခံမနေနဲ့၊ ယုယမေကို မင်းနားမှာ ထားပေးထားတာ ဘာမှပူစရာမရှိဘူး။ လေညင်းကိစ္စက ငါ့တာဝန်ပဲ''

စားပွဲထက် ချပေးထားသည့်စာရင်းစာရွက်ကို ကောက်ကိုင်ရန် တော့ GM က ဆတ်ခနဲထွဲယူသွားလေ၏။ လက်မြန်လိုက်တာနော်၊ ဒို့ခြေမြန်လက်မြန်ရှိတာကိုပဲ လေညင်းက သဘောကျတာများလား။

ကုမ္ပဏီကို နှစ်ဦးသား လက်ချိတ်ပြီး ရောက်လာတဲ့နေ့ကို ဒီနေ့ မမေ့သေး။ သူငယ်ချင်းနဲ့မိတ်ဆက်ပေးမယ်ဆိုပြီး ရောက်လာမှ သူ လေညင်းပါ မျက်စိမျက်နှာပျက်ခဲ့ရာကစပြီး အခြေအနေအကုန် သွားရတာပါ။ ချစ်သူရှိထားလျက်နဲ့မှ စေ့စပ်ခြင်းကို လက်ခံရသလား ပြီး ဘုန်းမြတ်သူ ပေါက်ကွဲခဲ့တာ ကိုးလကျော် ကြာခဲ့ပြီပဲ။

အခုတော့ လေညင်းနဲ့ကိစ္စကိုဖျက်ပြီး ညီမလေးဘက်ကိုမှ မြား ညွှန်ရတယ်လို့။ ဘာများကြာသေးလို့လဲ . . . လပိုင်းလေးသာ ရှိသေး ကာလအခိုက်အတန့်လေးမှာ ယုယကိုမှ စိတ်ဝင်စားတယ်ဆိုတာ ဖြစ်

နိုင်လို့လား။ မိန်းကလေးတစ်ယောက်တည်းကို အတူစိတ်ဝင်စားခဲ့ ကို ရှုံးခဲ့ရလို့ တမင်ချေပချင်တာများလား. . . ဘာဆိုဘာမှ ဝေခွဲမ ပါချေ။

"ယုယက ငယ်ပါသေးတယ် ကိုဘုန်း။ ကျွန်တော်တို့ကိုရှ ကြားထဲ ဆွဲမထည့်ချင်ပါနဲ့လား"

"ဟာ! မင်းဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်တို့သုံးယောက် တစ်ကဏ္ဍပါ။ ယုယမေကို ကိုယ်နှစ်သက်မိတာက သပ်သပ်. . . မ ဘူး"

"ကိုဘုန်း, ယုယနဲ့ ကိုဘုန်းက အဆင့်အတန်းချင်း. . ."

"ဂရုမစိုက်ဘူးလို့ ကိုယ်ပြောပြီးပြီလေ"

"လွယ်လွယ်မပြောနဲ့လေဗျာ၊ ခင်ဗျားရင်ဆိုင်ရမှာ အများကြ လေညင်းနဲ့ကိစ္စကိုဖျက်တာ လွယ်ပေမယ့် ရှေ့လျှောက်ရှင်းရမှာတွေ အများကြီးဗျ။ အနိုကယ်မြင့်မြတ်နဲ့ ဘယ်လိုရင်ဆိုင်မလဲဆိုတာ မ တောင်တဆုံးမကြည့်ဘဲ မျက်စိတဆုံး မြင်နိုင်အောင် ကြည့်တတ် တတ်ပါဗျာ"

"ကိုယ် စကားကို လွယ်လွယ်နဲ့မပြောတတ်တာကို မင်း ဆုံးပါ ဖိုးနိုင်"





သက်ပြင်းဆောင့်ချလိုက်သူက သူဖြစ်ရတော့၏။ ဘယ်ကနေ ဘယ်လို သတ္တိတွေရှိကုန်တာပါလိမ့်။ မိဘစကားကို ငြိမ်ငြိမ်နားထောင်ခဲ့တဲ့ တစ်ဦးတည်းသောသားက အခုတော့ မိဘနဲ့ဆန့်ကျင်ဖို့ တာဆူနေပြီတဲ့လေ။ အံ့ဩမိပါရဲ့။

"ဒါဆိုရင်လည်း ကိုဘုန်းသိအောင် ကျွန်တော် ကြိုပြောထားမယ် GM...ပြဿနာပိုရှုပ်မလာရအောင် ကျွန်တော် အလုပ်ထွက်မယ်၊ ကျွန်တော်ထွက်ရင် ညီမလေးကိုပါ တစ်ပါတည်းခေါ်သွားမယ်ဆိုတာ သိထားပါ"

"မင်း အလုပ်ထွက်ရင် ကိုယ့်ခွင့်ပြုချက်ပါမှ ထွက်လို့ရမယ်ဆိုတာ သိထားမှပေါ့ ဖိုးနိုင်။ လွယ်လွယ်နဲ့ နုတ်ထွက်လို့ရမယ်မထင်နဲ့"

ခုံမှထရပ်လိုက်မိစဉ် GM လက်ထဲမှစာရွက်က စားပွဲပေါ် ရောက်လာတော့၏။ အလုပ်ကိစ္စနဲ့ ကိုယ်ရေးကိုယ်တာကို ရောထွေးလို့မရမှန်း သိသိကြီးနဲ့ သူတို့နှစ်ယောက် စကားများနေမိတာပါလား။

"ကေသီ့ကိုပြောလိုက်ပါ၊ ယုယအတွက် Uniform ပြောင်းပေးဖို့နဲ့ Coming Monday ကစပြီး အလုပ်နေရာ ပြောင်းထိုင်ဖို့ကို"

စာရွက်ကို ဆတ်ခနဲကောက်ယူလျက် အခန်းထဲမှထွက်လာခဲ့ပါ၏။

'အမိန့်' တဲ့လား. . .

ယုယရဲ့နှလုံးသားကိုရော အမိန့်ပေး စေခိုင်းပြီး ယူလို့ရသလား ဆိုတာကို စောင့်ကြည့်ကြရသေးတာပေါ့ ဦးဘုန်းမြတ်သူ။



## အခန်း (၁၃)

"ဘယ်လို! လက်ထောက်အတွင်းရေးမှူး. . . ဟုတ်လား"

"ဟုတ်ပါတယ် မေမေ"

"သမီးရာထူးက မမြင့်လွန်းဘူးလား သားရယ်။ အဲဒီ Secretary သင်တန်းလည်း သူတက်ဖူးတာမဟုတ်ဘဲနဲ့"

ထင်တဲ့အတိုင်းပါပဲလား၊ ဖေဖေရော မေမေပါ တအံ့တဩဖြစ်ကုန်ကြပြီလေ။ ဟိုကလေးမလေးကတော့ ဒီနေ့ အသစ်ဝင်ရမည့်နေရာအတွက် ပြင်လို့ဆင်လို့မပြီးသေးပုံပါပဲလား။ Breakfast စားချိန်ကိုတောင် ဆင်းမလာသေးတာလေ။

"တစ်ခုခုပြောချင်တာများလား သား။ သားကိုကြည့်ရတာ ပြော

ချင်တာကို မျိုသိပ်ထားရသလိုပဲ''

သက်ပြင်းရှိုက်လိုက်မိလေ၏။ ဒီလိုမှကြိုမပြောထားရင် နောက်ဖြစ်လာမယ့်ပြဿနာကို မရှောင်နိုင်ဘဲ ရောက်လာမှာလေ။

''ကျွန်တော် ယု,သွားပြီးမှပြောမယ် မေမေ''

''သမီးကိစ္စလား''

''မဟုတ်ဘူး၊ ဒါပေမဲ့ ညီမလေးနဲ့တော့ ဆက်နွယ်လာမယ့်ကိစ္စ မို့ပါ''

''ဘယ်လို''

လေ့ကားထစ်ကို တဒုံးဒုံးပြေးဆင်းလာသံကြောင့် စကားကိုရပ်လိုက်ကြ၏။ ထမင်းစားခန်းဝမှာ ပေါ်လာသည့်ကောင်မလေးရဲ့မျက်နှာက ဝင်းပလို့ပါလေ။

''ယု သွားတော့မယ် မေမေနဲ့ဖေဖေ''

''စောလှချည်လား သမီး၊ ဘာမှမစားတော့ဘူးလား''

''အလတ်က မုန့်ဟင်းခါး ဝယ်ကျွေးမယ်ပြောထားလို့ပါ မေမေ ဒီနေ့က ဌာနပြောင်းလုပ်ရမှာမို့ စောစောသွားတာပါ''

''အေးအေး၊ မိုးချုပ်မယ်ဆိုလည်း အလတ်ကို စောင့်နိုင်းပြီး ပြန်လာနော် သမီး''





''ဟုတ်, ယု သွားပြီကိုကို''

နှုတ်ဆက်တာကို ပြန်မပြောဘဲ ငြိမ်နေသည့်ကိုကို့ကို တစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့ပါ၏။ အိမ်ရှေ့အရောက်မှာ လက်ပိုက်ပြီးစောင့်နေသည့်ညီကို မြင်လိုက်ရတာမို့ ပြုံးပြလိုက်ပါသည်။

''ဒါက Secretary Uniform ပေါ့လေ''

''လှလား. . . ငါနဲ့လိုက်လားဟင်''

Steel ချိုင့် ကိုင်ထားပြီး တစ်ပတ်လှည့်ပြလိုက်မိစဉ် မျက်မှောင်ကြုတ်ပြီး ကြည့်နေသည့်ညီ့မျက်ဝန်းတို့ကြောင့် ရယ်ချင်ချင်ဖြစ်သွားရပါ၏။ အိမ်မှာလုပ်ပြတဲ့အမူအရာကိုလည်း မကြိုက်ပုံပါလားနော်။

''နင်သိပ်မြောက်မနေနဲ့ ယုယ၊ ငါတို့အငယ်တန်းဝန်ထမ်းထဲမှာ နင်တစ်ယောက်တည်းကို ဒီလိုနေရာရွေးပြီးပေးတာ အကြောင်းတစ်ခုတော့ ရှိကိုရှိလိမ့်မယ်''

''ရှိပြီကော ညီရယ်၊ ငါက မန်နေဂျာကိုစစ်နိုင်ရဲ့ညီမဖြစ်နေတဲ့အတွက် ဒီလိုနေရာကို ဒီလိုဒီလိုကော်ကောင်းပြီး ကပ်လို့ ရသွားတာ''

''အေးပါ အေးပါ. . . နင့် Super Glue နဲ့ နင်ပြန်မကပ်မိအောင်လည်း သတိထားဦး။ ကျစ်! ငါမပြောချင်ဘူးနော်''

''နင်ကလည်း ဒါလေးပြောတာနဲ့ ကောက်ချင်နေပြန်ပြီ။ ငါ့ကို

မုန့်ဟင်းခါးဆယ်ကျွေးမှာဆို။ ငါတို့ကုမ္ပဏီနားမရောက်ခင် ဆိုင်မှာ အ
ကောင်းတာဟ့်"

"ဘာ. . . နင် ဘယ်တုန်းက ဘယ်သူနဲ့စားလို့ သိရတာလဲ"

"ဟိုတလောက ငါ့ကို မမသီဂီ လိုက်ကျွေးဖူးလို့ပေါ့"

နှစ်ယောက်သား လမ်းထိပ်ဘက်ကို ထွက်လာခဲ့ကြပါသည်။ Unifrom အသစ်နှင့်လည်း ယုယက ကြည့်လို့လှနေတာပါပဲ။ ဒီကုမ္ပ မှာ GM နဲ့မန်နေဂျာသာ အပြင်အဝတ်အစားဝတ်ကြပြီး Superv sor နှင့် ဝန်ထမ်းတွေက အရောင်တူပေမယ့် ပုံစံနည်းနည်းကွာပြီး ထားသလို Secretary က တစ်ရောင်ရွေးထားခြင်းဖြစ်ပါသည်။ အ ယုယက လက်ထောက် Secretary ဖြစ်သည်မို့ မမလိုပဲ ဆင်တူလို ပြီး ဝတ်ရတာလေ။

ဖိနပ်က ကွင်းထိုးဖြစ်ပြီး လက်နှစ်လုံးခန့် ထူထူမို့ အပြစ်မ မိ။ မျက်နှာထက်မှာ သနပ်ခါးရေကျဲသာ,လူးပြီး ဆံပင်တိုလေးကိုလည Hair coat လေးသာ ခပ်ဖွဖွလူးထားတာပင်။ ယုယမျက်နှာထက် သူသဘောအကျဆုံးကတော့ နှာတံစင်းစင်းလေးပါပဲ။ ချစ်တဲ့မျက် ပဲ ကြည့်မိလို့လားမသိ။ သူ့အကြည့်ထဲမှာ ယုယလောက် နှာတံလ မိန်းမလေးမျိုး တစ်ခါမှမတွေ့ဖူးခဲ့သေးပါလေ။





နောက်တစ်ခု သူသဘောကျသေးတာက ယုယရဲ့ဆံပင်ပါ။ လမ်း ပ်က မယ့်ဆိုင်မှာ ဆံပင်သွားညှပ်ကြတိုင်း ယုယဆံပင်ကိုကိုင်မိသည် နှ မျောလိုက်တာဆိုပြီး စုပ်တသတ်သတ်အမြဲဖြစ်တတ်တာကို။ သူ့ ဆံပင်က ယောကျ်ားလေးမို့ (အနည်းငယ်) ကြမ်းချင်သလိုလိုဖြစ်နေပြီး ယုယဆံပင်လေးကဖြင့် အတော့်ကိုနူးညံ့ပျော့အိနေသည်လေ။ ပြီးတော့ ဆိုးထားသလိုမဟုတ်ဘဲ အင်မတန်နက်မှောင်လေ၏။

ဆံပင်လုံးက (ကလေးလေးတွေလို) သေးသေးလေးဖြင့် များကာ က အနေတော်ပါပင်။ တခြားမိန်းကလေးတွေ ဖြော့ကြသည့်ခေတ် ယုယဆံပင်က နဂိုစင်းစင်း အိအိလေးဖြစ်ပါ၏။ ဆံပင်ညှပ်ပြီး ခေါင်းလျှော်လျှင် သူ့ခေါင်းကိုသာ Dryer ဖြင့်အမှုတ်ခံပြီး ယုယကို တော့ Towel ဖြင့်သာ ခြောက်အောင်သုတ်စေတော့ မယ့်က သူ့ကို သည်းပို့' လို့အမည်မှည့်ခဲ့တာလေ။

"ဟယ်! နင် ဆေးလှူပ်သောက်လာရဲ့လား"

"ဘာလဲ"

"တစ်ယောက်တည်း ကျိတ်ပြုံးနေလို့လေ"

"ယုနော်, လမ်းမကြီးရောက်မှ ငါ အသည်းယားအောင် လာ ရှနဲ့"

"အသည်းယားရင် ငါ ကျပ်ပေးမယ်လေ။ မှန်း! ဘယ်နား
ပြော"

"ယုယနော်"

ယု တဟားဟားရယ်မောလိုက်တာကို သူစိတ်မဆိုးဖြစ်။ ဒီ
စိတ်လွတ်လက်လွတ်ပျော်ရွှင်မှုမျိုးကို တခြားလူတွေရှေ့မှာ မဖြစ်ဖေ
တာကြောင့်ပါလေ။

"တီ!. . ."

Platform…ဘေးမှ ပေါ်ထွက်လာသည့်ကားဟွန်းသံကြော
ယုယ လန့်သွားသလို သူ့ရင်ထဲမှာပါ ထိတ်ခနဲဖြစ်သွားရပါသည်။

အလို! ယွန်းရတီစံ ဖြစ်နေပါရောလား။

"ဘယ်လိုလဲ ဖော်၊ ယုနဲ့ကိုယ် မတွေ့ဖြစ်တာ ရက်သုံးဆ
ကျော်သွားပြီ။ ယု တကယ်နေနိုင်တယ်ပေါ့လေ"

မင်သက်အံ့သြသွားသည့်ယုအကြည့်တို့က သူ့ထံသို့ ဖျ
ရောက်လာလေ၏။ သွားပါပြီ. . . ဒီနေ့ ပြဿဒါးပါပဲလား။ Chat
ထိုင်ရင်း E-mail တွေ အပြန်အလှန်ပို့ပြီး အပျော်ငြိခဲ့တဲ့နွယ်တ
က အပြင်ထိ ဇာတ်လမ်းထွင်နေပါရောလား။

"အလုပ်ဝင်နေတာ၊ မအားလို့"





အဖြေက မပီမပြင်နှင့် တုန်ချင်ချင်။ ယုယ ဤမျှအထိ မျက်နှာ
ပျက်နေပြီမို့ ပြဿနာက အကြီးကြီးဖြစ်လာတော့မှာပါလေ။ အဲဒီကောင်
လေးကလည်း တစ်မှောင့်ပါလားနော်။ ဝဍ္ဍတို့ ဝိုင်းရှုံကြတဲ့မီးစက
သေးမှန်း သူသိလိုက်လေပြီ။

"ယု့ reason က လုံးဝမရေရာပါလား ဖော်ရယ်။ ကုမ္ပဏီတိုင်း
Sunday OFF ရတာ ကိုယ်မသိဘူးမထင်နဲ့။ I'm not dull, you
know! "

ယုယက သူ့ထံမှ မျက်နှာလွှဲကာ ကားဂိတ်ဆီ လှမ်းသွားပြီမို့
ကားစကို အမြန်ဖြတ်ရတော့မှာလေ။ ယွန်းရတီစံက ကားပေါ်မှ ဆင်း
နေပြီမို့ အခက်ပါပဲလား။

"ကိုယ် နောက်မှပြောမယ် ယွန်း။ အခု. . ."

"No, no…ယု ကိုယ့်ကို ခေါက်မယ်မကြံလေနဲ့ ညီညီဖော်။
ကိုယ်က မင်းလိုသလိုပုံချိုးလို့ရတဲ့ Paper လေးမဟုတ်ဘူးဆိုတာ
သိတယ်မဟုတ်လား"

"ကျစ်!. . . ယု, ခဏနေဦးလေ"

"အဲဒါဘယ်သူလဲ"

"ကိုယ့်ဟိုဒင်း. . . ဟာ! ယု"

"သူ့ဟာသူ သွားပြီပဲဟာ၊ လွှတ်ထားစမ်းပါ ဖော်ရဲ့။ ယု့
ကုမ္ပဏီထိ ကိုယ်လိုက်ပို့ပေးနိုင်ပါတယ်။ ကိုယ်တို့ကိစ္စက အရာရာထက်
ပိုပြီးအရေးကြီးတာ ယုသိတယ်မဟုတ်လား"

လက်ကို ယွန်း လှမ်းဆွဲထားလိုက်စဉ် ယု တက်သွားသည့်ကား
က သူတို့ဘေးမှ ဝေါခနဲထွက်သွားချေပြီ။ သေပြီ ညီညီဖော်ရေ၊ မ
မိတဲ့ကြိုးစက ဖြည်ရ လွယ်ကူနိုင်ပါ့မလား။

"ယွန်း, please...ကိုယ်အလုပ်သွားရမယ်"

"လိုက်ပို့ပေးမယ်လို့ ပြောပြီးပြီလေ။ အခုမှ ရှစ်နာရီတော
မထိုးသေးတဲ့ဟာ။ So early..."

"နောက်တော့ ကိုယ်ရှင်းပြပါ့မယ်ကွာ"

"မရဘူး, ကိုယ်က ခုဆိုခုပဲ၊ ယု ကိုယ်ပို့တဲ့ E- mail လ
လာမယူသလို ဘာ Responds မှလည်း ပြန်မရလို့ ကိုယ် ဘယ်
ခံစားနေရတယ်ထင်လဲ, ဖော်။ ကိုယ့်ကိုလာချည်တဲ့ကြိုးကို ပိုးကြိုး
ပါးပါးလေးမထင်လိုက်ပါနဲ့။ အလွယ်ဖြေသဖြတ်လို့မရဘူးဆိုတာ ယု
ထားပါ"

"Sorry...ယွန်း"

"Sorry...တစ်ခွန်းနဲ့ ယု့. ကိုယ့်ကို ချန်ဖို့မစဉ်းစားနဲ့





ယ်က မင်းထင်နေသလို ပန်းတစ်ပွင့်မဟုတ်ဘူး။ မင်းကိုစူးမယ့် ဆူး
နော်"

အား. . . ပေါက်ကွဲ အော်ဟစ်လိုက်ချင်တာ မပြောပါနဲ့။ ဒီဇာတ်
င်းက ဖန်သားပြင်ထက်က ဇာလုံးတွေနဲ့တင်မရပ်တဲ့ အပြင်မှာ Date
ရင်း သူ့ Style ကိုမှ ယွန်းက နိုက်ပြီး အတည်ငြိသွားရတာတဲ့။
ယ်ချင်းတွေက အပျော်တွဲတာပဲ, No problem ဆိုတဲ့ တိုက်တွန်း
တို့ကြောင့် Sunday တိုင်း မကြာခဏတွေ့ဖြစ်ကြတာ အခုတော့
me Bomb တစ်ခုဖြစ်နေပါပြီကော။

"ကိုယ့်မှာ ချစ်သူရှိတယ်, ယွန်း"

"I don't care, ဖော်"

"ကျွတ်! ကိုယ်ငယ်ငယ်ကတည်းက ချစ်ခဲ့တဲ့ချစ်သူပါ ယွန်း။
ပါ. . . မင်းနဲ့ကိုယ်က"

"အပျော်တွဲပေါ့လေ၊ ဟုတ်လား ယု၊ ယု့ဘက်က ပေါ့ပါးလှချည်
း"

"နောက်မှ ကိုယ် သေချာတောင်းပန်ပါရစေ ယွန်း။ ကိုယ် အချိန်
တော့လို့"

"အဝိဟွာယ်မရှိဘူး ဖော်၊ ယု့အကြည့်တွေအောက်မှာ အရည်

ပျော်ကျခဲ့ရတဲ့ ကိုယ့် Heart ကို ဒီလိုနည်းနဲ့ အလွယ်လေး ချေမွလို့ ရမယ်မထင်လေနဲ့။ ကိုယ် ဘယ်လောက်အထိ အဆိပ်ပြင်းတယ်ဆိုတာကို ယုသိထားပြီးသားဆိုရင် ယု့ခြေလှမ်းတွေကို ကိုယ့်ဆီပြန်လှည့်ဖို့ စဉ်းစားပါ။ ကိုယ်ပြောချင်တာ ဒါပဲ. . . See you "

လှပစွာရှသည့်မျက်စောင်းတစ်ခုကို လက်ဆောင်ပေးခဲ့ပြီး ကားပေါ်တက်မောင်းသွားသည့် ယွန်းရတီစ်ကိုလှမ်းကြည့်ရင်း သက်ပြင်းကို ရှိုက်လိုက်မိပါ၏။ ရင်ထဲ ပေါ့မသွားပါလားနော်၊ ဘယ်သူ့ကိုအပြစ်တင်ရမှာလဲ. . . ခဏတာအလိုလိုက်မိတဲ့စိတ်က ရင်တစ်ခုလုံးကို မွှေနှောက်နိုင်စွမ်းရှိမှန်း သူကြိုသိခဲ့ပါရင် ဒီဇာတ်လမ်းကို စဆင်ခဲ့မိမှာမဟုတ်ပါလေ။

ကားလက်တန်းကို ကိုင်ထားသည့်လက်က တင်းကျပ်နေသော်ငြား တုန်ရီနေလေ၏။ ရစ်ဝဲလာသည့်မျက်ရည်တို့ကို ပုတ်ခတ် သိမ်းဆည်းလျက် မငိုမိအောင် အားတင်းထားရပါသည်။ လုပ်ရက်တယ် ညီ၊ ငယ်လေး သတိပေးခဲ့တုန်းက ဤမျှအထိ ဇာတ်ကြောင်းရှို့





ည့်ဟု ယု မထင်ခဲ့မိတာ မှားချေပြီကော။

ယောကျ်ားလေးတိုင်း အလှအပမက်မောတတ်ကြတာကို ယုနားလည်ပေးနိုင်ပါ၏။ ယုကိုတော့ အလှမပြင်ရဘူးဆိုပြီး ပိတ်ပင်ခဲ့တဲ့ကောင်လေးက ခုတော့ မှုံနေအောင်လှလွန်းတဲ့ ကောင်မလေးနဲ့ငြိနေတာလေ။ ယုက. . . ယုက. . . အဲဒီကောင်မလေးလောက် မလှလို့များအပြင် နောက်တစ်ယောက် ထားလေသလား ညီ။

ထင်မထားခဲ့မိတာ အမှန်ပါကွယ်။ ညီ မကြိုက်ဘူးလို့ယုဆလို့ အလှပြင်တယ်ဆိုတာ ယုယမေ့ရဲ့ဘဝမှာ တစ်ကြိမ်မှရှိမနေခဲ့တာပါ။ နှပ်ခါးလူးရင်တောင်မှ ထင်းမနေအောင် လူးပြီးတာနဲ့ တို့ပတ်နဲ့ ပြန်ဖျက်တတ်ခဲ့တဲ့သူပါ။ ခေါင်းကိုတောင် ပုံကျကျမဖြီးဖြစ်ဘဲ လက်နဲ့သာ သသပ်တတ်ခဲ့တဲ့ကောင်မလေးပါ ညီ။

ပြောတော့ဖြင့် ယုက ညီ့ရဲ့ဖူးစာရှင်ဆို။ မွေးလာကတည်းက ဖူးစာ ပါလာပြီးသားဆို။ ယုကို ညီသာ အပိုင်စားရထားတာမို့ ဘယ်ကောင်လေးကိုမှချစ်ဖို့မလိုဘူးဆို။ ယုကို. . . ယုကိုမှ အသက်နဲ့ထပ်တူ ချစ်မြတ်နိုးပါတယ်ဆိုတဲ့ကောင်လေးက ခုတော့ ဘယ်ပျောက်သွားပြီလဲ။

ရှိုက်သံထွက်ချင်လာတာမို့ နှုတ်ခမ်းကို တင်းတင်းစေ့ထားရာမှ

အောက်နှုတ်ခမ်းအတွင်းသားကို ခပ်နာနာလေး ဖိကိုက်ထားမိလိုက်မိ
၏။ အသားနာကျင်တာက ဘယ်ဘက်ရင်အောက်မှ စူးရှ အောင့်သက်
မှုကို မမီပါလား။ 'ရင်နာတယ်' ဆိုတဲ့စကားရဲ့အဓိပ္ပာယ်ကို အခုမှ ပ
ကောင်းကောင်းကြီးနားလည်သွားရတာပါလေ။

ကားရပ်လိုက်သည်နှင့် ကားပေါ်မှဆင်းတော့ လှေကားထစ်မှာ
ခြေချော်ကျလေ၏။ စပယ်ယာအစ်ကိုကြီးက 'ဖြည်းဖြည်း, ညီမလေး'
ဆိုပြီး ယုလက်မောင်းကို ထိန်းကိုင်ပေးရင်း ပြောတော့၊ ပို၍ငိုချင်လာ
တော့သည်။ ယုအသားကိုထိရင် မခံနိုင်တဲ့ ယုရဲ့ကိုယ်ရံတော်လေးက
ဘေးမှာ ပါမလာတော့တာလေ။

"ဟော! . . . ဒီနေ့ တို့ကော်ပတ်ရုပ်လေး တစ်ယောက်တည်း
ရောက်လာတာပါလား"

ကုမ္ပဏီအဝင်ဝမှာ လှမ်းစလိုက်သံတို့က မကြားတစ်ချက် ကြား
တစ်ချက်။ ခါတိုင်းလို ရန်မထောင်ဖြစ်တော့ဘဲ Lift ရှိရာဆီ အပြေး
လှမ်းခဲ့မိတော့၏။ ဒီလိုပဲလားဟင်. . . ရည်းစားပြတ်တဲ့ (မဟုတ်သေး
ဘူး) ချစ်သူစွန့်ပစ်ခြင်းခံရတဲ့ကောင်မလေးတိုင်း ဒီလိုပဲ ဘာကိုမှမမြင်
မကြားတော့အောင် တနင့်တပိုးကြီး ခံစားရသတဲ့လား။

ယု ဝင်ပြီးနောက် ဘယ်သူတွေ ထပ်ဝင်လာပြီး ခလုတ်နှိပ်လိုက်





ည်မသိ။ ငြိမ့်ခနဲတက်သွားသည့် Lift လက်ရမ်းကို တင်းတင်းဆုပ်
ားကာ အပေါက်ဝဘက်ကို ကျောပေးရပ်နေမိလေ၏။ အောင့်ထားမိ
ည်ရှိုက်သံက သဲ့သဲ့မျှထွက်သွားသလို မျက်နှာထက် စီးကျလာသည့်
က်ရည်တို့ကို အချိန်မီမထိန်းနိုင်ခဲ့။

"ယုယမေ"

"ဟင်! "

အငိုမျက်နှာဖြင့်မော့ကြည့်လိုက်မိစဉ် ကရုဏာသက်ဖွယ်အကြည့်
ဖြင့် ငုံ့ကြည့်နေသည့်မျက်ဝန်းတို့ကို တွေ့လိုက်ရလေ၏။

ဘုရားရေ!. . . ဦးဘုန်းမြတ်သူရှေ့မှာမှ မျက်ရည်ကျနေမိရတယ်



## အခန်း (၁၄)

"မျက်နှာအရင်သစ်လိုက်"

သန့်စင်ခန်းထဲသို့ ကျောကိုအသာတွန်းပို့လိုက်တာမို့ ဝင်လိုက်ပါ၏။ အလို! GM ရဲ့ Special Room က ပြည့်စုံလွန်းလှချည်လား။

...အခုမှ ရုံးနာရီကျော်ကျော်လေး ရှိသေးတာ၊ ဘယ်လိုဖြစ်ပြီး GM က အစောကြီးရောက်လာရတာလဲ။

"ငိုလို့မဝသေးရင်လည်း အဲဒီမှာ တစ်ဝကြီးငိုပြီးမှ ထွက်လာခဲ့ ဟုတ်ပြီလား"

တံခါးစေ့ခါနီးပြောပြီးမှ သူက တံခါးကိုပိတ်ပေးလိုက်ပါ၏။ မှန်ထဲမှာ မြင်နေရသည့်ယုရုပ်ကို ကြည့်နေမိသည်။ မျက်လုံးတွေ နီရဲပြီး

နှာသီးထိပ်လေးပါ နီနေတာလေ။ 'တစ်ဝကြီးငိုပြီးမှ ထွက်လာခဲ့' တဲ့ ခုန Lift ထဲမှာတောင် ငိုရှိုက်ရပ်ပြီး အံ့သြထူပူသွားတာနဲ့ ငိုဖို့တော သတိမရတော့တာ အခုကော ဘယ်လိုငိုလို့ရပါ့မလဲ။

ရှူးပါ ယုယမေ၊ ကိုယ်ဖြစ်တဲ့ပြဿနာကို လူမသိမမြင်အော ဖုံးကွယ် သိုဝှက်ထားရမယ့်ဟာကို Boss ရှေ့မှာမှ အကုန်ပေါ်ကုန် တယ်လို့။

စဉ်းစားစမ်း!. . . ဘာကိုအကြောင်းပြရမလဲ။ တစ်ခုခုပေါ့။ သ ရည်းစားကိုစွန့် ဤမျှအထိ ရှိုက်ကြီးတငင်ငိုမှန်းသာ သိသွားရင် ယ ကို ထိရှလွယ်တဲ့ကောင်မလေးဆိုပြီး အထင်မြင်သေးတော့မှာ မဟု လား။

''ဒေါက်! ဒေါက်! ''

''ထွက်လာသင့်ပြီ ယုယမေ''

မျက်နှာကို ရေနှင့်ပင် မြန်မြန်သွက်သွက်သစ်ပြီး တံခါးဖွင့်ထွ လာစဉ် ယုမျက်နှာရှေ့သို့ Towel အသေးလေး ရောက်လာပါ၏။ တ တသြဖြင့် မော့ကြည့်မိတော့ သူက မေးငေါ့၍ ယူခိုင်းလေသည်။

''မယူဘူးလား. . . သုတ်ပေးရမှာလား ယုယမေ''

''အာ. မဟုတ်တာ ဦးဘုန်းကလည်း''





''ဒါဆိုလည်း ပေးတာကို ယူမှပေါ့၊ မနက်စာ ဘာစားခဲ့လဲ''

''ဟင့်အင်း''

ကဲ! မညာတတ်တဲ့ဉာဉ်က ဒီတစ်ကြိမ်တော့ ခုက္ခဖြစ်ပေပြီ။ အ ယ် ယ်. . . GM မေးသမျှ မချင့်ချိန်ဘဲ ဖြေနေမိပါလိမ့်။ ညှော်စားပွဲတွင် ပြင်ဆင်ထားသည့် Coffee နှစ်ခွက်က ယုကိုလှောင်ပြနေသည့်နှယ် ။ အလိုလေးနော်. . . ဝန်ထမ်းပေါက်စနလေးကို Boss ကိုယ်တို Breakfast ပြင်ပြီးကျွေးနေတာကို လူတွေသိကုန်မှဖြင့် ကြားမကောင် ဖြစ်တော့မှာလေ။

''သောက်ရအောင်လေ၊ ဘာမုန့်မှမရှိလို့ ကော်ဖီဆိမ့်ဆိမ့်လေး သောက်ကြတာပေါ့။ ကော်ဖီရော. . . ကြိုက်ရဲ့လား''

''နေပါစေ ဦးဘုန်းရဲ့၊ ယု အလုပ်ဝင်ရတော့မှာကို''

''မင်းလုပ်ရမှာလည်း ဒီအခန်းမှာပဲလေ။ ပြီးတော့ ကေသီလာ မင်းဘာလုပ်ရမယ်ဆိုတာကို သူပြောရမှာ။ ကိုယ့်ရုံးခန်းထဲမှာ Clea-ning လုပ်ရဖို့က မင်းရဲ့ဦးဆုံးအလုပ်ပဲ။ ကဲပါ, ထိုင်''

ပခုံးကိုဖိချလျက် ထိုင်ခိုင်းနေပြီမို့ ခုံမှာ ထိုင်ချလိုက်ရပါ၏။ ယု က်ထဲမှ Towel ကို သူယူသွားတော့ လှမ်းတားဖို့အချိန်ပင် မမီလိုက်၊ တည့်တည့်ခုံမှာထိုင်ကာ ကော်ဖီခွက်ကို မေးဆတ်ပြစဉ် သက်ပြင်း

နှိုက်လိုက်မိလေသည်။

"ဘယ့်နှယ် အသက်ငယ်ငယ်လေးနဲ့ သက်ပြင်းချနေရတာ
ပြော, ဘာစိတ်ညစ်စရာရှိလို့ ဒီလိုရှိုက်ကြီးတငင်ငိုလာရတာလဲ"

နှုတ်ခမ်းပါးတို့ကို စေ့စေ့ပိတ်ကာ ငြိမ်နေမိပါ၏။ မဖြစ်ဘူး
အစစအရာရာ Boss ကို အကုန်အလုံးစုံအသိပေးသင့်တာမှ မဟ
ဘဲ။ ကိုယ်နဲ့ဘာမှလည်း သွေးသားတော်စပ်တာမျိုးလည်းမရှိ ရင်
ပတ်သက်ခင်မင်တာလည်း ဘာမှမကြာသေးဘဲနဲ့ သူမေးသမျှ ဖြေ
အောင် ယုက ငါးနှစ်သမီးလေးမှမဟုတ်တာနော်။

"ဟာ. . . မဖြေချင်ဘူးလား"

"ဟင့်အင်း"

"အိမ်က ထွက်လာကတည်းကလား. . . မိဘတွေ ဆူလိုက်
လား. . . ဖိုးနိုင်ပဲ ဆူတာများလား"

မဖြေချင်ပါဘူးဆိုနေမှ မေးခွန်းတွေ ထပ်ထုတ်နေသည့်
မျက်စောင်းခဲလိုက်မိပါ၏။ မဟုတ်သေးပါဘူး. . . သူ့ကို ဒီလိုအ
လုပ်မိရင် ယုကို ညီ ပြဿနာရှာမှာပေါ့။

နေဦး. . . ဒီမနက်ပဲ ညီ့ကို ယု စိတ်ဆိုးလာတာ၊ စိတ်
ပဲဖြစ်သင့်တာပေါ့နော်။ စိတ်နာတာ ဆိုရင်တော့ 'နင်နဲ့ငါ အပြီး





ပြတ်ပြီ ညီ' လို့ ပြောရုံပဲ ကျန်တော့မှာပါ။

"သောက်လေ, နွေးနေတုန်း သောက်လိုက်"

ဘာစကားမှလည်း ပြန်မပြောချင်တာမို့ ကော်ဖီခွက်ကို ကောက်ကိုင်လိုက်စဉ် တံခါးဖွင့်သံ ကြားလိုက်ရလေ၏။ နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်နေကြရာမှ ပြိုင်တူကြည့်လိုက်မိစဉ် တအံ့တဩမျက်နှာဖြင့် ယုတို့ကိုကြည့်နေသည်က မမကေသီနိုင်ရယ်လေ။

"ဟောတော်, ကိုဘုန်း အစောကြီးရောက်နေတာကိုး။ ကေသီ့အစား ယုယ ကော်ဖီဖျော်တိုက်နေရပြီလား။ မုန့်ကုန်နေလို့ ဒီမနက်မှ ဝင်ဝယ်ခဲ့တာ"

သူက အဓိပ္ပာယ်ပါသည့်အပြုံးမျိုးဖြင့် ယုကိုကြည့်လိုက်လေ၏။ မကေသီက ယု ကော်ဖီဖျော်ပေးတယ်လို့ ထင်သွားတာကိုး။

"နေပါစေတော့ ကေသီ၊ ကိုယ်တို့ ကော်ဖီသောက်တာပဲ ပြီးနေပြီဟာ။ နေ့ခင်းကျမှ စားတာပေါ့"

"ဒါဆိုလည်း သိမ်းလိုက်မယ်နော်"

"ယုယမေကို ကိုယ့်ရုံးခန်းထဲ Cleaning... အရင်လုပ်ခိုင်းပါ ကေသီ။ အဲဒါပြီးမှ ရုံးအလုပ်တွေ ခွဲပေးပေါ့။ သူနားမလည်သေးတာ မတတ်သေးတာကိုလည်း သေချာသင်ပေးလိုက်ပါ"

"ဟုတ်ကဲ့"

သူ ထရပ်လိုက်စဉ် သူ့ကော်ဖီခွက်ကိုရော ယုကော်ဖီခွက်ကိုပ ယူ၍ ဘေစင်မှာ ဆေးလိုက်ပါ၏။ ဘာမှရှုပ်မနေတဲ့ရုံးခန်းကို ဘယ်လို ရှင်းပေးရဦးမှာပါလဲ။ မမကေသီက မုန့်ထုပ်တွေကို နံရံကပ်ဗီရိုလေး သို့ ထည့်ကာ လှမ်းပြောလိုက်ပါသည်။

"ယုရေ. . . ဘာမှမပင်ပန်းပါဘူး။ ဟိုမှာချိတ်ထားတဲ့ကြက်မွေ တံလေးနဲ့ စားပွဲပေါ်တွေ ကုလားထိုင်ပေါ်တွေကို သုတ်ပေးရုံပဲ။ မှန်ချပ် တွေကိုသုတ်ဖို့ ဟိုထဲက အောက်ဆုံးထပ်မှာ Spray ဘူးရော Hand Towel...အပါးစားလေးတွေပါ ရှိတယ်, အဲဒါနဲ့သုတ်။ အားလုံးပြီး တံမြက်စည်းနဲ့ ကြမ်းကိုလှဲပါ။ ဖုန်စုပ်စက် မသုံးရဘူးနော်"

"ဟုတ်ကဲ့ပါ မမ"

"ကိုဘုန်း Singapore က Phone စောင့်မှာဆိုရင် ကော် အပြင်ကအလုပ်တွေ သွားလုပ်လိုက်ဦးမယ်။ လိုရင်ခေါ်လိုက်နော်"

"OK..."

"ကြိုးစားထား ယုရေ"

ယုပခုံးကို ဖတ်ခနဲအသာပုတ်ပြီး GM ၏ရုံးခန်းထဲမှ ကော နိုင် ထွက်သွားပါ၏။ ပေါ့ပါးသွက်လက်လိုက်တာနော်။ ဒါကြောင့်လည်း





GM ရဲ့အတွင်းရေးမှူးနေရာမှာ မြဲနေတာကိုး။ ဒီလောက် ငယ်ရွယ်ချော ာတဲ့ချစ်သူလေးကို ဒီလိုလူငယ် Boss တစ်ယောက်အနီးမှာ ထား ာကို ကိုကြီး စိတ်မပူဘူးတဲ့လား။ ဘယ်လိုစိတ်ချခြင်းမျိုးနဲ့ စိတ်အေး ာက်အေးနေတတ်ပါလိမ့်နော်။

ကိုကြီးက ထားပါ၊ မျက်ကွယ်မှာ ချစ်သူကို ယုံကြည်စွာထားနိုင် ာပဲ။ ဒါဖြင့် ညီကရော, ယုနားမှာ သူစိမ်းယောကျ်ားလေးတွေ မြင် ာနဲ့ ပြဿနာရှာတတ်တဲ့ကောင်လေးက ခုတော့. . . ခုတော့. . . ယု မြင်တဲ့နေရာမှာ ယုမသိတဲ့ကောင်မလေးနဲ့ ယုထင်မထားတဲ့ဇာတ် ပ်မျိုး ထွင်နေတာလေ။ တောက်!. . . ဘယ်လောက်ဒေါသဖြစ်စရာ ာင်းလိုက်သလဲ။

"ဖြည်းဖြည်း ယုယမေ၊ ကိုယ့်စားပွဲပေါ် တင်ထားတဲ့မှန် အက် းမှာစိုးလို့ပါ"

"Sorry..."

စက္ကူဖိသည့်ဖန်တုံးလေးကို ဆောင့်ချမိလိုက်တာပဲ ထင်ပါရဲ့။ ပွဲမှန်တိုက်ပေးရင်း သတိဝင်သွားကာ သူ့ထံအကြည့်ရောက်သွား ော့ သူက မျက်ခုံးပင့်ပြလိုက်လေ၏။ ယုတော့ စိတ်နဲ့ကိုယ် လွတ်ချင် လွတ်နေတာလေ။

"ရလောက်ပါပြီ၊ မင်းတိုက်ပေးနေတဲ့မုန့်က အပြင်ကိုမ... လကမ္ဘာထိ လှမ်းကြည့်လို့ရနေပြီ"

စလိုက်မုန့်းသိပေမယ့် မပြုံးမိပါလေ။ ယုဆီမှာ ပြုံးချင်ရ... တဲ့စိတ်တွေတောင် ပျောက်ကွယ်ကုန်ပြီလား။ တံခါးခေါက်သံနှင့်အ... အခန်းထဲဝင်လာသည့်ကိုကို့ကိုမြင်တော့ သူ့ထံမှ အသံထပ်ထွက်... လေ၏။

"ဟော! Secretary လုပ်ရမယ့်အလုပ်တွေကို မန်နေဂျာ... တိုင် လုပ်နေပါရောလား။ ဘယ်လိုဖြစ်ရတာလဲ"

"ကေသီ Computer ကိုင်နေလို့ မအားတာနဲ့ ကျွန်... လာခဲ့တာပါ"

"ဒီလိုပဲ တစ်နေ့လုံး တရောင်းရောင်းဝင်လာဖို့တော့ အစ... မရှိလောက်ပါဘူးနော်"

လက်မှတ်ထိုးပေးပြီး ပြန်လှမ်းပေးတာကိုယူလျက် Boss ... ကိုကို ဘုကြည့်ကြည့်လိုက်လေ၏။ အလို! ကိုယ့်အထက်လူကြီး... ဖြစ်၊ သူဌေးလည်းဖြစ်တဲ့ဦးဘုန်းကို ဘာလို့ ကိုကို ဒီလိုကြီးကြည့်... ပါလိမ့်နော်။

"ကိစ္စရှိရင်တော့ ဝင်လာရမှာပေါ့ GM..."





သူက ဘောပင်ကိုပိတ်လိုက်ပြီး သဘောကျသလို ပြုံးလိုက်လေ... ကိုကို့အကြည့်တို့က နံရံမှန်ကိုတိုက်ပေးနေသည့်ယုထံသို့ ဖျတ်ခနဲ ...က်လာပါသည်။ ယုကို တစ်ခုခုပြောချင်လို့များလား။

"မင်းညီမကို နင်းကန်ခိုင်းမစားပါဘူး စစ်နိုင်ရာ. . . မပူပါနဲ့"

"မဟုတ်ပါဘူး"

"ဆယ်နာရီ Phone လာဖို့ရှိတယ်၊ မင်းပြောချင်လား"

"ဘယ်ကုမ္ပဏီက Phone မို့လို့လဲ"

"စက်ဘုက လေညင်းသွဲ့လေ"

"ကျစ်!. . ."

ကိုကို မျက်နှာကွက်ခနဲပျက်ကာ လှည့်ထွက်သွားတော့ သူက ...ဟက်ပက်ပက်ရယ်ချလိုက်လေ၏။ 'လေညင်းသွဲ့'ဆိုပါလား။ တစ် ...ကြားဖူးခြင်းမရှိတဲ့အမည်တစ်ခုက ကိုကို့နှင့် ဘယ်လိုများပတ်သက် ...ပါလိမ့်နော်၊ ပြီးတော့ သူနဲ့ရော ရင်းနှီးနေလို့ ဒီနာမည်ကို အလွယ် ...ပြောနိုင်တာပေါ့။ အံ့သြစရာပဲ. . . ကိုကို့မှာ ယုမသိတဲ့ လျှို့ဝှက် ...တွေ ရှိနေတာအမှန်ပါလေ။

"စိတ်ဝင်စားတယ်ပေါ့"

"ဟင်"

"လေညင်းသွဲ့ကိစ္စလေ"

"သူက ဘယ်သူလဲဟင်"

"မင်းကိုကိုရဲ့ First love...ပေါ့"

"ဘယ်လို!. . . တကယ်ကြီးလား"

မှန်တိုက်သည့်ပိတ်စလေးကို ကျစ်ကျစ်ဆုပ်ကာ သူ့အနီးရောက် သွားတာမို့ သူက ယုကိုကြည့်ရင်း ပြုံးလိုက်ပြန်၏။ အို. . . သေချာပ တယ်၊ ယု့မသိနိုင်တဲ့အကြောင်းတွေ အများကြီးရှိနေသေးတာပါလား

"ဒီ့ထက်ပိုပြီး သိချင်သေးလား"

"အင်း"

"မင်းကိုကိုနဲ့ လေညင်းသွဲ့ကို ခွဲလိုက်တဲ့လူတစ်ယောက်. . . ဒီ ကုမ္ပဏီမှာ ရှိနေတယ်"

"အဲဒါ ဘယ်သူလဲ"

"ကိုယ်ပဲ"

"ဟင်! မဟုတ်တာ"

မျက်မှောင်ကြုတ်ပြီးငြင်းတော့ သူက ပခုံးကို ဟန်ပါပါတွန့် လိုက်လေ၏။ ကိုကိုနဲ့ ကိုကို့အချစ်ဦးကို GM က ဘယ်လိုခွဲလိုက်တာ တဲ့လဲ။ ယုဦးနှောက်ထဲ ဝင်လာတဲ့ပဟေဠိက ပိုပြီးလေးနက်လာသည်





ယ်ပင်။

"မယုံဘူးလား ယုယမေ"

"ဟင့်အင်း"

"တကယ်ပြောနေတာပါ"

"ဦးဘုန်းက ဘာလို့ ကိုကိုတို့နှစ်ယောက်ကို ခွဲရတာလဲ"

"အကြောင်းရှိလို့ပေါ့"

"ဘာအကြောင်းလဲ"

"ကိုယ်တို့မိဘတွေက ကိုယ်နဲ့ လေညင်းကို သဘောတူထား ကြလို့ပဲ"

"ဟင်!. . ."

"ကိုယ်လည်း သူတို့နှစ်ယောက်ပတ်သက်မှုကို အစက မသိခဲ့ ား ယုယမေရဲ့။ ကိုယ်နဲ့လေညင်းကို Engage လုပ်ပေးပြီးမှ သိခွင့် ခဲ့တာပါ"

ယုလက်ထဲမှ ပိတ်စလေးက ဖုတ်ခနဲ အောက်ကိုပြုတ်ကျသွား ၏။ အလို! ယုကဖြင့် တစ်နေ့တစ်နေ့ ကိုကို့ကိုစိတ်ဆိုးအောင် တစ် ပြီးတစ်မျိုး မရိုးအောင်လုပ်နေမိတာလေ။

ကြည့်ပါဦး. ယုကိုကိုမှာ ယုမသိသေးတဲ့ အသည်းကွဲပုံပြင်တစ်

ပုံ ရှိနေမယ်လို့ လုံးဝထင်မထားမိတာအမှန်ပါ။

"ယုယမေ"

"ဟင်"

"အံ့သြနေတာလား"

"..."

"စိတ်ချပါ, မင်းကိုကိုရဲ့အသည်းကိုခွဲဖို့ ကိုယ်လုံးဝမရည်ရွယ်ပါဘူး။ အခြေအနေက ဒီအတိုင်းပဲဖြစ်သွားလို့ပါ"

"ကိုကိုက...ကိုကိုက..."

"ကိုယ်တို့စေ့စပ်ကြောင်းလမ်းထားတာကို လေညင်း ပြန်ရောက်ရင် ဖျက်သိမ်းပေးပါ့မယ် ယုယမေ။ ဒါဆို မင်းကျေနပ်နိုင်မယ်မဟုတ်လား"

"ရှင်"

ယုဘေးမှာ လာရပ်ရင်း ပြောလိုက်သည့်သူ့ကို တအံ့တသြမေ့ကြည့်လိုက်စဉ် တံခါးခေါက်သံနှင့်ဒ...ူ Phone သံပါ ပြိုင်တူ မြည်လာလေ၏။

"ယုယ"

ကိုကို့အသံထွက်လာစဉ် သူက Phone ကို ကောက်ကိုင်လိုက်





...း ခုံမှာပြန်ထိုင်ကာ နံရံမှန်ချပ်များဘက်သို့ ခုံကိုလှည့်လိုက်လေ၏။ ...မှန်းသေချာမသိခင် ယုလက်ကို လာဆွဲခေါ်သွားသည့်ကိုကို့နောက် ...ို့ ပါလာခဲ့ပါသည်။

ဘာတွေဖြစ်ကုန်ပါလိမ့်နော်...



## အခန်း (၁၅)

"အဲဒီမှာ ဘာလုပ်နေတာလဲ"

"ယု,ဘာလုပ်လို့လဲ ကိုကိုရဲ့"

"သန့်ရှင်းရေးလုပ်တာ ဒီလောက်ထိ အချိန်ကြာစရာအကြောင်း …ဘူး။ ဘာတွေပြောနေကြတာလဲ"

"ဘာမှမပြောပါဘူး"

"ဘာမှမပြောဘဲနဲ့ သူ့အခန်းထဲမှာ ဘာလို့အကြာကြီးရှိနေရတာလဲ"

"ကိုကို"

"နင်သတိနဲ့နေစမ်း! ယုယ၊ ငါသိပ်မပြောချင်ဘူး"

"ဟင်, ကိုကို ဘယ်လိုကြီးပြောတာလဲ"

"ကျွတ်! ခက်လိုက်တာကွာ"

ကိုကိုက Corridor မှာရပ်ရင်း စိတ်ပျက်ဟန်ဖြင့် ညည်းလိုက်လေ၏။ Hall ခန်းကိုဖြတ်လာတာ ယုရဲ့လက်မောင်းကိုဆွဲလျက်သား နှင့်မဟုတ်လား။ ညီမကိုရိုက်မယ့်အစ်ကိုလိုပုံစံနဲ့မို့ အားလုံးက အံ့သြပြီး ဝိုင်းကြည့်နေကြတာလေ။

"အလုပ်လုပ်နေတာကို ဘာလို့ဆွဲခေါ်လာရတာလဲ ကိုကိုရဲ့"

"ကျစ်! နင့်ကိုသတိပေးစရာရှိလို့"

"ဘာကိုလဲ"

"နင် GM နဲ့နီးနီးကပ်ကပ်မနေနဲ့စမ်း။ လုပ်စရာရှိတာ မြန်မြန်သွက်သွက်လုပ်ပြီးတာနဲ့ ကောသီ့ကိုဝိုင်းကူပေးပါလား"

"အခုလည်း ဦးဘုန်းနိုင်နေတာကို လုပ်ပေးနေတာပဲ ကိုကိုရဲ့ ဘာလို့ဆွဲခေါ်လာရတာလဲ"

"GM ဘာလဲဆိုတာ ညည်းသိထားလို့လား မိယုယရဲ့"

"သိတယ်လေ"

"ဘာ!. . . ဘာကိုသိတာလဲ"

"အခုလေးတင်ပဲ သူနဲ့ကိုကို့ရည်းစားဟောင်း စေ့စပ်ထားတာ





ကိုပြောလို့ သိရတာလေ"

"ဘယ်လို"

ကိုကိုက မင်သက်စွာကြည့်နေတာမို့ ရယ်ချင်လာမိ၏။ ဦးဘုန်းကြောင့် ကိုကို့ရဲ့လျှို့ဝှက်ချက်ကို ယု သိရတာကိုး။ ဖေဖေနဲ့မေမေ့ကို မသိရအောင် ကာလအချိန်အများကြီး ဖုံးဖိထားတဲ့အကြောင်းအရာက ကိုကို့အတွက် အရေးအကြီးဆုံးကိစ္စဖြစ်နေတာလေ။

"ဦးဘုန်းက ကိုကို့နှလုံးသားဒဏ်ရာကို ပြန်ကောင်းအောင် ကုပေးမှာပါ ကိုကိုရဲ့"

"ယုယ. . . ညီမလေး"

"သူတို့ရဲ့စေ့စပ်ကြောင်းလမ်းပြီးတဲ့ကိစ္စကို ဖျက်သိမ်းပေးမယ်လို့ ယုကို အခုလေးတင်ပြောလိုက်တာပါ ကိုကိုရဲ့။ မစိုးရိမ်နဲ့တော့နော်"

ဒုက္ခပါပဲလား. . . သူစိုးရိမ်နေတာက ညီမလေးကိုပါ။ ညီညီနှင့်ငယ်သယ်ချင်းကြောင့် ချစ်သူတွေလို အရမ်းကြီးတရင်းတနှီးရှိနေတာကို သိထားပြီးသားမို့ GM တစ်ယောက် ညီမလေးအပေါ် မရိုးမသားစိတ်ရှိနေတာကို မစိုးရိမ်ရဘူးလား။ ဒါကို ညီမလေး နည်းနည်းမှမရိပ်မိပါလားနော်။

"မစိုးရိမ်လို့မရဘူး. . . ငါပြောတာ သေချာနားထောင်စမ်း အငယ်မ"

"ဟာ. . . ဘာလဲကိုကိုရာ၊ တော်ကြာ မမကေသီ ထွက်အော် တော့မှာပဲ"

"မအော်ပါဘူး။ နင့်ကိုငါခေါ်လာတာ အားလုံးမြင်ကြတာပဲကို"

"ကဲကဲ, ပြောစရာရှိလည်း မြန်မြန်ပြော"

"GM ကိုသတိထားပြီး ပြောဆိုဆက်ဆံစမ်း"

"ဟမ်!. . . GM ကို"

"အေး"

"ယုက ဘာလုပ်လို့လဲ၊ ဒီလိုပဲ ပုံမှန်ပြောတတ်တာကို"

"သူ့မျက်စိရှေ့မှာ ဟန်ရေးမပြမိစေနဲ့. . . အစစအရာရာသတိ ထားဖို့ပြောနေတာ။ နားထောင်စမ်း! မိယုယရယ်"

ယု မျက်လုံးကျယ်သွားရပါ၏။ မနက်က ငိုထားတာ GM ကြောင့် ရပ်သွားတာ ဘာကြာသေးလို့လဲ။ ကိုကိုတော့ ရည်းစားလုဖက် GM ကို ၂ တွေဝင်ပြီး ပြောနေပြီထင်ပါရဲ့သေ။

"ဒါဆို ယုက ဘယ်လိုနေရမှာလဲ။ သူနဲ့မမကေသီ နိုင်းတာကို လုပ်ပေးရပါမယ်ဆိုနေမှ သူ့ရှေ့မရပ်မိအောင် ဘယ်လိုနေရမှာလဲ"





"မိယုယရယ်. . . နင်ဒုက္ခရောက်မှာစိုးလို့ ငါကြိုပြီး သတိပေး နေတာကွ"

"ယုက ဘာကိုဒုက္ခရောက်ရမှာလဲ. . . ကိုကို့စကားကြီးကလည်း အဓိပ္ပာယ်မရှိလိုက်တာကွာ"

"အဓိပ္ပာယ်ရှိလို့ပြောနေတာကွ။ နင့်ကို GM စိတ်ဝင်စားနေ တာ နည်းနည်းလေးမှမရိပ်မိဘူးလား။ နင်တော့လေ"

ယု ပါးစပ်ဟသွားရပါ၏။ ဒါက ငိုတောင်မှမဖြစ်နိုင်တာလေ။ သွားပြီ. . . ကိုကိုတစ်ယောက်တော့ အချစ်ဦးကိစ္စနဲ့ ဘရောင်ချိန်း,ဘ န်းချောင်နေပြီထင်ပါရဲ့။

"ဦးဘုန်းက ယုကို. . ."

"အေး"

"စိတ်ဝင်စားနေတာ. . . ဟုတ်လား"

"အေး, ဟုတ်တယ်"

"ဟားဟားဟား. ...လုံးဝမဖြစ်နိုင်တာကြီး။ ကိုကိုတော့ သွား ကွာ။ ယု ဒီမှာအလုပ်ဝင်တာ ခုမှ ရက်ပေါင်းသုံးဆယ်ကျော်ကျော် လေးပဲ ရှိသေးတာကို။ မဖြစ်နိုင်တာမှ လုံးဝဥဿုံမဖြစ်နိုင်တာကြီး။ Absolutly Impossible ပါ မန်နေဂျာကြီးရယ်. . . ဟားဟားဟား"

"ဟာ, တိုးတိုးရယ်လေ၊ နင့်အသံကို အထဲက ကြားကုန်တော့
မှာပဲ။ ဒါ ရယ်စရာလား"

"ရယ်ရတာပေါ့၊ ကိုကို့ဟာသက ရင်ကို လာကလိတယ်
လုံးဝ Funny ပဲ"

"တော်တော့ တော်တော့. . . အစ်ကိုက စိုးရိမ်ပြီး သတိပေး
တာကို ရယ်စရာလုပ်ရတယ်လို့၊ ဘယ်လိုညီမလဲ"

"ဟင်းဟင်း. . . ကိုကိုက မဟုတ်တာတွေ လာပြောနေတာ
လို့"

"ဘာမဟုတ်တာဖြစ်ရမှာလဲ. . . ဟုတ်တာကို ပြောနေတာ
အမှန်ကွ"

ယုက ဗိုက်နှိပ်ရယ်နေတာကို မနည်းဘရိတ်အုပ်ရလေ၏။
ကမှ အရယ်သန်တဲ့ညီမကို လာကလိရတယ်လို့ ကိုကိုရယ်။ ခက်

"ဘာကိုမှန်ရတာလဲ၊ ကိုကို့နဖူးလား"

"နင်နော်, အစ်ကို့ကို မရိုမသေမပြောနဲ့စမ်း။ နင့်ကိုစိတ်ဝင်
နေပြီလို့ သူ့ပါးစပ်ကနေ ငါ့ကိုထုတ်ပြောလိုက်တာ"

"ဘယ်တုန်းကလဲ"

"ဟိုတစ်လောလေးကပဲ"





"သေချာတယ်၊ အဲဒါ ကိုကို့ကိုစမ်းသပ်တာပဲ။ Ponds လေး
းကျွေးတာကို အဟုတ်ထင်ပြီး မလဲလိုက်နဲ့ ဦးစစ်နိုင်ရေ။ ကိုကို့
ueen ကို သူစားထားပြီးပြီမဟုတ်လား။ သေချာစဉ်းစားပြီး Chess,
ဟုတ်ရင် ကိုကို့ King ကြီး လဲသွားလိမ့်မယ်။ ရင်ဘတ်ကြီးကို ငဲ့ပါ
"

ကိုကို့ရင်ဘတ်ကို နှစ်ချက်သုံးချက်အသာပုတ်ကာ တံခါးဖွင့်၍
all ထဲသို့ ပြန်ဝင်လိုက်ပါ၏။ အတော့်ကိုလည်တဲ့ ဦးဘုန်းမြတ်သူပါ
းနော်။ ကိုကို့ချစ်သူကို ယုနဲ့အလဲအလှယ်လုပ်ချင်လို့တဲ့လေ။

ရမလား. . . ယုယမေဆိုတာ ရှင်ကြီး လှည့်ကစားလို့ရတဲ့ ကော်
လေးမှမဟုတ်တာလေ။ နော်. . .

"ယုရေ, ထမင်းစားချိန် Canteen လိုက်ဦးမှာလား"

"No!..."

"ဘာဖြစ်လို့လဲ၊ ညီတောင် ပစ္စည်းပို့ပြီး ပြန်ရောက်နေပြီ။ သူ
ကောက်နေပြန်ပြီလား"

"သူ့အကြောင်းမပြောနဲ့ မမရေ၊ မကြားချင်ဘူး"

"ဘယ်နှမိနစ် ကောက်မှာလဲ"

မမကေသီ မေးတာကို ခေါင်းပဲ ခါပြလိုက်မိပါသည်။ အဲဒီကိုကို

လုပ်မှပဲ ဦးဘုန်းနဲ့စကားပြောရင် မျက်နှာပူစရာတွေ ဖြစ်ကုန်တော့မ
လေ။ မဟုတ်လောက်ပါဘူးနော်. . . ဦးဘုန်းလို ကုမ္ပဏီ GM...တ
ယောက်က ယုလို ချာတိတ်မပေါက်စလေးကို စိတ်ဝင်စားတယ်ဆိုတ
ကမ္ဘာကြီးပြောင်းပြန်လည်သလိုမျိုး လုံးဝမဖြစ်နိုင်တာလေ။

ထမင်းစားချိန် အလျှိုလျှိုအောက်သို့ဆင်းသွားကြသည့်ဝန်ထမ်း
တွေ ရှိသလို အရေးကြီးကိစ္စ Phone အဝင်စောင့်ရသည့်ဝန်ထမ်းတ
ကတော့ ရုံးခန်းထဲ ကျန်ရစ်ခဲ့ကြပါ၏။ ထမင်းစားချင်စိတ်လည်း မ
တာမို့ ခြေပစ်လက်ပစ်ထိုင်နေမိစဉ် Hall ခန်းတံခါးပွင့်သွားလေသည်

"ယု"

ကျစ်! ဒင်းလာပြီကိုး။ ကောင်းပြီ ညီညီဇော်ရေ့, ငါက နင်
နေတဲ့လေဒီတွေနဲ့တန်းတူ နံပါတ်တော့ Senior အတပ်မခံနိုင်ဘူး
တာ နင်ကောင်းကောင်းကြီးသိရမယ်။

"ယု, ထမင်းစားကြစို့လေ"

"ငါစားပြီးပြီ၊ ငါ့ကိုလာခေါ်စရာမလိုပါဘူး ညီညီဇော်ရဲ့၊ 
ကောင်မလေးနဲ့အတူတူသွားစားပါတော့လား"

"အဲဒီကိစ္စ ငါသေချာရှင်းပြပါ့မယ် ယုယရာ"

"တော်စမ်းပါ၊ ပလစ်ချောက်ချက်ပြောမယ့်စကားတွေကို





ထောင်ဖို့ ငါအချိန်မပေးနိုင်ဘူး။ နင့်စကားနားထောင်ချင်တဲ့လေဒီတွေ
ဘာဘီတွေနဲ့ပဲ သွားကြွေချည်"

"ယုယ. . ."

"ရုံးခန်းထဲ ငါအော်ကြီးဟစ်ကျယ်မဖြစ်ချင်ဘူးနော်၊ နင်အလိုက်
သိ ထွက်သွားပါ"

"ငါသေချာရှင်းပြတာကို နားမထောင်ရင် မသွားနိုင်ဘူး ယုယ
နဲ့၊ လာ. . ."

"နင်နော်, လူရှင်းတာကိုအခွင့်ကောင်းယူပြီး ငါ့ကို ဒီလိုအကြမ်း
တမ်းမလုပ်နဲ့။ လွှတ်ဆို. . ."

လက်ကောက်ဝတ်ကိုဆွဲခေါ်လာတာမို့ မနက်က ကိုကိုနဲ့လာခဲ့
သည့် လေသာဝရံတာကိုပင် ရောက်လာရပြန်ပါ၏။ ဘယ်လိုဖြစ်ပြီး ဒီ
နေရာကိုပဲ ရောက်နေရတာလဲ၊ ဒီအပေါ်ကနေ အောက်ကိုခုန်ချချင်စိတ်
တော့ ယုမှာ မရှိလောက်ပါဘူးနော်။

"ငါပြောမယ်. . . ယွန်းနဲ့ငါ Chatting ထိုင်ရင်း ငြိခဲ့တာကို
ခံပါတယ်။ အပြင်မှာလည်း သုံးလေးခါ ဆုံဖူးတယ်။ ဒါပေမဲ့ ငါ့ဘက်
က အပေါ်ယံပါးပါးလေးပါ ယုရဲ့။ ဘာကိုမှ အလေးမထားပါဘူး။ နင်
မှ ငါ့အတွက် အတည်အတံ့ချစ်သူပါ။ ယုံပါ ယုရာ, ငါ အနူးအညွတ်

တောင်းပန်နေတာပါ''

လျှာဖျားလေးနဲ့ပြောတာဖြင့် လွယ်လိုက်တာနော်။ ဒီလို In-
ternet ဆိုင် ထိုင်တတ်ကြတဲ့လူငယ်တွေတိုင်း အခုလို ခပ်ပေါ့ပေါ့ဖြ
လမ်းတွေ ထွင်တတ်ကြတာလား။ အဲဒီလို အလေးအနက်မထားတတ်
တဲ့လူငယ်မျိုးထဲမှာမှ ယုရဲ့ညီက ပါဝင်နေတာလေ။

အပေါ်ယံပါးပါးလေးတဲ့လား။ ယုရင်ထဲမှာ တနင့်တပိုးကြီးခံစ
နေရတာကိုဖြင့် ညီ မသိနိုင်တာလေ။ ညီရယ်. . . လောကမှာ မုန့်
သာ ဝေစားရိုးထုံးစံရှိပါတယ်၊ သက်မဲ့ပစ္စည်းတွေကို ဝေမျှသုံးရိုးထုံး
ရှိပါတယ်၊ ရင်ထဲကချစ်ခြင်းကိုတော့ ဘယ်သူမှမျှဝေပေးရိုး မရှိပါဘူး
ဒါကို ညီ မသိဘူးတဲ့လားကွယ်။

''ယု. . .''

လက်မောင်းနှစ်ဖက်ကို ဆွဲကိုင်လှုပ်ရမ်းနေတာမို့ မျက်ရည်
က ရစ်သိုင်းအုံ့ဖွဲ့လာပါ၏။ မငိုနဲ့နော်. . . မငိုမိစေနဲ့ သူ့ဘက်က အလေး
အနက်မထားမှတော့ ယုဘက်ကလည်း ပေါ့ပေါ့လေးဖြစ်ဖို့ လိုပါလိ
မယ်။ ယု ငိုလိုက်တာနဲ့ သူ့ကိုရှုံးရတော့မှာလေ။

''တစ်ခုခုပြောလိုက်ပါ ယုရာ၊ ငါ့ကိုမကျေနပ်လို့ ရိုက်ချင်
လည်း ရိုက်လိုက်။ နင် ဒီလိုကြီးကြည့်နေတာကို ငါမခံနိုင်ဘူး။ နင်





ကြည့်အောင် ငါဘယ်လိုနေပေးရမလဲဟင်''

''မလိုတော့ပါဘူး ညီညီဖော်၊ နင်နဲ့ငါဆိုတာ တစ်ရက်တစ်မနက်
ည်း မွေးလာခဲ့တဲ့သူငယ်ချင်းဆိုတဲ့ သတ်မှတ်ချက်တစ်ခုတည်းပဲ ရှိ
တော့တယ်။ တခြားဘာအကန့်မှမရှိတော့ဘူးဆိုတာကို နင်သိရင် ခု
ချင်း နင့်လက်တွေကို ဖယ်လိုက်ပါ''

''မဟုတ်ဘူး''

''ငါပြောနေတယ်နော်''

ညီ့လက်တို့က လွှတ်မပေးသည့်အပြင် ပို၍တင်းကျပ်လာကာ
ကိုယ်လေးကို အနီးဆုံးသို့ ဆွဲကပ်လိုက်လေ၏။ သာမန်အချိန်တွေ
သူ အဘယ်မျှဆိုးဆိုးကြမ်းကြမ်း ယု သည်းခံနိုင်ပေမယ့် ကုမ္ပဏီ
သည့်အသိနှင့်အတူ မနက်ကမြင်ကွင်းက ရင်ကိုနာကျင်သည်ထက်
ကျင်စေလာတာကြောင့် သူ့ရင်ဘတ်ကိုဆောင့်တွန်း၍ ရုန်းလိုက်
သည်။

''ယုယ. . .''

မရည်ရွယ်ပါဘဲ လွှဲရိုက်လိုက်မိသည့်လက်က ညီ့ခေါင်းကို လည်
သွားစေသည်အထိ ပြင်းထန်နေလေသည်။ ငါလက်နာတာထက်
မှာ ပိုပြီးကြေကွဲနာကျင်ရတာကို နင်သိထားပါ ညီ။

''နင်နဲ့ငါ. . . ပြတ်ပြီ''

''ယုယ. . . ငါ. . . ငါ. . .''

''ယုယမေ, ဘာတွေဖြစ်နေတာလဲ''

အပြင်ကို လိုက်ထွက်လာသည့် ဦးဘုန်းကြောင့် နှစ်ယောက်သား ကြွေဆယ်လိုက်ကြရပါ၏။ ဒီ GM တစ်ယောက်ကတော့ဖြင့် ကိုး ထင်နေသလိုပဲ ယုကို အရိပ်လိုလိုက်ကြည့်နေတော့တာပါလားနော်။

''ဘာမှမဖြစ်ဘူး''

''ထမင်းစားကြရအောင်လေ၊ ကေသီတောင် အဆင်သင့်ပြ ထားပေးပြီးပြီ။ ကိုယ်တို့ တစ်ဝိုင်းတည်းစားရအောင်လို့တဲ့။ လာလေ''

ညီမျက်ဝန်းများက ထိတ်လန့် အံ့ဩစွာဖြင့် ယုထံရောက်လာ လေ၏။ 'ချော်လဲ ရောထိုင်' ဆိုတဲ့စကားပုံကို အခု ငါသုံးတော့မ ညီ။ နင်တောင်မှ ငါ့မမြင်ကွယ်ရာမှာ ငါမသိအောင် နေချင်သလို နေသေးတာပဲ။ ငါက လူတိုင်းရဲ့မျက်စိရှေ့မှာ မြင်မြင်သာသာရှိနေ ပါလေ။

''လာလေ, ပြောလို့မပြီးသေးဘူးလား''

''ကိုကိုရော, ဦးဘုန်း''

''ဖိုးနိုင်နဲ့ကေသီ Canteen မှာပဲ စားမယ်ဆိုပြီး အခုလေး





ဆင်းသွားလေရဲ့''

တံခါးဖွင့်ကာ အဆင်သင့်စောင့်နေသည့် ဦးဘုန်းရှိရာဆီ ခြေ ပ်းမပျက်အောင် လှမ်းလာခဲ့ပါသည်။ GM ရုံးခန်းထဲရောက်တော့မှ အောင့်နိုင်တော့သည့်မျက်ရည်တို့က ဝေါခနဲပြိုကျလေတော့သည်။

မတားပါနဲ့နော်. . . မနက်တုန်းကလို တော်တော့ဆိုပြီး မရပ် လိုက်ပါနဲ့။ ငိုပါရစေ. . . ဒီမျက်ရည်တွေဟာ ညီနဲ့ပတ်သက်ပြီး ကျ နောက်ဆုံးမျက်ရည်တွေသာ ဖြစ်ပါစေတော့ ဦးဘုန်းရယ်။



## အခန်း (၁၆)

''ဘယ်တုန်းက ချစ်သူဖြစ်ခဲ့တာလဲ''

ကြွေပန်းကန်ပြားကို ဆပ်ပြာဆီဖြင့် ဂရုစိုက်ဆေးနေရင်းမှ ခေါင်းပြုလိုက်မိပါ၏။ အတွင်းရေးတွေ တိုင်ပင်ရလောက်တဲ့အထိ ယုနဲ့ ဦးဘုန်း မရင်းနှီးပါဘူးနော်။ ပြောစရာမလိုဘူးမဟုတ်လား။

''မပြောချင်ဘူးလား''

''ဘာလို့ပြောရမှာလဲ၊ ဦးဘုန်းတောင် ဦးဘုန်းအကြောင်း ပြောဖို့လား''

''မင်းသိချင်ရင် ပြောပြမှာပေါ့။ ဘာသိချင်လဲ,ပြောလေ''

''မသိချင်ပါဘူး. . . ဘာဆိုင်လို့ နားထောင်ရမှာလဲ''

သူ့ထံမှ ခပ်တိုးတိုးရယ်သံ ထွက်လာလေ၏။ လက်ဆေးပြီး သန့် စင်ခန်းအဝမှာ လက်သုတ်နေတာ မပြီးနိုင်ပါလား။ ယုတစ်ယောက် တည်း ဖြစ်နေမှာစိုး၍ပဲ စကားပြောဖော်ပြုနေတာ ထင်ပါရဲ့။ ဆေးပြီး သားပန်းကန်တွေ ခွက်တွေ ဇွန်းခက်ရင်းတွေကို ရေစစ်ရန် စင်ပေါ်တင် တော့ သူပါ လာကူပေးလေ၏။ မလုပ်ဖူးတာတွေများ ပိုင်းလုပ်ပေးနေ လေသလား။

"ပဲပြားသုပ်လေးက စားကောင်းတယ်နော်။ ဘယ်သူပြင်ထည့် ပေးလိုက်တာလဲ"

"ယုဟာယု ထည့်လာတာပေါ့။ မေမေက အာလူးနဲ့ကြက်သား ဆီပြန်ပဲ ထည့်ပေးလိုက်တာ"

လွှတ်ခနဲပြောထွက်သွားတာကို အမြန်ထိန်းလိုက်ပေမယ့် အချိန် မမီလိုက်။ ကိုကို အတန်တန်သတိပေးထားပါရဲ့။ ယုရဲ့ကောင်းကွက် တွေ ထုးချွန်တာတွေကို GM မမြင်စေ မသိစေနဲ့လို့လေ။

သူ့ကို ဖျတ်ခနဲမော့ကြည့်မိတော့ ယုကိုပြုံးပြီး ငုံ့ကြည့်နေတာ နှင့် ဆုံလေ၏။ မဖြစ်သေးဘူး. . . သူနဲ့ယှဉ်ရပ်နေတာ ခြောက်လက်မ လောက်တောင် မကွာပါလားနော်။ သတိရလျက် ဘေးကိုရွှေ့ရပ်လျက် ဘေစင်ကိုဆေးစဉ် သူရယ်ပြန်လေ၏။





အလို!. . . ယုကို လောင်စရာသတ္တဝါလေးလို့ပဲ သူမြင်နေတာ ..းလား။

"ဘာဝါသနာပါသလဲ"

အမယ်, ဒါမျိုးရမယ်ထင်သလား။ ညာတာပါတေးနဲ့ ယုကို လာ ..စ်နေတာလေ။ ရေမြှုပ်ကို ဘုံဘိုင်ရေဖြင့် ပြန်ဆေးကာ ညှစ်လိုက်ပြီး ..astic ဇကာလေးထဲ ပြန်ထည့်ထားလိုက်ပါ၏။ လက်ကို ဆပ်ပြာဖြင့် ..သချာဆေးကာ လက်သုတ်ရင်း ပြုံးလိုက်မိသည်။

"အိပ်တာနဲ့ စားတာ"

"ဟာ. . . အမှန်အကန်ဆုံးပါပဲလား"

"မှန်တာကိုပြောတာလေ၊ လူမှန်ရင် သက်တောင့်သက်သာလုပ် ..ီး အေးအေးချမ်းချမ်းအိပ်ချင်ကြတာပဲမဟုတ်လား။ ဘယ်လိုလူမျိုးက ..က်စာ,စားပြီးတာနဲ့ ညစာကို ပူပန်စိတ်နဲ့ရှာချင်ကြမှာလဲ။ မဟုတ် ..ူးလား,နော့"

သူက ယုပြောတာကို သဘောကျပုံဖြင့် ယုခေါင်းကို လက်သီးဆုပ် ..၍ ထုလိုက်လေ၏။ အိုး!. . . ဒီလောက်ကြီးတရင်းတနှီးပြုမူတာကတော့ ..ွန်တယ်ထင်ပါရဲ့။

သန့်စင်ခန်းတံခါးက ဖွင့်ထားတာမို့ ရုံးခန်းထဲမှ Phone သံ

မြည်တာကို ကြားလိုက်ရလေ၏။ သူထွက်လိုက်ချိန် တံခါးက ဖျတ်ခနဲ ပွင့်လာလေသည်။

"ဩော်, ကိုဘုန်း မရှိဘူးထင်လို့"

"ရှိတာ ကေသီ၊ ကိုယ် လက်ဆေးနေလို့ပါ။ ဟဲလို"

မမကေသီက မျက်ရိပ်ပြခေါ်နေပြီမို့ သန့်စင်ခန်းထဲမှထွက်ကာ တံခါးကိုပိတ်လိုက်ပါ၏။ မမကေသီ ခေါ်နေရာဆီ လှမ်းရန် ရွယ်လိုက်စဉ် Phone ပြောနေသည့်သူက လက်လှမ်းပြ၍ တားလိုက်လေသည်။

"ကိုယ့်ကို ရေအေးအေးလေးတစ်ခွက်လောက် ထည့်ပေးပါ ယုယမေ. . . please"

ကဲ, ဘယ်လိုလုပ်ရမလဲ၊ မမကေသီကို ကြည့်လိုက်မိစဉ် မေးဆတ်ပြပြီး တံခါးပြန်စေ့သွားတာမို့ သူခိုင်းသည့်အလုပ်ကို လုပ်ပေးဖို့ ပြင်လိုက်ရလေ၏။

ရေခဲသေတ္တာထဲရှိ ရေဘူးထဲမှရေကို ဖန်ခွက်ထဲသို့ ငှဲ့ထည့်ကာ ပန်းကန်ပြားလေးပေါ်တင်၍ ယူလာပေးတော့ သူက ယုကို လက်ကာပြကာ ရပ်နေစေတာမို့ သူ့အနီးမှာ ရပ်နေရပါသည်။

"သူက ဒက်ဒီတို့ကို အဲဒီလိုပဲပြောတာလား. . . ဒီကိစ္စကို သူနဲ့ ကျွန်တော်ပဲ ဖြေရှင်းချင်တယ် ဒက်ဒီ။ ဟုတ်တယ်. . . ဒက်ဒီတို့ကို အစ





ာတည်းက ကျွန်တော်ပြောခဲ့သားပဲ။ သူ့မှာ ချစ်သူရှိထားတာကို ပွင့်ှင့်လင်းလင်းမပြောခဲ့တာကိုကြည့်ပြီး ဖုံးကွယ်လျှို့ဝှက်တတ်တဲ့မိန်းမ ာစ်ယောက်မှန်း ဒီနိုင်တယ်လေ။ အင်း. . . အဲဒါ မာမီ့စိတ်တိုင်းကျ ျွန်တော် လက်ခံပေးလိုက်ရတာပါ ဒက်ဒီ။ ကျွန်တော်မှ သူ့ကိုမချစ် ိုင်တာ, ရအောင်ကိုဖျက်ပစ်မယ်။ ဒါပဲနော် ဒက်ဒီ"

'မချစ်နိုင်တာ' တဲ့၊ လေညင်းသွဲ့ဆိုတဲ့မိန်းကလေးကို ရည်ရွယ်ပြီး ပြောတာထင်ပါရဲ့။ သူ့ထံမှ ဒီလိုစကားလုံးတစ်ခါမှမကြားဖူးတာ ့ ယုမျက်နှာ တစ်မျိုးလေးဖြစ်သွားရလေသည်။ အင်းပေါ့လေ, လူရွယ် ာစ်ယောက်အနေနဲ့ ဤသို့ခံစားချက်တွေ ရှိကောင်းရှိနိုင်တာပဲလေ။

"ဟောဗျာ. . . ကိုယ့်ကို ရေမတိုက်တော့ဘူးလား"

ဖန်ခွက်ကိုင်ပြီး ငိုင်နေမိတာမို့ သူသတိပေးလိုက်မှ လန့်သွားာ လှမ်းပေးမိစဉ် သူက လှမ်းအယူနှင့်ကြုံကာ ရုတ်တရက်တိုက်မိသ၏။

"ဟာ. . ."

"အို!. . . မတော်လို့, ကန်တော့. . . ကန်တော့ပါ ဦးဘုန်း၊ စိန်ပြီ. . . ဒုက္ခပါပဲ"

သူ့ Shirt အဖြူပေါ်သို့ ဖန်ခွက်ရေတစ်ဝက်ခန့် စိုသွားလေ၏။

သေစမ်း! ယုယမေ၊ စောစောကတည်းက ဖန်ခွက်ကို စားပွဲထက် တင်
ထားပေးလိုက်ရင် ပြီးရော။ အခုတော့ သတိလေးတစ်ချက် လွတ်သည်
နှင့် အခုလိုဖြစ်ကုန်တော့တာလေ။

"နေနေ. . . မင်းလုပ်တော့မှ ပိုဆိုးသွားဦးမယ်"

သူက ခုံမှထကာ သန့်စင်ခန်းဆီ ပြေးလေ၏။ ပြဿနာကတော
ရှာကြံပြီး ဖြစ်တော့တာပါလားနော်။ ဒီရက်ပိုင်း ဘယ်လိုဖြစ်နေသည်
မသိ။ ယုအတွက် နာကျင် စိတ်မကောင်းစရာတွေချည်း ဆက်တိုက်ဖြ
နေတာလေ။ သက်ပြင်းကို ခပ်ဖွဖွချလိုက်စဉ် သူ့ခေါ်သံ ထွက်လာပြ
လေသည်။

"ယုယမေ"

"ရှင်"

"ခဏ"

သန့်စင်ခန်းအဝရောက်တော့ သူက ယုလက်ထဲသို့ ရှပ်အင်္ကျ
လှမ်းပေးလိုက်တာမို့ လှမ်းယူကာ မျက်နှာလွှဲလိုက်ရပါ၏။ တော်ပါသေ
ရဲ့. . . သူ့ကိုယ်ပေါ်မှာ အောက်ခံစွပ်ကျယ်အဖြူလေး ရှိနေသေး
လေ။

"အဲဒါ ပန်ကာလေနဲ့ အမြန်ခြောက်အောင် လုပ်လာပေး





စွပ်ကျယ်က စိုသွားလို့ ချွတ်ရတော့မှာ"

"ဟုတ်"

ယုတို့ နမော်နမဲ့နိုင်ပုံကဖြင့် မပြောချင်တော့ပါလားနော်။ Air-
con သာ ထားလေ့ရှိပေမယ့် ရုံးခန်းထောင့်မှာ လိုလိုမယ်မယ်ထားထား
သည့် Stand Fan ကို ခလုတ်ဖွင့်ကာ အင်္ကျီကိုဖြန့်လျက် လေပြရင်း
မြူးလိုက်မိ၏။

"ဒေါက်! ဒေါက်!"

"GM...ဒီမှာလက်မှတ်ထိုးဖို့. . . ဟာ! ဒါက ဘယ်လိုဖြစ်နေ
တာလဲ"

ရုတ်တရက်ရောက်လာသည့်ကိုကို့ကို လှည့်ကြည့်မိစဉ် GM က
သန့်စင်ခန်းဝမှာ အင်္ကျီချွတ်နှင့် မတ်မတ်ရပ်နေပြီး ယုလက်ထဲမှာက
GM ၏အင်္ကျီ ရောက်နေတာလေ။ အမယ်လေးနော်. . . ဒီတစ်ခါမှ ယု
သေပြီပဲ။

"မြင်တဲ့အတိုင်းပဲလေ၊ မင်းညီမ ကိုယ့်ကိုကျီစယ်ထားတာ"

"မိယု"

"မဟုတ်ဘူးကိုကို. . . မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ နင့်လက်ထဲမှာ. . ."

"အဲဒါက. . . အဲဒါက"

ရှင်းမရနိုင်စဉ် သူက ယုလက်ထဲမှ ရုပ်အကျီကို လာယူလျက် ဝတ်လိုက်ပုံက အေးအေးဆေးဆေးပါပင်။ မျက်စိမျက်နှာပျက်နေတာက ယုတို့မောင်နှမပဲမဟုတ်ပါလား။

"ရပြီ ယုယမေ, ကောသိုကို သွားကူလို့ရပြီ။ လက်မှတ်ထိုးစရာတွေဆို ဒီကိုပေး. . . စမ်းနိုင်"

စားပွဲရှိရာဆီ ကိုကိုလျှောက်သွားသည်နှင့် ရုံးခန်းထဲမှ အသာလစ်ထွက်လာခဲ့၏။

ကိုကို ဘယ်လိုများ မြင်သွားမှာပါလိမ့်။ မတော်တဆဖြစ်သွားတာလေးကို စိတ်မဆိုးသင့်ပါဘူးနော်။ GM တောင်မှ ယုကိုစိတ်မဆိုးသေးတာလေ။

"ယုယ"

"ဟင်, ဘာလဲ မမ"

"အလတ်နဲ့ ကျိုင်တက်နေတယ်ဆို"

"ဒီလိုပါပဲ"

" 'ကို'တောင် သူညီဘာဖြစ်မှန်းမသိဘူးလို့ သတိထားမိပြီးပြောနေပြီ။ မမကိုတောင် ယုကိုမေးပေးတဲ့"





"အဲဒါ သူ့ဟာသူ ကြိုးရှုပ်ထားတဲ့ကိစ္စပါ မမရဲ့"

"ဟယ်! ဟုတ်လို့လား။ အလတ်က အဲဒီလိုလုပ်မယ့်ကောင်လေးမျိုး မဟုတ်ပါဘူး ယုရယ်။ နည်းနည်းပါးပါးညှိကြပါဦး"

"ညှိစရာမရှိတော့ဘူး။ ယုကို နာအောင်လုပ်တဲ့ကောင်ကို ခပ်နာနာလေး ပြန်လုပ်ရမှာပဲ"

"ဟဲ့"

"ယုက Photo ဆွဲရမည့်စာရွက်ထပ်ကို ပိုက်ပြီးထွက်လာစဉ် ကိုကိုက GM ရုံးခန်းထဲမှ ထွက်လာလေ၏။ Hall ခန်းထဲမှာ မျက်စိခု လိုက်ရှာရင်း မိတ္တူကူးစက်နား ရောက်နေသည့်ယုကို မြင်သွားပါသည်။

"ညနေ ငါနဲ့အတူတူပြန်ရမယ်"

"ဟင်! ပြန်နေကျလည်း မဟုတ်ဘဲနဲ့များ"

"လျှာမရှည်နဲ့. . . နင်တစ်ယောက်တည်း ပြန်သွားလို့ကတော့အသေပဲ,မှတ်"

လာပြန်ပြီ. . . လူကို တုတ်ကြိမ်စားကြိမ်း,ကြိမ်းတဲ့တစ်ယောက်၊ ဒီကိုတော့ မတွေ့အောင်ရှောင်လာတာ အတော်ကြာခဲ့ပြီပေါ့လေ။ မေမေ့ဒီလူကြီးတွေ သိအောင်တော့ သူ အသည်းအသန်လိုက်မရှင်းပါ။ ယု

တို့ကိစ္စက နှစ်ဖိုးလုံး တိတိကျကျသိထားတာမှမဟုတ်တာကို။ ကလေး တွေချင်းသာ ရိပ်မိသလိုလိုရှိပြီး တိုးတိုးတိတ်တိတ် ဖုံးဖိထားကြတာ မျိုးလေ။

ညနေ ရုံးဆင်းတော့ မမကေသီနားမှာ ယု ရပ်နေတာမို့ ကိုကို ဘာမှမပြောတော့ပါလေ။

ဦးဘုန်းက ယုတို့ရှိရာဆီ ရောက်လာပြီး File တစ်ခုကို မမကေ သီထံ လှမ်းပေးလိုက်လေ၏။

"စစ်နိုင်ရော. . . မပြန်သေးဘူးလား"

"ပြန်တော့မယ်ထင်တယ် ကိုဘုန်းရဲ့။ ခုန သူ့ရုံးခန်းထဲမှာ ခဏ ထွက်လာကြည့်သေးတယ်"

"စိတ်မချဘူးထင်တာပဲ"

"ဘာကိုစိတ်မချတာလဲ"

GM က ပြုံးတုံ့တုံ့လုပ်နေတာမို့ မမကေသီက ဘာမှန်းမသိ… ဖေဝေဖါးဖြင့် ယုကိုလှည့်ကြည့်လိုက်လေသည်။ ယုက ယုလည်းမသိ… ဟူသည့်ပုံစံဖြင့် လက်နှစ်ဖက်ကို ခါပြလိုက်ပါ၏။

"သိချင်လား. . . ခဏစောင့်"

"ဘာလဲ"





မန်နေဂျာတံခါးပွင့်ကာ ကိုကို ထွက်လိုက်ပြီး တံခါးကို Lock …ပြီးသည်အထိ ယုတို့အနီးမှာ GM ရပ်နေပါသည်။ ဘာပြဿနာရှာ …မှာပါလိမ့်နော်။

"ပြန်ဖို့အဖော်မရှိဘူးဆိုရင် ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့ပါလား ယုယ …။ လမ်းကြုံ ဝင်ပို့ပေးနိုင်ပါတယ်"

"ရှင်!. . ."

"ကျွန်တော်နဲ့အတူတူပြန်မှာပါ GM…ယု, လာခဲ့"

"တွေ့ပြီလား. . . အဲလို အဲ့လိုတွေ ရှိတယ်"

မမကေသီနား,ကပ်ကာ တိုးတိုးပြောလိုက်တာမို့ မမကေသီရဲ့ …က်နှာက အီလယ်လယ်။ ဒီ GM ကတော့ ဝန်ထမ်းတွေကို ကလိ …လိဖြစ်အောင် လုပ်ပြနေတော့တာကို။

"မနက်ဖြန်မနက် (၁၀)နာရီလောက် လေဆိပ်သွားပေးနိုင်မလား …နိုင်။ New York က လာမယ့်ညွှန့်သည်ကို သွားကြိုနိုင်းမလို့"

"ဘယ်ကုမ္ပဏီကများလဲ. . . GM"

"ကုမ္ပဏီညွှန့်သည်မဟုတ်ဘူး။ မင်းမြင်ချင်တဲ့မျက်နှာပိုင်ရှင်မို့ … နာမည်ပါပြောပြရမှာလား"

"မသွားဘူး. . . ယုယ, လာခဲ့တော့"

တရှုံးရှုံးဒေါသထွက်လာသည့်ကိုကိုက ယုလက်ကောက်ဝတ်ကို ဖျတ်ခနဲဆွဲခေါ်စဉ် GM က တီးတိုးရယ်မောလိုက်လေသည်။

'တောက်!. . . "

"ဖြည်းဖြည်းလျှောက်ပါ ကိုကိုရဲ့၊ ယု ချော်လဲတော့မယ်"

"အဲဒါ နှင့်ကြောင့်ဖြစ်ရတာ"

"ဟင်! ယုက ဘာလုပ်လို့လဲ"

"နှင့်ကို ငါ အတန်တန်ပြောထားတယ်လေ။ GM ကို ဖာတ်လမ်း သွားမထွင်ပါနဲ့ဆိုတာ။ ဒီနေ့ နင်လုပ်လိုက်တာ ဘာအချိုးလဲ"

"သူသောက်ချင်တယ်ဆိုလို့ သောက်ရေ သွားပို့ရင်း သူ့လက်ကို ရိုက်မိလို့ ဖြစ်သွားတာပါ ကိုကိုရာ။ ယု တမင်လုပ်တာမှမဟုတ်တာ ဘာမှန်းလည်းမသိဘူး။ သူ့ဟာသူ တစ်ယောက်တည်းကို နှစ်ယောက် ဝိုင်းလုနေကြပြီး ယုကိုအပြစ်လာမပုံချင်ပါနဲ့"

"ဘာလဲ, ဘယ်သူ့ကို ဘယ်နှယောက်က ဝိုင်းလုတယ်လို့ပြော တာလဲ"

"ဟုတ်တယ်လေ, ကိုကိုနဲ့ ဦးဘုန်းတို့ မလေညင်းကို ဝိုင်းလုနေ တာကို ယုလည်းသိတာပဲဟာ။ သူ့, ကိုကို့ကို ရန်စတာကို ယုကိုမပြော ပြသသနာမရှာပါနဲ့"





ကားကို ခြံထဲဝင်ပြီမို့ စကားများတာကို ဖြတ်လိုက်ရလေ၏။ မလေးဆိုပြီး ယုကို ခေါင်းထု ဖက်ပိုးရိုက်တဲ့အပြုအမူမျိုးကို ကိုကို မယူမှပဲ ဒီဝင်္ကျတ်မှာပဲဟု စိတ်ထဲမှထင်လိုက်စဉ် ညှော်ခန်းထဲမှာ နေသည့်လူစုကြောင့် သက်ပြင်းကို ဆောင့်ချလိုက်ရလေ၏။



## အခန်း (၁၇)

''ဟော. . . ပြန်လာကြပါပြီ။ ကဲ, သမီး ဒီမှာ ခဏလောက် ထိုင်ပါဦး။ သမီးကိုပြောစရာရှိလို့ဆိုပြီး အလတ်ရော, ကိုမျိုးနဲ့ မမေပါ လာစောင့်နေတာ ကြာနေပြီ''

တစ်တပ်လုံး ခေါ်လာတာပါလား။ နင်နဲ့ငါပြဿနာကို ငါတို့ချင်း တိုးတိုးတိတ်တိတ်ဖြေရှင်းထားပြီးပါလျက်နဲ့ ရှေ့ဆက်ဖို့ တာစူရင် နင့်ရဲ့နောက်ထပ်အမှားတစ်ခုပဲ ဖြစ်တော့မှာလေ။

''ဦးဦးတို့ကို အားတော့နာပါတယ်။ ယုက ပြန်လာလို့ ရေမချိုးရင် တစ်ကိုယ်လုံးယားပြီး နေလို့ထိုင်လို့မကောင်းလို့ပါ''

''ဒါဆိုရင် ရေ့အရင်သွားချိုးလိုက်ပါ သမီးရဲ့။ စောင့်လက်စနဲ့

ဆက်စောင့်လို့ သိပ်မထူးပါဘူး''

''ဟုတ်သားပဲ, သွားသွား. . . သမီး ရေမချိုးခင် သောက်ရေ သောက်ဖို့ မမေ့နဲ့ဦးနော်''

အမယ်လေးနော်၊ မေတ္တာတွေ ထားပြနေလိုက်တာ။ ယုက မာ မာလေးပြောရပါမယ်ဆိုနေမှ လူကြီးတွေ ဒီလိုဆက်ဆံတာကို အားတုံ့ အားနာဖြစ်ရတာပေါ့နော်။ ဒင်းကိုငဲ့ကြည့်တော့ ခုံမှာခေါင်းငိုက်စိုက်ဖြင့် ထိုင်လို့ပါပဲ။

ဘာလဲ, ဒါက အသည်းကွဲနေပြီဆိုတဲ့ Style မျိုး ချိုးပြထား တာပေါ့လေ။ နေဦးပေါ့ ညီညီဖော်. . . နင်ခွဲလိုက်တဲ့ ငါ့အသည်းက အစိမ်းလိုက်ဟက်တက်ကြီး ရှိပြီး နာနေသေးတာအမှန်ပါ။

''မြန်မြန်ချိုးပြီး ဆင်းလာခဲ့၊ ငါပါ စောင့်နေမှာ''

''ကိုကိုနဲ့ဘာဆိုင်လို့လဲ''

''ဆိုင်တယ်, နင့်ကိစ္စမှာ ငါအများကြီးဝင်ဆွေးနွေးစရာတွေ ရှိ တာကို နင်သိထား။ သွားတော့. . . ခဏလေးပါ ဦးနဲ့အန်တီ၊ ကျွန်တော် လည်း မြန်မြန်ဆင်းလာပါ့မယ်''

''အေးအေး, သား''

ကိုကိုက လှေကားကို အရင်တက်သွားပြီမို့ ယုပါ ခပ်သွက်သွက်





က်လာခဲ့ရပါ၏။ ရေချိုးရင်း သူ့မိဘတွေကို မည်သို့ရှင်းပြရမလဲဟု ်းစားရတာ ခေါင်းထဲရှိ ဦးနှောက်ပင် ခြောက်ချင်ချင်။ စိတ်တွေက ည်း တို့၊ ဒေါသလည်း ထွက်၊ တစ်ကိုယ်လုံး ထူပူနေပြီမို့ ရေကို ါင်းမှလောင်းချကာ ချိုးလိုက်မိတော့၏။

''ဒေါက်! ဒေါက်! ''

''အငယ်မ. . . ကြာနေပြီ''

အခန်းဝကို မျက်စောင်းလှမ်းခဲလိုက်ပြီး ရေချိုးခန်းမှထွက်ကာ ါင်းကို ကပျာကယာသုတ်လိုက်ပါ၏။ အိမ်နေရင်းဝတ်စုံ ပေါ့ပေါ့ပါးပါး ရွှေ့ဝတ်ကာ အပေါ်ထပ်မှ ဆင်းလာခဲ့သည်။ မိုက်ဆာဆာနဲ့ ထမင်း ပန်းကန်လောက်,အုပ်မယ်စိတ်ကူးက ကြက်ပျောက်ငှက်ပျောက်ပြေး န်ပါရောလားနော်။

''ထိုင်ကြ''

''ဒီညနေ သမီးကြိုက်တဲ့ ငါးပတ်မွှေထားတယ် ယုယ။ မိတ္တူး နင့်ကိုကိုနဲ့မမ ခဏနေ ညနေစာ စားတော့မှာ။ ဟင်းချိုအိုးလေး လိုက်တော့''

''ဟုတ်ကဲ့ပါ ကြီးကြီး''

ကိုကိုက အရင်ဆုံး ထိုင်ခုံမှာ ထိုင်လိုက်တာမို့ ညီ ထိုင်နေသည့်

နှစ်ယောက်ထိုင်ဆိုဖာမှာပင် နေရာလွတ်ရှိတော့လေ၏။ ဒါ ကိုကို တမင် သက်သက် ယုကို ညစ်တာပဲ။

"ထိုင်လေ, ဘာလုပ်နေတာလဲ"

ကိုကိုက ယုဂေါက်ကိုဆွဲကာ ထိုင်ခိုင်းလိုက်တာမို့ မထိုင်ချင့်ထိုင်ချင်ဖြင့် ဆိုဖာပေါ် ပစ်ထိုင်ချလိုက်မိပါ၏။ ခုချိန်ထိ ညီခေါင်းက မော့မလာသေးပါချေ။

"ကဲ, ဖေဖေကပဲ စပြောပါ့မယ်၊ အလတ်က သမီးနဲ့အကြောင်းကို အိမ်မှာဖွင့်ပြောလို့ ကိုမျိုးတို့က ဒီညနေ ဖေဖေတို့ကို လာပြောကြတာပဲ သမီး"

"ဘာအကြောင်းများလဲ ဖေဖေ"

"သမီးနဲ့အလတ်တို့ လူငယ်ကိစ္စလေ ယုရယ်၊ ဘယ့်နှယ် လေး က မာနေရတာလဲ"

မေမေက ယုကိုလှမ်းငေါက်လိုက်တာမို့ သူ့အပေါ် စိတ်ချဉ်ပေါက် တာက ပိုလာရပါ၏။ နင်တော်တော်လည်ပါလား ညီ၊ တစ်ယောက်အား နဲ့မယှဉ်နိုင်တော့ စုပေါင်းအားနဲ့ လာပြီးထိုးစစ်ဆင်တာပေါ့လေ။ နင်း အတော်တရားမမျှတပါလား။ ငါမရှိတဲ့အချိန်၊ ငါမရှိတဲ့နေရာမှာ နင်း လုပ်ချင်ရာလုပ်ပြီး နင့်အမှားကို လေပြည်လေးနဲ့ တောင်းပန်ရုံနဲ့ ငါ





လွယ်လင့်တကူ လက်ခံခွင့်လွှတ်ပေးရမှာတဲ့လား။

"အလတ်နဲ့ယုက သူငယ်ချင်းတွေပဲလေ မေမေ၊ ဘာအကြောင်းမှ ရှိမနေတာကို ယုက ဘာကိုနားထောင်ရမှာလဲ"

"ယုယ"

"နင့်ကို ငါအပြတ်ပြောထားပြီးသားနော်။ လူကြီးတွေအထိ အသိပေးလိုက်တာတော့ အတော်လွန်ပြီ ညီညီဖော်"

"သမီး ယုယ"

"ဦးဦးကိုရော အန်တီမေ့ကိုပါ ယု အနူးအညွတ်တောင်းပန်ပါတယ်။ သူနဲ့ယုဇာတ်လမ်းက ပြတ်တာ ဆယ်ရက်ကျော်ပြီ"

"ဟုတ်ပါတယ် သမီးရယ်၊ အန်တီမေတို့ကလည်း အဲဒါကြောင့် အခုလိုလာခဲ့ရတာပါပဲ။ အလတ်က သူ့အမှားကိုဝန်ခံပြီး အန်တီမေတို့ကို ဖွင့်ပြော တိုင်ပင်လို့ပါ။ သမီးစိတ်ထဲ ဘယ်လောက်နာမယ်ဆိုတာ အန်တီမေတို့ ကိုယ်ချင်းစာပါတယ်ကွယ်။ တစ်ခါလေး မှားတာကို ငယ်သံယောဇဉ်နဲ့ နားလည်ခွင့်လွှတ်ပေးပါလို့ တောင်းဆိုပါရစေ. . . နော် သမီးလေး"

ပြောတော့ဖြင့် လွယ်လိုက်တာနော်။ တစ်ခါလေး မှားတာတဲ့။ ငယ်သံယောဇဉ်ကြောင့် ပိုခိုင်မြဲမယ်လို့ထင်ခဲ့တဲ့ကြိုးက ပိုးကြိုးလို ခပ်

လွှယ်လွှယ်ဖြတ်တောက်လို့ရမယ်မှန်း ယုမှ မသိခဲ့တာလေ။ လိုသလို ဆက်,မလိုသလို ဖြတ်လို့ရအောင် ယုက လုပ်လို့မရတဲ့ ချည်တိုင်လေး မှမဟုတ်တာဘဲ။

''ယု ခွင့်မလွှတ်နိုင်ဘူး''

''သမီး''

''အရင်ဆုံးတောင်းပန်ပါရစေ မေမေ၊ မေမေနဲ့ဖေဖေ့ကိုရော, ဦးဦးနဲ့အန်တီမေ့ကိုပါ တောင်းပန်တာပါ။ လူကြီးတွေမသိအောင် ထား ခဲ့မိတဲ့သမီးရည်းစားကိစ္စကို ဒီနေ့ ဒီနေရာမှာ အားလုံးရှေ့ ဝန်ခံပါတယ်၊ ပြီးတာတွေက ပြီးတန်သလောက် ပြီးသွားခဲ့ပါပြီ''

''ယုယ. . . ငါ''

''ယုအပေါ် ချစ်သူဘဝမှာတောင်မှ သစ္စာမရှိတဲ့ယောကျ်ားတစ် ယောက်ကို ယုရဲ့တစ်ဘဝစာ ပုံအပ်ဖို့ ဘယ်လိုစိတ်ချနိုင်ပါ့မလဲ''

''ဟာ! ယုယ, နင်မှားနေပြီ၊ ငါ အဲဒီလောက်ထိ. . .''

''တော်စမ်းပါ၊ နင့်စကားတွေက ငါ့နားကို ခါးစေတယ် ညီညီ ဖော်။ အရင်လို တစ်ခဏနဲ့ စိတ်ကောက်တတ် ပြေလွယ်တတ်တဲ့ ယုယ မေ မဟုတ်တော့ဘူး။ ငါ သိပ်စိတ်နာတာ''

''ဟယ်! သမီး, ယုယ''





''ဝဏ္ဏတို့အုပ်စုနဲ့ အဲဒီ Internet... ဆိုင်ကို မကြာခဏသွား တတ်တာကို ငါသိပေမယ့် မတားခဲ့ဘူး။ ယုတ်ဆွအဆုံး ငယ်လေး သတိ ပေးခဲ့တာတောင်မှ ယုံကြည်စိတ်တစ်ခုနဲ့ နင့်အပေါ် မြူတစ်မှုံတောင် ငါ သံသယမရှိဘူး ညီညီဖော်။ အနှစ်(၂၀)ကျော် ခိုင်မြဲလာတဲ့ကြိုးကို တစ်မနက်လေးနဲ့ နင် တိခနဲဖြတ်ပြလိမ့်မယ်လို့ ငါ မမြင်မိရအောင် မျက်ကန်းတစ္ဆေမကြောက်ချစ်ခြင်းမျိုးနဲ့ နင့်အပေါ်မှာ ငါချစ်ခဲ့တာပါဟဲ့။ နင် ထားရာနေ, နင်စေရာ သွားခဲ့တဲ့ရုပ်သေးရုပ်လေးက အဲဒီမနက် ကတည်းက ကြိုးပြတ်လို့ သေသွားပြီ''

''အငယ်မ''

ကိုကိုက ယုလက်မောင်းကို ဆွဲကိုင်ကာ ခါရမ်းလျက် ထိန်းပေး ပါ၏။ လွှတ်ထားပေးပါ. . . ပြောချင်သမျှ မျိုသိပ်ထားတဲ့စကားလုံးတွေ ကို အိတ်သွန် ဖာမှောက် အကုန်ပြောချပါရစေတော့ ကိုကိုရယ်။

''ယုယရယ်, ငါ, ယွန်းနဲ့စာရင်းအပြတ်ရှင်းပြီးပါပြီ။ 'နင် ထင် နေသလိုမျိုး မဟုတ်ရပါဘူး။ မယုံရင် နင်စောင့်ကြည့်ပါ''

''မလိုတော့ပါဘူး''

''တော်ပြီ. . . တော်သင့်ပြီ ယု၊ ဒီအရွယ်မှာ ဒါမျိုးဖြစ်တတ်ကြ တာပဲ။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ဒီလောက်ထိ ရင်နာအောင် မပြော

နဲ့ဝမ်း ညီမလေး"

"ကိုကို ဝင်မပါပါနဲ့၊ ဒါ, ယုကိစ္စပါ"

"နှင့်ကိစ္စမို့လို့ ငါဝင်ပြောရတာပေါ့။ အလတ် ပြောနေပြီမဟုတ်လား. . . သူ ဒီလိုမျိုး နောက်မမှားဘူးလို့ ကတိပေးရင် ပြီးရောပေါ့။ တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ပုံကြီးမချဲ့ချင်နဲ့"

"ကိုကို"

"တော်တော့လို့ပြောရင် တော်လေ. . . ယုယ၊ နှင် အဲဒီလိုပြောကြေးဆိုရင် အလုပ်မှာ GM နဲ့ဇာတ်လမ်းဖြစ်တော့မှာကို ငါစောင့်ကြည့်နေရတာလည်း ပါလာလိမ့်မယ်"

"ဘယ်လို"

ကြည့်စမ်း!. . . မဆိုင်တာကို ကိုကို ဆွဲထည့်ပါရောလား။ ယုနဲ့ ဦးဘုန်းက ဒီနေ့အထိ ရိုးသားကြပါလျက် မဆီမဆိုင် ဒီကိစ္စကို ပိုကြီးစေတာလေ။

အားလုံး၏အကြည့်က ယုထံသို့ မယုံနိုင်သလို ပြုံကျလာတာကြောင့် တစ်ကိုယ်လုံး ထူပူလာရလေတော့၏။ စောစောက ရေချိုးပြီးပါလျက် ချွေးစီးတွေပင် ကျလာရတာလေ။

"သမီးနဲ့ မောင်ဘုန်းမြတ်နဲ့က"





"ဟုတ်ပါတယ် ဖေဖေ၊ ယုယကို Store ဌာနကိုပို့ဖို့ သီဂီနဲ့ ကျွန်တော် တိုင်ပင်ထားပြီးသားပါ။ အဲဒါကို GM က သူ့နားရှိစေချင်ပုံနဲ့ ကောယ်ဒိုသက်ထောက်အဖြစ် ခန့်လိုက်တယ်လေ"

"ဘာရယ်"

"ကိုကိုနော်, ယုကို မဟုတ်တမ်းတရား မစွပ်စွဲပါနဲ့။ ဦးဘုန်းနဲ့ ယုက သန့်သန့်လေးပါ"

"ဘာ! သန့်သန့်လေးကမှာလဲ၊ နှင်နဲ့ GM...လက်ပွန်းတတီး သက်ဆံတာ ငါရော ကောသီပါ မျက်စိနဲ့တပ်အပ်မကြာခဏကြုံနေရတာ၊ ဒီနေ့မြင်ရတဲ့ပုံစံမျိုးဆို နှင်ဘယ်လိုရှင်းမလဲ. . . ပြော"

"ကိုကို, အဲဒါမဟုတ်ဘူးလို့ ယုပြောပြီးသားလေ။ ကိုကို အထင်လွဲနေတာ"

"ဘာအထင်လွဲရမှာလဲ၊ လူကြီးတွေရှေ့ ငါအကုန်မပြောချင်လို့ နော်၊ ဒီလောက် ငါသတိပေးထားပါလျက်နဲ့ နှင် အနေအထိုင်တတ်ရင် နင့်ကိုစိတ်ဝင်စားနေပြီလို့ ငါ့ကို GM က ဖွင့်ပြောပါ့မလား"

"ဟာ!"

သွားပါပြီ။ ပြဿနာရှာတဲ့ညီက ဘာမှမဖြေရှင်းရသေးခင် ယုကို ပြဿနာတက်အောင် ကိုကို ရှုပ်ပါလေရောလား။ ဘာမှမဆိုင်တဲ့

GM စိတ်ဝင်စားတဲ့ကိစ္စက ယုအပေါ် မိုးသီးကြွေကျသလို အခဲလိုက် အပုံလိုက် ကျလာပြီလေ။ ရက်စက်ချင်သလောက်သာ လုပ်လိုက်ပါ ကိုကိုရေ။

"ကိုကို အဲဒီလိုမစွပ်စွဲနဲ့၊ ယုကို ဦးဘုန်းက ကိုကိုထင်နေသလို တစ်ခါမှမပြောသလို အမူအရာတွေနဲ့မပြဘူး။ ကိုကိုမခံချင်အောင် ဆွ တာမျိုးနဲ့ တမင်ပြောတာပဲဖြစ်မှာ။ ဦးဘုန်းအပေါ် ယု ဖြူစင်တယ် သိလား"

"သမီးငယ်, တိုးတိုးပြောလေကွယ်"

"ဘာဖြူစင်ရမှာလဲ၊ သူစိမ်းယောကျ်ားတစ်ယောက်အပေါ် နင် ဖြူစင်ကြောင်း ဘာနဲ့သက်သေပြနိုင်လို့လဲ။ အပိုတွေပြောမနေနဲ့ ယုယ အလတ်နဲ့ပြသနာနည်းနည်းလေးဖြစ်သွားတာကို အကြောင်းပြုပြီး ဦး ဘုန်းမြတ်သူဘက်ကို နင် ယိုင်ဖို့ကြိုးစားရင် နင်လည်း အလတ်အပေါ် ကတိမတည် သစ္စာဖောက်တာပဲ"

"ကိုကို"

"ကဲ. . . တော်ကြပါတော့၊ သားလည်း တော်တော့ သမီးလည်း မငိုနဲ့တော့။ အားလုံးကို ဖေဖေသဘောပေါက်ပြီ၊ လူငယ်တွေပဲကွယ် တစ်ယောက်နဲ့တစ်ယောက်နားလည်မှုနဲ့ အလျှော့ပေးသင့်တာကိုလျှော့





အရှုံးပေးသင့်ရင်လည်း ပေးကြမှပေါ့"

"ဟုတ်တယ်. . . သမီးလည်း အလတ်ကိုခွင့်လွှတ်လိုက်ပါ။ ပတ် ဝန်းကျင်ကြောင့် သူ စိတ်ယိုင်သွားတာကို နားလည်ပေးသင့်တာပေါ့ ကွယ်။ ချစ်သူချင်းပဋိပက္ခဖြစ်ကြတာ အိမ်ထောင်ရေးဖောက်ပြန်တာ မျိုးလောက် အပြစ်မကြီးလေးပါဘူး. . . နော်, သမီး"

အံကိုတင်းတင်းကျိတ်ထားလိုက်မိပါ၏။ အနိုင်အရှုံးလို့ဆုံးဖြတ် အောင် ယုနဲ့ညီက ပြိုင်ဘက်တွေမှမဟုတ်တာလေ။ ယုက ချုန်ရစ် ခြင်းခံရသူပါ။ အလိမ်ခံခဲ့ရတဲ့သူပါ။ ချစ်သူရဲ့နှုတ်ကတိကို ယုံကြည်မိ လို့ အစော်ကားခံခဲ့ရတဲ့သူပါလေ။

ဒါကို ယုဘက်တော့ နည်းနည်းလေးမှ မကြည့်ကြဘဲ ညီဘက် ကပဲ အားလုံးရပ်တည်ပေးကြသတဲ့လား။ ညီလုပ်သလိုမျိုး ယုကပါ ဦး ဘုန်းဘက် ယိုင်ပြသတဲ့လား ကိုကို။ စွပ်စွဲရက်လိုက်တာနော်။

အချစ်ဆိုတာ ပြန်ပေးလို့ တောင်းလို့ရတဲ့အရာမျိုးမဟုတ်သလို ဒီမှာ ယူပါ ဆိုပြီး ပေးချင်တဲ့သူမှန်သမျှကို ဝေပေးလို့ရတဲ့အရာလည်း မဟုတ်ဘူးဆိုတာကို နားမလည်ကြဘူးတဲ့လား။ အထူးသဖြင့် အချစ်ဦး ရဲ့ ရှုးရှုးမှူးမှူးချစ်ခဲ့တဲ့ လေညင်းသွဲ့ကိုချစ်သလိုမျိုး မမသိဂီအပေါ်မှာ ကိုပြောင်းလဲပြီး ချစ်နိုင်လို့လားဟင်။

ဘယ်သူမှမယုံနိုင်ကြရင်တောင် ယုကိုသိပ်ချစ်တဲ့ကိုကို ယုံတာကိုတော့ ယုလိုချင်တာအမှန်ပါလေ။

ဒါပေမဲ့ ယုချစ်တဲ့ကိုကိုကအစ ယုကို ယုံကြည်ချက်ကင်းမဲ့စွာနဲ့ စွပ်စွဲရက်ပြီပဲ။

"ဒီလကုန် ယု အလုပ်ထွက်မယ်"

"ဟဲ့"

"လွယ်လွယ်မပြောနဲ့စမ်း ယုယ၊ အလုပ်တစ်ခုရဖို့ ဘယ်လောက်ခက်ခဲသလဲဆိုတာ နင်ရော အလတ်ရော သိတာပဲမဟုတ်လား"

"ယုက ဒါဆိုရင် ဒါပဲ ခေါင်းမာမာနဲ့လုပ်တတ်တယ်ဆိုတာ အားလုံးသိပါတယ်။ ဆုံးဖြတ်ပြီးရင် ဘယ်တော့မှပြန်မပြင်တတ်ဘူး"

"ငါ အနူးအညွတ်တောင်းပန်ပါတယ် ယုယရယ်။ နင်စိတ်ချ... တဲ့အထိစောင့်ဆိုလည်း ငါစောင့်နိုင်ပါတယ်။ ဒီလိုကြီး အတူလုပ်နေ... ကုမ္ပဏီအလုပ်ကတော့ မထွက်ပါနဲ့ဟာ. . . နော်"

သူ လေပြည်နဲ့ပြောနေတာကို ခေါင်းမညိတ် ခေါင်းမခါဘဲ ... နေရာမှ ဆတ်ခနဲထရပ်လိုက်ပါ၏။ အားလုံးက ပြေလည်သွား... စိတ်အေးလက်အေးရှိသွားကြပုံပါပင်။

ကောင်းပြီ ကိုကို. . . ရှေ့ဆက်ပြီး ယု ဘာလုပ်မလဲဆို...





...စောင့်ကြည့်လိုက်ကြတာပေါ့လေ။

"ယုက ကိုကို့အတွက် ကူညီဖို့တောင်မှ စိတ်ကူးထားသေးတာ... ကိုကို။ ဒါပေမဲ့ တော်ပါပြီ၊ စိတ်ရောကိုယ်ပါ ပင်ပန်းတဲ့ ဘယ်အလုပ်...မှ စေတနာထားပြီး မလုပ်ပေးချင်တော့ပါဘူး။ ရှိပါစေတော့. . . ကိုကို...ထားဖို့က သစ္စာဆိုတာ ကတိထားနိုင်တဲ့လူတွေမှာပဲ တည်တဲ့အရာ...စ်ခုပါ။ ယုနဲ့ ဦးဘုန်းကို အခုလိုစွပ်စွဲလိုက်တဲ့အတွက် ယု ကတိပြု...တယ်။ ညီ့အပေါ်မှာလည်း ယု သစ္စာမဖောက်ခဲ့ဘူး။ ဦးဘုန်းအပေါ်...လည်း ယု မရိုးမသားမရှိခဲ့ဘူး။ အဲဒါတွေကို ကံသုံးပါးနဲ့ပစ်မှား...ျူးလွန်မိခဲ့ရင် ဒီဘဝမှာ အသေဆိုးနဲ့သေရပါစေလို့ ယု ရဲရဲကြီးတိုင်...ည် ကျိန်ဆိုလိုက်ပါတယ်။ ယုပြောချင်တာ ဒါပါပဲ. . . ခွင့်ပြုကြပါဦး"

"ဟင်!. . ."

အံ့ဩမင်သက် ကျန်ရစ်ခဲ့သည့်အကြည့်တို့ကို ကျောခိုင်းခဲ့ပါ၏။ ...ဘကမှာ အဖြူစင်ဆုံးသောစိတ်ကို အရောင်ဆိုးပေးကြရင် အဲဒီစိတ်... ညစ်နွမ်းပြီး မှေးမှိန်သွားတတ်တာ မမှတာပါလေ။



## အခန်း (၁၈)

''ယု သွားပြီ မေမေ''

''ဟယ်, Breakfast စားသွားဦးလေ သမီး''

''ထမင်းချိုင့်မယူဘူးလား ယုယ၊ ကိုကိုနဲ့အတူတူသွားမယ်လေ''

''ဒီကလေးနဲ့တော့ ခက်တာပဲ''

''နေနေ, မေမေ၊ ကျွန်တော်ပဲ ယူသွားပေးမယ်''

ထမင်းစားခန်းထဲမှအသံတို့က ဝေးကျန်ရစ်ခဲ့ပါ၏။ အစောကြီး
ကလာတာမို့ ဟိုကောင်လည်း ယုနောက်မှာ အသံမပေးဘဲ လိုက်
ရဲလောက်ပါချေ။ တစ်ညလုံး ငိုထားသည့်မျက်နှာက မို့အစ်နေမှန်း
နေသလို တစ်မေ့မျှသာ အိပ်ခဲ့သည့်မျက်ကွင်းများ ချောင်ပြီး ညို

နေမည်မှန်း သိနေလေ၏။

ဦးဘုန်း့မြင်ရင် ဘာပြောမယ်မှန်း မသိပေမယ့် မမကေသီက တော့ 'ပန်ဒါလေး'လို့စမယ်မှန်း ကြိုသိနေပါသည်။ ခဏပေါ့နော်၊ နောက် နှစ်ပတ်ဆင်းပြီးရင် ယု ဒီကုမ္ပဏီက ထွက်တော့မှာပဲ။ ခဏလေး သည်း ခံလိုက်ရုံပေါ့။ ဘယ်သူတွေ ဘယ်လိုမြင်မြင် ထင်ထင်၊ စိတ်ချမ်းသာ သလိုလေး ဆက်လုပ်သွားဦးမယ်လေ။ လခထုတ်ပြီးရင် ဘာလုပ်မလဲ။

ဦးဆုံးလစာတုန်းကတော့ ဖေဖေနဲ့မေမေ့အတွက်ရယ်၊ ကိုကို့ အတွက်ရယ် လက်ဆောင်ကိုယ်စီဝယ်ပေးခဲ့တာပါ။ ဒီလ လစာရရင် ညီဖို့တစ်ခုခုဝယ်ပေးဖို့ စိတ်ကူးထားတာမဟုတ်လား။ ခုတော့ ထိုစိတ် ကူးတွေ လေထဲ ပျံ့လွင့်ကုန်ပြီလေ။

**"တစ်ယောက်တည်းလား မေးတော့ × × × ငါတစ်ယောက် တည်းပါ × × × "**

Platform ဘေးမှ စက်ဘီးဖြင့် ဖြတ်သွားသည့်ကောင်လေး သီချင်းညည်းပြသွားပါ၏။ ယုကိုများ တမင်စောင်းဆိုသွားတာလား ဟုတ်ချင်မှဟုတ်မှာပါလေ၊ သူဆိုချင်တဲ့သီချင်းကိုပဲ ဆိုသွားတာ ထင် ပါရဲ့။

ကားဂိတ်ရစ်လာသည့်ကားပေါ်တက်တော့ ခပ်ချောင်ချောင်





ဘစ်ဂိတ်ပြီးတစ်ဂိတ်မှ လူတွေ ထပ်တက်လာတော့ ကားက ကျပ်ချေ ပြီ။ လူတိုးတာကို တောင့်မခံနိုင်တော့လို့ ဘေးခုံမှလူပေါ် မပိအောင် အတင်းတွန်းကာ လက်ထောက်ထားရလေ၏။

ဒီလိုဒုက္ခတွေ မခံရလေအောင် ညီ အမြဲကာဆီးပေးထားပေး တာမဟုတ်လား။ အို! ဘာလို့များ အလိုလိုတွေးမိရတာပါလဲ။ သတိမရ နဲ့. . . နင်က ဒီလိုကားပေါ်လိုက်ပါချိန်မှာ သူက သူ့ကောင်မလေးရဲ့ နောက်ဆုံးပေါ်ကားပေါ်မှာ ငြိမ့်ငြိမ့်လေးစီးသွားရမှာလေ။

"တောက်!. . ."

"အနောက်က တိုးပြီးဆင်းနေလို့ပါ။ တမင်ဖိတာမဟုတ်ပါဘူး"

အရေးထဲ (ကိုယ့်ဟာကိုယ် ဒေါသဖြစ်ပြီး တက်ခေါက်တာကို) ဖြေရှင်းတဲ့သူက နောက်ကနေ တိုးတိုးပြောနေရတယ်လို့၊ ရစ်ဝဲလာသည့် မျက်ရည်ကို ပုတ်ခတ်လိုက်ကာ သက်ပြင်းကို ဆောင့်ချလိုက်မိပြန်ပါ ၏။

'အသက်တိုဦးမယ်' လို့ နားနားမှာ တိုးတိုးလေးသတိပေးသံကို ကြားယောင်မိစဉ် ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရပါသည်။ ညီရယ်. . . ရင် နင့်အောင်မျှ ချစ်ခဲ့ကြတဲ့ချစ်ခြင်းတွေကို နင် လွယ်လွယ်နဲ့ရိုက်ချိုးချေ ဖျက်ပစ်လိမ့်မယ်လို့ ငါလုံးဝမထင်မှတ်ခဲ့တာပါကွယ်။

ပြောတော့ဖြင့် ငါက နင့်ဖူးစာဖက်ဖို့ နင်မွေးတဲ့ရက်မှာမှ မေမေက ဗိုက်နာပြီး ငါ့ကိုမွေးပေးစေခဲ့တာဆို။ ငါ့ဘေးမှာ နင်ကလွဲပြီး ဘယ်သူမှမရှိရဘူးဆို။ သူစိမ်းဆိုလို့ မိန်းကလေးကတောင် ငါ့ကိုချစ်ခွင့်မရှိဘူးဆို။ နင့်အသက်နဲ့ထပ်တူထပ်မျှ ငါ့ကိုချစ်ခဲ့တာပါဆို။

ခုတော့ ဒီလိုစကားလုံးတွေကို ငါမဟုတ်တဲ့ ကောင်မလေးကို နင် သွားပြောနေပြီမဟုတ်လား။ အချစ်ဆိုတာ ပေါ့ပေါ့ပါးပါးလေး ပြောထွက်ပြီး လေထဲမှာ ပေါက်ကွဲလွင့်တဲ့ ဆပ်ပြာပူဖောင်းလေးမှ မဟုတ်တာဘဲကွယ်။ ဒါကိုသိသိကြီးနဲ့ နင်မို့ ငါ့ကိုရင်နာအောင် ပြုရက်ရတယ်လို့။

"အား. . . မှတ်တိုင်ပါတယ်"

"တစ်ရေးနိုးသွားပြီလား"

ဖျတ်ခနဲအသိဝင်လျက် အော်လိုက်စဉ် ဂိတ်က တစ်ဂိတ်ပင်ကျော်နေချေပြီ။ သေစမ်း!. . . ယုယမေ စောစောထွက်လာပြီး တစ်မှတ်တိုင် လမ်းပြန်လျှောက်ပေဦးတော့ပေါ့။ ရယ်ရအခက် ငိုရအခက်ဖြင့် ကားပေါ်မှ တိုးဝှေ့ဆင်းလာခဲ့ပါ၏။

အချစ်က လူကို ရူးသွပ်စေတတ်တယ်တဲ့။ ဟုတ်မှာပါ. . . အခုလည်း ယုတစ်ယောက်တည်း ရူးကြောင်မူးကြောင်ဖြစ်နေရတာလေ။ သူ့





ကိုယ်ထိလက်ရောက်ရိုက်လိုက်မိတုန်းကတောင် ဒေါသနဲ့ ဒီလောက်ကြီး မေ့မေ့လျော့လျော့မဖြစ်မိသေး။ အခု တကယ်ပြတ်ပြီလို့ ဆုံးဖြတ်ချက်ရဲရဲကြီးချပြီးမှ ဒီလိုတွေဖြစ်ကုန်တာလေ။

ယောကျ်ားတွေအားလုံး ဒီလိုတွေချည်းပဲလားဟု ဝါးလုံးသိမ်းပြီး ရမ်းချင်ပါ၏။ ကိုကိုတောင်မှ သူ့အချစ်ဦးကို ယနေ့တိုင် မမေ့နိုင်သေးဘဲ မျက်မြင်ပဲမဟုတ်လား။ လောကမှာ အချစ်ကြီး ချစ်တတ်ကြသူတွေ ရှိပါလျက်နဲ့ အဲဒီလူစုထဲမှာ နင်မပါဝင်ခဲ့တာ ငါ့ကုသိုလ်ကံပဲ ထင်ပါရဲ့လေ။

"အစောကြီးထွက်သွားတဲ့လူက ခုမှရောက်လာရသလား။ ဘယ်တွေလျှောက်သွားနေတာလဲ"

"ညည်းစားအသစ်ရအောင် လမ်းသလားနေတာ"

မျက်ဖီထဲဝင်ဝင်ချင်း ရှေ့ဆင့်နောက်ဆင့်ရောက်လာသည့်ကိုကိုက အငေါ်တူးမိတော့ ခေါင်းထုခံရလေ၏။ တကယ်ပြောတာမဟုတ်မှန်းသိပေမယ့် ညီမလေးကို ဆုံးမရမှာ အစ်ကိုရဲ့တာဝန်ပေကိုး။

"GM ကို Resign သွားမတင်လိုက်နဲ့ဦးနော်၊ ကိုကိုနဲ့အတူတူ ရက်မှာမို့ ကိုကိုပဲ သွားတင်ပေးမယ်"

"ယုကိုအလုပ်ခန့်တာ ကိုကိုမှမဟုတ်ဘဲ၊ ယုဟာယုပဲ တင်မယ်"

"ကြည့်!. . . ခုထိစိတ်မကြည်သေးဘူးလား။ ဒီမှာ ထမင်းချိုင့် ယူလာပေးတယ်၊ မနက်ကတည်းက ဘာမှမစားလာတာ, ဆာနေရော့ပေါ့။ ဘာစားချင်လဲ. . . ကိုကိုဝယ်ကျွေးမယ်လေ"

"စားချင်တာကတော့ ဗိုင်းသီးပဲ၊ သောက်ချင်တာကတော့ စိမ့်နဲ့ သံပုရာရည်၊ စေတနာရှိရင် ဝယ်ကျွေးလို့ရတယ်"

"ယုယနော်. . . စကားနောက်,တရားပါ၊ လျှောက်မပြောနဲ့စမ်း"

"ဟိုးထား. . . တို့ပါ လိုက်မယ်"

Lift ထဲဝင်ခါနီး နောက်မှအသံပြု၍ ပြေးဝင်လာသည်က မမကေသီနိုင်ပင်။ Lift ထဲမှာ သုံးယောက်ပဲမို့ ချောင်ချောင်ချိချိစီးခွင့်ရပေ၏။

"ဟင်းနော်, ဒီကလေးမျက်နှာကိုကြည့်ရတာ တစ်ရက်လေး စိတ်မချမ်းသာဘူး"

"ဒါဆိုလည်း မကြည့်နဲ့ပေါ့"

"ယုယနော်"

"မမက စတာပါ ယုရယ်၊ ဘယ်သူနဲ့ရန်ဖြစ်ပြီး စိတ်ကောက်လာရပြန်တာလဲ"

"အားလုံးပဲ. . . အကုန်လုံးနဲ့ဖြစ်လာတာ"





"အလုတ်ကရော"

"ကမ္ဘာ့ရန်. . ."

"အမယ်လေး!. . . ကျောတောင် ချမ်းလာသလိုပဲ"

ကိုကို မျက်ရိပ်ပြလိုက်သည်ထင့်၊ မမကေသီ အသံတိတ်သွားရလေ၏။ ရုံးခန်းထဲရောက်တော့ ဘယ်သူ့ကိုမှနှုတ်မဆက်နိုင်ဘဲ အလုပ်တွေကိုသာ သိမ်းကျုံးလုပ်နေမိတော့သည်။ သန့်ရှင်းရေးဝန်ထမ်းရှိပါလျက်နဲ့ ယု ရောက်လာမှ GM ရဲ့ရုံးခန်းကို ယုပဲ ရှင်းရတာတဲ့။ ဒါ တမင်သက်သက် နိုင်းစားတာပဲမဟုတ်လား။

ပြောတော့ဖြင့် ယုကွယ်ရာမှာ ကိုကို့ကို ယုနဲ့ပတ်သက်ပြီး ဘာညာဘာညာတွေ လျှောက်ပြောနေတာ၊ အလကားလူကြီး. . . လူကိုကလေးပေါက်စနလေးလို စနောက်ဖို့ပဲ သိတာမဟုတ်လား။

နိုင်းကောင်းတုန်း နိုင်းထားဦးပေါ့ ဦးဘုန်းရော။ နှစ်ပတ်ဆိုတာ ဦးမော့စ်ပြောသလို တစ်ဆုပ်နဲ့ နှစ်ကွေး နှစ်ခါလေးပဲ ရှိတာပါ။ အဲဒီ (၁၄)ရက် ပြည့်လို့ကတော့ ဦးဘုန်းကို တာ့တာ, ဘိုင့်ဘိုင်, ဆာရိုးနာရာ လုပ်ပြီး လစ်ရုံပါပဲ။ တောင့်ထား ယုယမေရေ့။

"Good morning...ယုယမေ၊ တစ်ခန်းလုံး အသက်ရှူသံတောင် မကြားရဘဲ တိတ်ဆိတ်လို့ပါပဲလား"

ရောက်လာပါပြီ။ စိတ်ထဲက ကျိတ်ကြိမ်းနေတုန်း ရောက်လာ ဘာပါလာ။ ဒီလူကြီးတော့ အသက်ရှည်ဦးမှာလေ၊ သန့်ရှင်းရေးအကုန် ပြီးစီးလို့ ဒီစားပွဲပေါ်က စာအုပ်တွေ File တွေ စီထပ်ပြီးရင် ပြီးပြီ။ သူ ကော်ဖီသောက်ငေ့ကျခွက်တွေ ရေပန်ခွက်တွေ ပန်းကန်ပြားလေးတွေ ဆေးပြီးတာနဲ့ သူ့နားနေရမယ့်အလုပ်တွေ အကုန်ပြီးပြတ်ပြီမဟုတ်ပါ လား။

"ဟာ. . . လူကြီးက နှုတ်ဆက်တာတောင် မင်းပြန်နှုတ်ဆက် ဖော်မရပါလား။ ဘယ်လို Staff လဲကွ, ယုယမေ"

"မမောနင်းချင်ပါဘူး. . . ဦးဘုန်းနဲ့ လေများဖို့ အချိန်မှမရှိတာ၊ ဒီနေ့ မမကေသီက အစည်းအဝေးသွားတက်ရမှာလို့ပြောထားတော့ သူ့ ကို ကူလုပ်ပေးရမှာတွေ အများကြီးပဲ"

"လက်စသတ်တော့ ကိုယ့်လမင်းကို တိမ်ကွယ်နေတာကိုး။ ပြော ပါဦး. . .ဟိုချာတိတ်နဲ့ စိတ်ကောက်တာ ခုထိမပြေလည်သေးဘူးလား"

ကြည့်!. . . အနာကိုမှ လာဆွရတယ်လို့။ တဆိတ်ရှိ ယုမျက်နှာ သုန်သုန်မှုန်မှုန်ဖြစ်နေတာနဲ့ ညီနဲ့ပတ်သက်တဲ့ကိစ္စလို့ပဲ စွဲမှတ်နေတော့ တာလေ။ ဒေါသက ထောင်းခနဲဖြစ်သွားတာမို့ သူ့ကို စူးခနဲကြည့်လိုက် မိပါ၏။





"အား. . . Eye Power က ကိုယ့်ကို ပြာကျလုလုပဲ။ စက် ွင်းမှလွတ်ရဲ့လား"

"လာမစနဲ့နော်. . . အဲဒါ ယု Personsal ကိစ္စ၊ ဦးဘုန်းနဲ့မဆိုင် ဘူး, ဝင်မပြောနဲ့"

"Sorry...Sorry, မင်းစိတ်မပြေနေတာမှန်းမသိလို့ ပြောလိုက် တာပါ၊ ကိုယ့်ကိုတော့ လှည့်မရမ်းလိုက်ပါနဲ့ Please..."

စာအုပ်ထပ်ကို စားပွဲပေါ် ထပ်လိုက်မိစဉ် 'ဘုန်း'ခနဲ အသံမြည် သွားရလေ၏။ ယု, ရိုင်းသလိုဖြစ်သွားပြီလား. . . တကယ်ဆို ယုထက် အသက်လည်း အများကြီး,ကြီးပြီး ကုမ္ပဏီ GM လည်းဖြစ်တဲ့ ဦးဘုန်း ကို ဤသို့ရင့်သီး ရိုင်းပြတဲ့အပြုအမူမျိုး မလုပ်ပြသင့်တာ အမှန်ပါလေ။

နဂိုသိမ်မွေ့ပြီးသားလူမို့ အားနာ မျက်နှာပူရင်း နေရာမှာပင် ောင့်တောင့်ကြီးရပ်နေမိတော့သည်။ နေဦး. . . ဦးဘုန်းကို ဘယ်လို ောင်းပန်စကားနဲ့ပြောရမှာပါလိမ့်နော်။

"ဘာဖြစ်လဲ ယုယမေ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး. . . ဦးဘုန်းကို တောင်းပန်ချင်လို့ စကားလုံး ်နေတာ"

"တော်ပါသေးရဲ့, မျက်နှာလေး ဖွေးသွားလို့ ဘာများဖြစ်သွား

လဲဆိုပြီး စိုးရိမ်သွားတာ''

''ဟင်!. . . ယုမျက်နှာနီနေရာက ဖြူသွားတာကိုလည်း သူ မြင်တာပဲလား။ ဘယ်လိုကြီးလဲ. . . ယုကို ဒီလိုပဲ ဦးဘုန်း အချိန်တိုင်းကြည့်နေတာများလားဟု တွေးမိစဉ် ရင်ထဲ ဒိတ်ခနဲဖြစ်သွားရပါသည်။

''ယု,ရှိုင်းသွားတာကို ခွင့်လွှတ်ပေးပါ''

''သြော်. . . ရပါတယ် ယုယရဲ့၊ ကိုယ်က မင်းကို စိတ်မတို,တိုအောင် ချစ်စနိုး,စနေမိတာကိုး''

''ကဲ, အဲဒါ ချစ်စနိုးဦး''

''ဟာ!. . .''

ဖြန်း!ခနဲမြည်သံနှင့်အတူ ယုပါးတစ်ဖက် ထူပူကာ ပါးစပ်ထဲမှ ငံကျိကျိသွေးတို့ စုဝေးလာလေ၏။ ဘယ်အချိန် တံခါးဖွင့်သွားပြီး ဝင်လာမှန်းမသိသည့်အမျိုးသမီး၏ ဝင်းဝင်းတောက်မျက်လုံးများကို အံ့ဩမင်သက်စွာ အငေးသားကြည့်နေမိတာလေ။

ဘုရားရေ! ယုတော့. . . ယုတော့. . . ညီဝင်္ဂတွေ လည်ပြီထင်ပါရဲ့။ ညီကိုလည်း ဒီကုမ္ပဏီမှာတင် ယု ရိုက်မိခဲ့သလို ယုကိုပြန်ရိုက်တဲ့တန်ပြန်ရှင်က ပေါ်လာပါရောလားလေ။ '

''မင်းဘယ်လိုလုပ်လိုက်တာလဲ လေညင်း''





''ကိုကိုမြင်တဲ့အတိုင်းပဲလေ၊ လေညင်းတို့စေ့စပ်ပွဲကို ဖျက်အောင်ဖျက်တဲ့ ဒီကောင်မကို ဒီလိုမှမလုပ်ရင် ဘာလုပ်ရမှာလဲ''

'မင်းတော်တော်ရိုင်းပါလားကွ, ဟင်! ငါတို့ကိစ္စက ငါ့ဘက်ကစိတ်နဲ့ငါ ဆုံးဖြတ်လိုက်တာ။ ဒီကလေးနဲ့ဘာမှမဆိုင်ဘူး''

''ဆိုင်တယ်, ဆိုင်လို့ပြောနေတာပေါ့ ကိုကိုရဲ့၊ လေညင်းမဟုတ်ဘဲမိန်းကလေးတစ်ယောက်ကို ချစ်တဲ့စိတ်နဲ့ ကျီစယ်နေတာ ဟောဒီမျက်စိနဲ့ မြင်နေရတာပါ။ သူကြောင့်နဲ့ လေညင်းတို့စေ့စပ်ပွဲကို မဖျက်သိမ်းနိုင်ဘူး''

''တောက်! မင်း တော်တော်မှေ့တဲ့မိန်းမပါလား။ ငါနဲ့စစ်နိုင်ကြားထဲက သူငယ်ချင်းသံယောဇဉ်ကို ဝင်ရှုပ်ရုံနဲ့ မကျေနပ်သေးတဲ့အပြင် စစ်နိုင်ညီမလေးကိုပါ ကိုယ်ထိလက်ရောက်စော်ကားရတယ်လို့၊ ကေသီ, အဲဒီမှာဘာလုပ်နေတာလဲ၊ မြန်မြန်လာစမ်း! ''

''ဟင်! ''

အပြင်မှ ကေသီ့အပြင် စစ်နိုင်ပါ ရောက်လာတာမို့ ကိစ္စက အကြီးကြီးဖြစ်ပြီဟု သူ အတတ်သိလိုက်ပါသည်။ ယုယမော သူ့သန့်စင်ခန်းထဲသို့ ပြေးဝင်ကာ ပါးလုပ်ကျင်းတော့ ပါးစပ်ထဲမှ သွေးစိမ်းနီနီတို့ ဝေါခနဲလျှောကျသွားလေ၏။

"လေညင်း, ဘာလာလုပ်. . . ဟင်"

အခြေအနေကို ရိပ်မိသွားတာမို့ စစ်နိုင် မျက်နှာအကြီးအကျယ် ပျက်သလို ကေသီက ယုယရှိရာဆီ ပြေးဝင်သွားလေသည်။ သူတို့နှစ် ယောက်ကြားမှာ လေညင်း ရပ်နေသည်က ကျောက်ရုပ်တစ်ရုပ်နှယ် လေ။

"သူ့ကိုထိတာ ငါ့အသားကိုထိတာထက် ပိုနာတယ် လေညင်း သွဲ့ရဲ့"

"လေညင်းက. . . လေညင်းက. . ."

"မင်း ဒီလိုရှိုင်းရှိုင်းစိုင်းစိုင်းပြုမူဖို့ ဒီလိုလေယာဉ်စီးပြီး ရောက် လာတာလား. . . ဟုတ်လား"

"မဟုတ်ဘူး ကိုကို၊ မဟုတ်ဘူး"

"ခုမှရှင်းမနေနဲ့တော့၊ ပြီးတာက ပြီးနေပြီ၊ စစ်နိုင်ကို ငဲ့ညှာလို့ မင်းနဲ့ငါ့ကိစ္စကို အစက ငါဖျက်သိမ်းဖို့ပြောလိုက်တာ လေညင်းရဲ့။ ခု တော့ ဒီ့ထက်သေချာတာတစ်ခုကို မင်းသိအောင် ငါထပ်ပြောလိုက်ဦး မယ်။ မင်းဟာမင်း, စစ်နိုင်နဲ့ ညှိလို့ရမရ ငါစိတ်မဝင်စားတော့ဘူး အဲဒါ မင်းတို့ကဏ္ဍပဲ၊ ငါ့ကဏ္ဍကတော့ ယုယမေကို ငါချစ်တယ်။ အေး ငါသိပ်ချစ်တဲ့မိန်းကလေးကိုပဲ ဒီနှစ်ထဲ လက်ထပ်ဖြစ်အောင်ကို ငါကြိုး





စားပြမှာ. . . ဒါပဲ"

"ကိုကို"

"စစ်နိုင်, သူ့ကိုခေါ်သွားပေးပါ"

"GM...ကျွန်တော်. . ."

"နောက်ကိစ္စ နောက်မှကြည့်ရှင်းမယ် စစ်နိုင်၊ အေး, ခက်ထန် ဟကျော့တဲ့မိန်းမတစ်ယောက်ရဲ့လက်ထဲကို မင်းနှလုံးသား နောက်တစ် ကြိမ် ထပ်မပေးမိပါစေနဲ့လို့ ငါသတိပေးလိုက်ပါရဲ့"

သန့်စင်ခန်းအဝမှာ အသက်ရှူရပ်သလို ရပ်နေမိသည့်ယုယကို မမ ကေသီက ထွေးဖက်ထားလေ၏။ ကိုကိုခွဲခေါ်ရာဆီသို့ လေညင်းသွဲ့ ပါသွားစဉ် ယုအနီးသို့ ဦးဘုန်း ရောက်လာပါသည်။

ပြီးနောက် လက်ဝါးရာထင်နေသည့် ယုပါးပြင်ထက်သို့ လက် ဖွင့် ကရုဏာသက်စွာ ခပ်ဖွဖွထိကိုင်လိုက်လေ၏။

ဘာတွေဖြစ်ကုန်ပြီမှန်း ယု မသိတော့ပါလေ။



## အခန်း (၁၉)

Sunday ရုံးပိတ်ရက်မို့ အိမ်မှာ လူစုံရှိနေပါသည်။ ဒန်းပေါ်ဟ ခြေလွှဲစီးရင်း ငယ်လေး စာအံတာကို စစ်နေမိ၏။ နူတ်ထွက်စာ ဘင်ခဲ့ပြီးပြီ။ ကိုကိုရော ယုပါ အတူတူတင်ခဲ့တာကို လက်မခံပါဟု မမ ကာသီကပြောပေမယ့် ဒီ Monday ကမပြီး ကုမ္ပဏီမသွားဖို့ကို မောင် မနှစ်ယောက် တိုင်ပင်ဆုံးဖြတ်ပြီးပြီ။

အစမ်းခန့် သုံးလအတွင်းမို့ ယုက ဘာမှမဖြစ်ပေမယ့် ကိုကို Bond ထိုးထားတဲ့စာချုပ်ကိုလျော်ဖို့အတွက် ငွေငါးသိန်းကို ဖေဖေက ဘတ်ပေးမည်ဆို၍ ရင်အေးရပါ၏။ အခုတော့ ကိုညီထွဋ်ရဲ့သီချင်းထဲ ကလို 'အားလုံးပြီးဆုံးသွားပြီ ဇာတ်လမ်းလေး' ပဲပေါ့နော်။

**ရွှေပဒေသာစာပေ**

"ကောင်းကောင်းဆိုလေ, မထစ်စေနဲ့၊ စာမေးပွဲဖြေရင် စဉ်းစား ချိန်တောင် ရှိတာမဟုတ်ဘူး၊ ခေါင်းထဲက အစီအရီထွက်သမျှ လက် က ကျုံးရုန်းရေးရတာ၊ အချိန်လောက်တာဆိုလို့ အင်္ဂလိပ်တစ်ဘာသာ ပဲ ရှိတယ်မှတ်"

"အား. . . ဒီဝဋ်က မြန်မြန်ကျွတ်ချင်ပြီဗျာ"

"ဟွန်း! ခုမှ မနက်ဖြန် မြန်မာစာ စဖြေရမှာကို လက်နက်ချ ချင်နေပြီ"

သဒ္ဒါတွေဆိုပြီးပြီမို့ ခက်ဆစ်တွေဆိုရင် ပြန်နွေးမည့်ငယ်လေး လက်ထဲသို့ စာအုပ်ကိုထည့်ပေးတော့ ငယ်လေးက လက်နှစ်ဖက် ဆန့် ထောင်၍ သန်းလိုက်ပါသည်။ ယုတို့တုန်းကလည်း ဒီလိုပင်ပန်းခဲ့တာ ပါပဲ၊ တက္ကသိုလ်စာမေးပွဲကို ပေါ့ပေါ့ပါးပါးဖြေခဲ့ကြပေမယ့် ဒီဆယ်တန်း စာမေးပွဲက စိတ်ဖိစီးမှု တအားများရတာလေ။

"ကိုလတ်တော့ ထမင်းလည်းကောင်းကောင်းမစားဘဲ အိပ်ခန်း ထဲ လိုမ့်နေတယ်"

"စိတ်မဝင်စားဘူး. . . ကိုယ့်စာကိုယ်ကျက်စမ်းပါ"

"မမကလည်း တစ်ထစ်လောက်တော့ လျှော့ပေးလိုက်ပါလား ကွာ။ သူနဲ့ဟိုမိန်းမက ဘာမှမှမပတ်သက်တော့တာကို. . . နော်လို့"





"ငါစိတ်ကြီးတာ နင်သိပါတယ် ငယ်လေးရဲ့။ သူလုပ်တုန်းက ငါလည်း အလူးအလဲခံခဲ့ရတာပဲဟာ, နင်အသိဆုံးမဟုတ်လား။ သူ့ ကြောင့် ကျခဲ့ရတဲ့ငါ့မျက်ရည်တွေ ခုထိမခမ်းသေးဘူး။ မေတ္တာဆိုတာ ဒုးတတ်တဲ့အရာဟဲ့။ ငါမေတ္တာတွေကို နင့်အစ်ကို ကောင်းကောင်းကြီး ဒုးခံရလိမ့်မယ်။ လျှာထပ်မရှည်တော့နဲ့, တစ်ခါတည်းအကုန်ဆိုပြရမှာ နော်။ ထစ်လို့ကတော့ နားရွက်အပြတ်ပဲ"

ငယ်လေးက ဖက်လေးမှုကာ လျှာတစ်လစ်ဖြစ်သွားလေ၏။ ဒန်း ဘေးရှိ စားပွဲခုံလေးပေါ်သို့ အအေးနှစ်ခွက်နှင့် မုန့်ပန်းကန်ကို မိတူး လာချပေးသွားတော့ အာလူးကြော်နည်းနည်းကို ငယ်လေးနှိုက်စားလိုက် စဉ် ခြံထဲသို့ ကားတစ်စီး ဝင်လာလေသည်။ ဘုရားရေ! ဒါ. . . ဒါ GM ဦးဘုန်းမြတ်သူရဲ့ကားမဟုတ်လား။

"ဘယ်သူ့ကားလဲဟင် မမ"

"ဦးဘုန်း"

"ဟင်"

ကားထဲမှ အရင်ဆုံးဆင်းလာသည့်ဦးဘုန်းက ယုတို့ထိုင်နေရာ သို့ လက်လှမ်းပြလိုက်လေ၏။ တစ်ခါမှမမြင်ဖူးသည့် ပုဆိုးနဲ့တိုက်ပုံကို ဘူးဘူးဆန်းဆန်းဝတ်လာပါလေရောလား။ နောက်တံခါးမှ ဆင်းလာ

သည့်လူကြီးစုံတွဲနှစ်ဦးကို မြင်လိုက်ရစဉ် ယု အသက်ရှူရပ်သွားရလေတော့၏။ ဘုရားရေ!. . . ဦးဘုန်းတော့. . . သူ့စိမ်းချက်အတိုင်း အကောင်အထည်ဖော်တော့မှာပါလား။

"ကိုလတ်ကို သွားပြောမယ်"

"မပြောနဲ့"

တားလိုက်ပေမယ့် မမီလိုက်ပေ။ မိတူးက ကလေးပီပီ အိမ်ထဲကိုပြေးဝင်ပြီး သတင်းပို့ချေပြီ။ ဒန်းပေါ်မှထရပ်ကာ အငေးသားကြည့်နေသည့်ယုနားသို့ ဦးဘုန်းတို့ ရောက်လာတော့၏။

"ဦး. . . ဦးဘုန်း"

"လူကြီးတွေ ရှိကြတယ်မဟုတ်လား"

"ဟုတ်"

"စစ်နိုင်ရော"

"ရှိ. . . ရှိပါတယ်"

"သားပြောတာ သူလေးလား"

"ဟုတ်ပါတယ် မာမီ"

"ချစ်စရာလေးကွယ်"

အမယ်လေးနော်. . . အိမ်နေရင်း T-shirt နဲ့ ဂျင်းဘောင်းဘီ





Quater ကို ဖြစ်သလိုဝတ်ထားတဲ့ပုံစံကိုများ ချစ်စရာလေးတဲ့။ ဦးဘုန်းမျက်လုံးများက အရည်ကြည်လေးတွေ လဲ့နေသလို နှုတ်ခမ်းပါးတို့ အလိုလိုပြုံးနေတာလေ။

"ဝင်ကြရအောင်လေ၊ ကိုယ်တို့ကို အိမ်ထဲမဖိတ်ဘူးလား"

"ဦးဘုန်း. . . ဟိုလေ"

"လာပါ. . . ဝင်ကြစို့"

ယုလက်ကောက်ဝတ်ကို လှမ်းကိုင်ကာ ဆွဲခေါ်နေပြီမို့ ခြေလှမ်းရွှေ့လိုက်ရတော့၏။ အိမ်ရှင်ကို ဧည့်သည်က ပြန်ခေါ်နေတာ ပြောင်းပြန်ကြီးမဟုတ်လား။

"ဟော. . . ဧည့်သည်ဆိုလို့ ဘယ်သူတွေများလဲမှတ်တယ်၊ မောင်ဘုန်းမြတ်တို့မိသားစုဖြစ်နေတာကိုး။ အမေကြီးရေ့ အဲဒါ ကိုမြင့်မြတ်နဲ့ မဒေဝီတဲ့။ ကိုယ်တို့လောကရဲ့ နာမည်ကြီးတွေပဲ"

"ဟာဗျာ. . . မဟုတ်တာပြောတော့မယ် ကိုနိုင်ကျော်ရယ်"

"ကြွကြပါရှင်. . . ထိုင်ကြပါ"

ကဲ, ဧည့်ခန်းထဲတော့ ရောက်လာပြီ။ ရှေ့ဆက်ဘာပြောကြမှာလဲ။ လှေကားမှဆင်းလာသည့်ကိုကိုက ဦးဘုန်းတို့ကိုမြင်လျှင် မျက်လုံးပြူးသွားလေ၏။ ယုကိုလှမ်းကြည့်လိုက်စဉ် ခေါင်းကိုသာ အမြန်ခါပြ

လိုက်မိပါသည်။

"သားလည်း လာထိုင်လေ"

"ယု တစ်ခုခုလုပ်ပေးဖို့. . ."

"မလုပ်နဲ့လေ, ပြောစရာရှိလို့ လာခဲ့တာ၊ စားချင်သောက်ချင်လို့မှမဟုတ်တာဘဲ။ လာ, ထိုင်"

ယုလက်ဖျားကို တရင်းတနှီးကြီး လှမ်းကိုင်လိုက်သည့်ဦးဘုန်းလက်ဆီသို့ ကိုကို့မျက်လုံးတွေ ရောက်သွားလေ၏။ ဦးဘုန်းက မမြင်ချင်ယောင်ဆောင်လျက် သူ့နံ့ဘေးရှိခုံထက်မှာ ယုကိုထိုင်ခိုင်းလိုက်ပါသည်။

အမယ်လေးနော်. . . ဇာချွေးတွေတောင် ပျံလာသလိုလိုပါပဲ။ ကုမ္ပဏီမှာတုန်းက လေညင်းသွဲ့ကို ဖြတ်ချင်စိတ်နဲ့ ယုကိုခုတုံးလုပ်ပြီး ပြောခဲ့တယ်လို့ထင်ထားခဲ့တာ၊ အခုလို လူကြီးစုံရာနဲ့ ရောက်လာလိမ့်မယ်လို့ ဘယ်ထင်ထားပါ့မလဲ။ ခက်ပါ့ ဦးဘုန်းမြတ်သူ။

"ကိုစွက. . ."

"သမီးလာတောင်းတာပဲ ကိုနိုင်ကျော်ရေ့"

"ဟင်!"

"ပွင့်ပွင့်လင်းလင်းပဲပြောပါရစေ. . . သားကို မိန်းကလေးတစ်





ယောက်နဲ့ စေ့စပ်ထားဖူးပါတယ်။ အဲဒီကလေးမက ကျွန်တော်တို့သား
ကိုနိုင်ကျော်တို့ရဲ့သားကြားမှာ ဖယားရှုပ်တာနဲ့ စေ့စပ်ကြောင်းလမ်း
င်းကို ဟိုတစ်လောကပဲ ဖျက်သိမ်းခဲ့တာပါ"

"ဪ"

"အဲဒါ, သားက ကိုနိုင်ကျော့်သမီးကို မြင်မြင်ချင်း မေတ္တာသက်
င်မိတယ်ဆိုတာနဲ့ အခုလို လာရောက်မြန်းရခြင်းပဲဗျို့"

အားလုံး အံ့ဩ မင်သက်စွာရှိနေစဉ် အိမ်ရှေ့သို့ အပြေးရောက်
ာသည်က ညီညီဇော်ရယ်လေ။ ဖယ်လေး, ပေးလိုက်တဲ့သတင်းက
မှန်ပဲဖြစ်နေပါလား။

"ကျွန်တော် သဘောမတူဘူး"

"အလတ်!. . ."

"ယုက ကျွန်တော့်ချစ်သူပါ၊ မွေးလာကတည်းက ကျွန်တော်နဲ့
က်ထပ်ဖို့ သဘောတူထားတဲ့ဖူးစာရှင်ပါ။ ကျွန်တော်ကလွဲပြီး ယုကို
ယ်သူနဲ့မှ လက်ထပ်ခွင့်မရှိဘူး"

အလိုလေး!. . . ဒီမှာ ဘာမှတောင် ဟုတ်တိပတ်တိမပြောရသေး
င် အခုလို ပေါက်ကွဲတကြီး လာပြောရတယ်လို့ ညီရယ်။ လူကြီးတွေ
မျက်နှာကိုတော့ ထောက်ထား ရှိသေသင့်တာမဟုတ်လား။

"နောက်မှလာခဲ့ပါ အလတ်၊ ဒီမှာ ညှိသည်တွေ. . ."

"မရဘူး၊ ကိုနိုင်တို့တစ်မိသားစုလုံး ယုနဲ့ကျွန်တော့်ကို သဘောတူထားခဲ့ကြတာကို မမေ့လိုက်ပါနဲ့ဗျ။ ကျွန်တော်ချစ်တဲ့သူကို ဘယ်သူ့လက်ထဲမှ မထည့်ပေးနိုင်ဘူး"

"တော်တော့ ညီ၊ နင်ပြန်တော့"

"မပြန်ဘူး!. . . နင် ငါ့ကိုမနှင်ပါနဲ့၊ နင့်ဘဝထဲကနေလည်း မနှင်ပါနဲ့၊ နင့်ရင်ထဲကလည်း မနှင်ပါနဲ့။ နင့်အပေါ် ငါရင်နင့်အောင် ချစ်ခဲ့တဲ့ ငါ့ချစ်ခြင်းတွေကို နင်ပြန်လှည့်ကြည့်ပါဦး ယုရဲ့။ ခြေတစ်လှမ်းလေး မှားခဲ့မိတဲ့အပြစ်အတွက်နဲ့ ငါ့ရင်ကို. . . ငါ့ရင်ကို၊ ဟက်တက်ကြီးကွဲအောင် နင်မခွဲလိုက်ပါနဲ့ကွာ။ ငါတောင်းပန်ပါတယ်. . . နင်စိတ်ပြေအောင် ဘယ်လိုနည်းနဲ့ ငါတောင်းပန်မှ နင်ပြေမှာလဲ ယုရယ်. . . ဟင်"

မျက်နှာပူစရာကောင်းလိုက်တာနော်၊ လူကြီးတွေရှေ့မှာ ပြောရပြေကြောင်းပြောပြလိုက်ရင် ပြေလည်သွားနိုင်ပေမယ့် သူ ဒီလိုလာလုပ်တာက ယုကိုအရှက်ရစေတာမဟုတ်ပါလား။

နင်ဘယ်လိုလူလဲ ညီညီဇော်၊ ငါ့နှလုံးသားကို မွှေနှောက်ချေ ရုံမက ငါ့ဘဝ၊ ငါ့သိက္ခာ၊ ငါ့အရှက်ကိုပါ လူပုံအလယ် မဖော်ရဲအောင် နင်လုပ်လိုက်ပြန်ပါရောလား။





ဘယ်အချိန်ထိ ဒီလိုနောက်ယှက်နေဦးမှာလဲ ညီ။ ဒီဘဝမှာ ငါ အသက်ရှင်နေသမျှ နင် ဒီလိုပဲဒုက္ခပေးနေဦးမယ်ဆိုရင် ငါသေဖို့ပဲ ပြင်ဘော့ပါမယ်။ နင့်ရင်ထဲ၊ နင့်ဘဝထဲကပါမက ဒီလောကထဲကပါ ငါ ပျောက်ကွယ်သွားချင်တာအမှန်ပဲ ညီ။

"နင့်ကို ပြန်တော့လို့ ငါပြောနေတယ်နော်"

ခုံမှဖျတ်ခနဲထကာ သူ့ဆီသို့လျှောက်လာခဲ့၏။ ယု လက်ညှိုးထိုး နှိန်းနေသည်ကို စိုက်ကြည့်နေသည်မှ အကြာကြီးပင်။

"မကြားဘူးလား. . . နင်ပြန်တော့လို့ဆို"

"မပြန်ဘူး. . . နင်မပါဘဲ ငါဘယ်ကိုမှမသွားဘူး ယု"

"တောက်!. . ."

"လာ. . . ငါနဲ့လိုက်ခဲ့တော့"

"ဟယ်"

"အို"

"အလတ်"

အာမေဋိတ်သံတွေ ပြိုင်တူထွက်လာသလို သူဆွဲခေါ်ရာဆီ ရုန်း ကန် ပါလာသည့်ယုနောက်သို့ ဦးဘုန်း အပြေးလိုက်လာပါ၏။ အိမ် ရှေ့အရောက်မှာ ယုလက်မောင်းတစ်ဖက်ကို ဦးဘုန်း အချိန်မီဆွဲထား

နိုင်၍ တော်ပါသေးသည်လေ။

"လွှတ်စမ်း!. . . လွှတ်လို့ ငါပြောနေတယ်နော်"

"နင်လိုက်ခဲ့"

"မလိုက်နိုင်ဘူး။ အဲဒါတွေကြောင့် နင့်ကို ငါမုန်းတာ"

"ဟာ!. . ."

"နင်က ဘယ်တော့မဆို ငါပြောသမျှကို နားစိုက်ထောင် လက်ခံခဲ့တာမျိုးမှမရှိခဲ့ဘဲ ညီညီဇော်။ နင်လုပ်ချင်တာ နင်ဖြစ်ချင်တာကိုပဲ ဇွတ်လုပ်တတ်ခဲ့တာ။ အဲဒါ ငါ့ကိုချစ်တာမဟုတ်ဘူး. . . နင့်ကိုယ်နင် ချစ်တာဟဲ့ ညီညီဇော်ရဲ့"

"ယုယ. . . ငါ. . ."

"ဘာလဲ. . . မှားပြန်ပြီဆိုပြီး ငါ့ကိုတောင်းပန်ဦးမလို့လား။ တော်ပါပြီ ညီညီဇော်၊ နင့်ကိုသည်းခံခွင့်လွှတ်နိုင်မယ့် သံယောဇဉ်လည်း ကုန်နေပါပြီ။ ငါ့အပေါ်ချစ်ရှာသားပဲဆိုတဲ့ ချစ်ခြင်းတွေလည်း အကုန်လုံး တစ်စက်မှမကျန်တော့ပါဘူး။ မုန်းတယ်. . . နင့်ကိုငါမုန်းတယ်၊ ငါ့အပေါ် ကတိမတည်၊ သစ္စာမရှိတဲ့အတွက် ငါမုန်းတယ်၊ ငါ့ဘဝ၊ ငါ့ဂုဏ်သိက္ခာ ငါ့အရှက်တရားကို လာနှောက်ယှက်တဲ့အတွက် ဘဝဆက်တိုင်း နင့်ကို ငါသိပ်မုန်းတယ်။ ခါးခါးသည်းသည်းကို မုန်းတယ်ဟဲ့"





"ယုယမေ"

"အလတ်"

"ညီညီဇော်. . . နေဦး"

အမြင်တွေဝေဝါးကာ ယု ချုံးပွဲချ ငိုကြွေးလိုက်မိစဉ် ယုတို့မြင်ကွင်းထဲမှ သူပျောက်ကွယ်သွားလေ၏။ ရင်နာတယ်ဆိုတာ အချစ်ကြီးချစ်တတ်ကြတဲ့သူတွေအတွက် ခံစားရတဲ့ ခံစားချက်တစ်မျိုးပါ။

ဒါကြောင့်လည်း ညီ့အပေါ်မှာ **'ရင်နင့်အောင်မှူ'** ချစ်မိတဲ့ဇာတ်နဲ့ ရင်ကွဲလုမျှ ယု ငိုကျွေးနေတာမို့ မတားကြပါနဲ့တော့နော်။

'မုန်းတယ်'တဲ့၊ 'ခါးခါးသည်းသည်းကိုမုန်းတယ်' တဲ့။ 'ဘဝဆက်တိုင်း မုန်းတယ်' တဲ့လား။ ကျိန်စာလေလား ယုရယ်။ နောက်ဘဝကူးသွားရင်တောင် ငါစိတ်မဖြောင့်အောင် နင် ကျိန်စာတိုက်လိုက်ပြီလား။

ဟုတ်ပါတယ်. . . ငါက နင့်ချစ်ခြင်းတွေနဲ့ မထိုက်တန်တဲ့သူပါ။ နင့်အမုန်းတွေကိုသာ ရသင့်တဲ့လူပါပဲ။ နင်ပေးခဲ့တဲ့မေတ္တာတွေကို အစူး

ကြီးစူးထိုက်တဲ့လူပါ ယုရယ်။

ချိုမြိန်တဲ့အနမ်းတွေထက် အမုန်းရိုက်ချက်က ပါးပြင်တင်မက ရင်ထဲကို ထိုးစိုက်စူးနစ်စေတဲ့မြားအစင်းပေါင်း တစ်ထောင်မက, အဆိပ်ပြင်းလွန်းပါတယ်။

တကယ်ပါ ယုရယ်၊ နင့်မေတ္တာတွေအားလုံးဟာ ငါ့နှလုံးသားကို တကယ်ပဲ အဆိပ်သင့်စေခဲ့တာအမှန်ပါ။

မချစ်တော့ဘူးဆိုရင်တောင်မှ ချစ်လာအောင် (ပြန်ပြီးစိတ်လည်လာအောင်) နည်းမျိုးစုံသုံးပြီး ငါလုပ်လို့ရကောင်း ရနိုင်ပါသေးတယ်။ အခုတော့. . . အခုတော့. . . မုန်းတယ်ဆိုတဲ့စကားတစ်လုံးရဲ့နောက်မှာ ငါ သေခဲ့ရပါပြီ။

လောကမှာ သစ္စာပျက်လို့ မေတ္တာပျယ်ပြီး အမုန်းနွံထဲမှာ နစ်ပြီး သေသွားတဲ့ယောကျ်ားတစ်ယောက်ကိုပြပါဆိုရင် ငါ့ဆီကိုသာ လက်ညှိုးထိုးလိုက်ပါတော့ ယုရယ်။

မုန်းပါ. . . မုန်းသာမုန်းလိုက်ပါ။ ဒီဘဝမှာပင်မက ဘဝဆက်တိုင်း နင့်အမုန်းတွေကြောင့် နင်သတ်လို့သေသွားတဲ့ တစ်ချိန်က နင့်ချစ်သူလေးကို အမြဲတမ်းမျက်ကွယ်ပြုသွားနိုင်ပါစေ။

ဘဝကို လက်တွဲဖော်အဖြစ် ရှေ့ဆင့်နောက်ဆင့်ရောက်လာပြီး





လူဖြစ်ခွင့်ရခဲ့ပါလျက်၊ နှစ်ကိုယ်တူ သံစဉ်နှောပြီး ချစ်ရည်လူးခွင့်ရခဲ့ပါလျက်၊ အချစ်ဦးရဲ့ အနမ်းဖူးနဲ့ ပျော်ဝင် နစ်မျောခွင့်ရခဲ့ပါလျက်နဲ့ ဒါတွေကို တန်ဖိုးမထားတတ်ခဲ့တဲ့ ငါ့အတွက် နင်ပေးလိုက်တဲ့လက်ဆောင်က အရမ်းကိုမျှတလွန်းပါတယ်လေ။

"တီ!. . ."

နားထဲမှာ ကားဟွန်းသံလိုလို ကြားလိုက်ရစဉ် သူ့တစ်ကိုယ်လုံး မြောက်တက်သွားလေ၏။ နာကျင်မှုတို့နှင့်ကြုံရစဉ် အမြင်တွေထဲမှာ မြင်လိုက်ရသည်က မျက်နှာလေးတစ်ခုရယ်ပါ။

ကားလမ်းမကြီးထက် အပြေးအလွှားရောက်လာကြသည့်လူသံတွေကို သဲ့သဲ့မျှကြားလိုက်ရစဉ် 'ငါ့မေတ္တာ စူးစေရမယ်' လို့ပြောလိုက်သည့် ယုအသံလေးကိုသာ ခပ်တိုးတိုးလေး ကြားယောင်လိုက်တာသာ နောက်ဆုံးဖြစ်လေ၏။

ကိုယ်. . . မင်းလက်စားချေတာကို ခံယူဖို့ နောက်ဘဝက စောင့်နေပါ့မယ်လေ။

"ရင်နင့်အောင်မျှ"

ချစ်သူ...
မာနရှင်ရဲ့လက်ဖဝါးထက်
အသက်ရှသံပြင်းပြင်းကြားမှာ
အောင့်သက်သက်နဲ့
အသက်ရှင်သန်ခဲ့ရတဲ့သူပါ...
ကယ်တင်ရှင်လို့ထင်ပြီး
နိုဝင်ခဲ့မိတဲ့
နလုံးသားတစ်စုံမှာ
အမုန်းတွေ မွှမ်းမံထားမှန်းလည်း
မသိခဲ့ရိုးအမှန်ပါလေ...
နေပြင်းပြင်းအောက်မှာ
တိုက်ခတ်လာတဲ့လေပူတွေကြောင့်
နိုလုံ့ခွင့်ရခဲ့တဲ့အပင်ဟာလည်း
အရိပ်မဲ့နေခဲ့ရပြန်တယ်...



လေးစားလျက်...

8th July 2011
PM 12:45